# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုး ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ် မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 14 January 2017 (၈၈၀၆)


## ရခိုင်ပြည်နယ်အတွက် ထိုင်းအစိုးရက လှူဒါန်းသည့်အလှူငွေများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လက်ခံ

## ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများအတွက် ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ နှစ်သိန်းကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဖီစနု ဆူဗန် နာဂုတာက ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ လာရောက်လှူဒါန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က လက်ခံသည်။

**လွှဲပြောင်းပေးအပ်သွားမည်**

အဆိုပါလှူဒါန်းငွေများကို လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် အတွက် ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာငွေစာရင်းသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ထိုင်းအစိုးရလှူဒါန်းသည့် အမေရိကန်ဒေါ်လာ နှစ်သိန်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်ခံစဉ်။**

(သတင်းစဉ်)

## ရန်ကုန်မြို့ ဘတ်စ်ကားစနစ်သစ် ပြေးဆွဲရာတွင် ပါဝင်ကူညီမည့် စေတနာ့ဝန်ထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့တော်၏ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍ၌ ဘတ်စ်ကားပြေးဆွဲမှု စနစ်သစ်စတင်ရာတွင် အများပြည်သူ ခရီးသွားများအား ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။

ရန်ကုန်မြို့၏ ဘတ်စ်ကားပြေးဆွဲမှုစတင်မည့် ဇန်နဝါရီ ၁၆ ရက်တွင် ဘတ်စ်ကားစီး ခရီးသည်များ အခက်အခဲကြုံတွေ့လာပါက ကူညီဆောင်ရွက်ပေးကြမည့် စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တိုင်းဒေသကြီးလွှတ်တော် ရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြို့ပြပို့ဆောင်ရေးလုပ်ငန်း များ ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေးစနစ်၊ စေတနာ့ဝန်ထမ်းများ ပါဝင် ကူညီပေးရမည့် အခန်းကဏ္ဍများအပေါ် ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

"စေတနာ့ဝန်ထမ်းတွေအနေနဲ့ ခရီးသည်တွေကို ကူညီပေးရမယ့်အပိုင်းတွေ ဆွေးနွေးတာပါ။ ရန်ကုန်ရဲ့ ဘတ်စ်ကားလိုင်းတွေကလည်း ပြောင်းသင့်နေပြီလေ။ စစချင်းတော့ အခက်အခဲတွေရှိမှာပါ။ ဒါတွေကို စေတနာ့ ဝန်ထမ်းတွေအပြင် အားလုံးက ပါဝင်ဆောင်ရွက်သွားရမှာ ပေါ့။ အရင်ပုံစံကြီးကို ကြိုက်မှ မကြိုက်ကြတာ။ စေတနာ့ ဝန်ထမ်းတွေကလည်း အခုဆို အလွန်တက်ကြွနေပါတယ်" ဟု စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီမည့် ရန်ကုန်စီးပွား ရေးတက္ကသိုလ် ကျောင်းသူတစ်ဦးက ပြောသည်။

စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီမည့်သူများတွင် လူမှုအခြေပြု

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ✱**

**ရန်ကုန်မြို့အခြေစိုက် ကုမ္ပဏီအချို့ကလည်း ရုံးတက်ချိန် ယာဉ်ပြောင်းလဲ ပေးကာ ပူးပေါင်းကူညီကြပြီး ကုမ္ပဏီအချို့ ယာဉ်ပိုင်ရှင် အချို့ကလည်း ၎င်းတို့၏ ယာဉ်များဖြင့် ခရီးသွားများကို ကူညီပို့ဆောင်ပေးသွားမည်**

## မြန်မာနိုင်ငံနဲ့ ယူကရိန်းနိုင်ငံတို့အကြားမှာ အလွန်ကိုကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်

ပါဗလိုကလင်းကင်
(ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး)

စာမျက်နှာ » ၇




ကြေးမုံ

# စစ်မှန်သည့် လူ့အဖွဲ့အစည်း

ဤကမ္ဘာတွင် လူသားအစကတည်းက လူ့အဖွဲ့အစည်းဖြင့်သာ မိမိတို့၏ ဘဝကို ထိန်းကျောင်း၍နေထိုင်ခဲ့ကြသည့် သမိုင်းမှတ်တမ်းရှိသည်။ ကွဲပြားခြားနားသော အခြေအနေအမျိုးမျိုးဖြင့် အသီးသီးဖြစ်ပေါ်လာကြသော လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိတို့၏ လူနေမှုဘဝနှင့်လျော်ညီသော လူ့အဖွဲ့အစည်းအသီးသီးကို ဖွဲ့စည်းခဲ့ကြသည်။

အဆိုပါ လူ့အဖွဲ့အစည်းသည် ၎င်းတို့၏ ဘောင်အတွင်း၌ပင် ၎င်းတို့၏စားဝတ်နေရေးနှင့်တကွ ဘာသာစကား၊ အယူဝါဒ၊ ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုစသည်ဖြင့် လူမှုအရေးအရာများ ဖြစ်ပေါ်လာသည်။ ထို့နောက် ထိုအရေးအရာများကို လုပ်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ ထိုလူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာသော ပဋိပက္ခများကို ထိန်းသိမ်းကွပ်ကဲဖြေရှင်းပေးနိုင်ရန်အတွက်လည်းကောင်း စီမံအုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းရှိလာသည်။

တည်တည်တံ့တံ့ စုစုစည်းစည်းနေထိုင်လာကြသော လူမျိုးစုသို့မဟုတ် လူပေါင်းစု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်၏ အချုပ်အခြာအာဏာ လွှမ်းတည်ရာ၊ ပျံ့နှံ့ရာဒေသကို ပထဝီဝင်နယ်နိမိတ်အရ သတ်မှတ်ထားသည့်အခါ ထိုနယ်မြေဒေသအား တိုင်းပြည် သို့မဟုတ် နိုင်ငံဟုခေါ်ကြသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ တိုင်းပြည်တည်းဟူသော ပထဝီဝင်ဒေသနှင့် နိုင်ငံတော်အာဏာတည်းဟူသော အချုပ်အခြာအာဏာတို့ ပေါင်းစပ်ဖြစ်တည်လာသည်။

လူသည် လူ၏အဖြစ်ကိုရကတည်းက လူ့အဖွဲ့အစည်းတွင် ပါဝင်နေထိုင်လာကြပြီးနောက် ကျယ်ပြန့်သည့် ပထဝီဝင်နယ်မြေဒေသများအတွင်း လူမျိုးတစ်မျိုးတည်း ရပ်တည်နေထိုင်ခြင်းမရှိဘဲ လူမျိုးပေါင်းစုံစုစည်းနေထိုင်လာကြသည်။ မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုနိုင်ငံတိုင်း၌ ထိုအစုအဖွဲ့ကို မြင်တွေ့နေရသည်။ ထိုလူ့အဖွဲ့အစည်းသည် ၎င်းတို့၏ ဘဝကံကြမ္မာကို ဖန်တီးအပ်သော နိုင်ငံ့အရေး၊ နိုင်ငံရေးတွင် မဖြစ်မနေပါဝင်ကြရသည်။


ထိုနိုင်ငံ့အရေး၊ ထိုလူ့အဖွဲ့အစည်းအရေးကို ထိုလူ့အဖွဲ့အစည်း၏ အချုပ်အခြာအာဏာဘောင်အတွင်း စီမံခန့်ခွဲ၊ ဖြေရှင်းဆောင်ရွက်ကြရသည်။ ထိုလူ့အဖွဲ့အစည်းအရေးကို အခြားလူ့အဖွဲ့အစည်းတစ်ခုခုက ဖြေရှင်းဆောင်ရွက်ခြင်းငှာ မစွမ်းသာချေ။ ပါဝင်စွက်ဖက်ခြင်းလည်း မပြုသင့်ချေ။ ပါဝင်စွက်ဖက်မည်ဆိုပါက မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မိမိကြမ္မာ မိမိဖန်တီးနိုင်ခွင့်အရေးသည် လူ့အဖွဲ့အစည်းတိုင်းတွင် ရှိနေသောကြောင့်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် လူမျိုးပေါင်းစုံစုစည်းနေထိုင်ကြသော နိုင်ငံများသာ အများစုရှိသည်။ ထိုနိုင်ငံရှိ လူမျိုးပေါင်းစုံတို့သည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာနေထိုင်ခွင့်ရှိကြသော်လည်း ထိုနိုင်ငံ၏ နိုင်ငံတော်အာဏာ သို့မဟုတ် အချုပ်အခြာအာဏာဘောင် တစ်ခုအတွင်းမှာသာ အရေးအရာများကို ဆောင်ရွက်ကြရသည်။ ဖြေရှင်းကြရသည်။

တိုင်းပြည်သည် ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းထားမှု ပုံသဏ္ဌာန်ဖြစ်ပြီး နိုင်ငံတော်သည် စိတ်ပိုင်းဆိုင်ရာဖွဲ့စည်းထားမှု ပုံသဏ္ဌာန်ဖြစ်သည်။ တိုင်းပြည်နှင့် နိုင်ငံတော်သည် အညမညဆက်စပ်ဖြစ်တည်နေသည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာတည်းဟူသော ဖွဲ့စည်းမှုတို့ အချိုးညီသဟဇာတဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းအတွင်း မှီတင်းနေထိုင်ကြသော လူအပေါင်းတို့သည် မိမိလူ့အဖွဲ့အစည်းကို ဖြစ်တည်စေသည့် သဘောတရားကို သိသင့်သည်။ မိမိတိုင်းပြည်နှင့်နိုင်ငံတော်ကို လေးစားရမည်။ နားလည်ရမည်။ ဤတိုင်းပြည်၊ ဤနိုင်ငံ၏ နိုင်ငံရေးအဓိပ္ပာယ်ကို လူတိုင်းလူတိုင်း သိဖို့လိုသည်။ တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံရေးများကို လေ့လာသုံးသပ်ဆင်ခြင်အပ်ဖို့လိုသည်။ ရှောင်သင့်သည်ကိုရှောင်၊ ဆောင်သင့်သည်တို့ကို ဆောင်အပ်သည်။ လိုက်နာသင့်သည်တို့ကို လိုက်နာအပ်သည်။

သို့မှသာ စစ်မှန်သောလူ့အဖွဲ့အစည်းအဖြစ် ဖြစ်တည်ပြီး နောင်လာနောက်သားများအား ကောင်းသောအမွေအနှစ်များကို လက်ဆင့်ကမ်း ဆက်လက်ပေးဝေနိုင်ပါမည်။ ။




## မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဖျာပုံ ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအား မီးစနစ်တကျသုံးစွဲတတ်စေရေးနှင့် ကြိုတင်ကာကွယ်နိုင်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက နိုင်နင်းစွာငြိမ်းသတ်တတ်စေရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲအား ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်မင်းနှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် သရုပ်ပြလေ့ကျင့်မှုများ လက်တွေ့ပြသခဲ့ပြီး ခရိုင်နှင့်မြို့နယ် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား လိုက်လံစစ်ဆေး၍ မီးဘေးအသိရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

**(ဝဇဖ)**

**မီးဘေးရှောင်**
**မလောင်ခင်တား**

## စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဆက်သွယ်ရေးကဏ္ဍတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲသွားနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများ အပါအဝင် ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများမှ ဈေးနှုန်းသင့်တင့်သော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်ကြိုက်ရွေးချယ် အသုံးပြုခွင့်ရရှိရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ နိုင်ငံလူဦးရေနှင့် အကျယ်အဝန်းစသည့် အချက်အလက်များအပေါ် မူတည်၍ ဆက်သွယ်ရေးအော်ပရေတာလေးခုဖြင့် ဆောင်ရွက်သွားရန် နိုင်ငံတော်မှ မူဝါဒများချမှတ်ပေးခဲ့ပြီးဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါမူဝါဒများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန် ပြည်ပအော်ပရေတာ နှစ်ခုဖြစ်သည့် Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အားလည်းကောင်း၊ ပြည်တွင်းအော်ပရေတာအဖြစ် ယခင် နိုင်ငံတော်ပိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေး ဂျပန်နိုင်ငံမှ KDDI နှင့် ပူးပေါင်း၍ Joint Operation လုပ်ငန်းအဖြစ် ပူးပေါင်း၍လည်းကောင်း၊ National WideTelecommunication လိုင်စင်များထုတ်ပေး၍ ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင် ဆောင်ရွက်စေခဲ့ပြီးဖြစ်သည်။

ယခုအခါ ဆက်သွယ်ရေးအော်ပရေတာသုံးခုဖြင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးနေရာမှ စတုတ္ထမြောက် အော်ပရေတာဖြစ်သည့် Myanmar National Tele & Communications Co.Ltd.အား ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက ပြည်ထောင်စုအစိုးရ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များနှင့်အညီ မိုဘိုင်းအော်ပရေတာလေးဦး ရွေးချယ်ဆောင်ရွက်သွားရန် ၂၀၁၃ ခုနှစ်ကတည်းကပင် မူဝါဒချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ စတုတ္ထမြောက် အော်ပရေတာလိုင်စင်ရရှိသူ ကုမ္ပဏီအနေဖြင့်လည်း တိုးတက်လာသော ဆက်သွယ်ရေးနည်းပညာများနှင့်အညီ မြို့ပြမှ ကျေးလက်ဒေသ ဝေးလံခေါင်ဖျားအထိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အခြေခံလူမှုဘဝလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်ကဏ္ဍများ၏ လိုအပ်ချက်များအား ဆက်သွယ်ရေးအော်ပရေတာများအားလုံးမှ ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက စတုတ္ထမြောက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း National Telecommunications Licence အား Myanmar National Tele & Communications Co.Ltd.သို့ ပေးအပ်ရာ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လက်ခံရယူသည်။

အဆိုပါကုမ္ပဏီမှာ ပြည်တွင်းကုမ္ပဏီများ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmar National Telecommunications Holdings Company မှ အစုရှယ်ယာ ၂၈ ရာခိုင်နှုန်းတို့ ပူးပေါင်း၍ ပြည်တွင်းအစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ဗီယက်နမ်နိုင်ငံ Viettel Global Investment Joint Stock Company မှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှဲ့သင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# မြန်မာ-ချက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၃**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့်နိုင်ငံများ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E.Mr.Martin Tlapa နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ချက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေသို့ ပြည်သူများငွေသားဖြင့် ထည့်ဝင်လှူဒါန်းနိုင်ရေး

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ၁၀-၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၁/၂၀၁၇)ဖြင့် ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းစဉ်များတွင် ပြည်သူများ၏ ပါဝင်မှုရရှိစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲ ငွေစုဘဏ်စာရင်း SF-004048 သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း ၁၁-၁-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းမှုများကို ဝမ်းမြောက်ဖွယ်လက်ခံရရှိလျက်ရှိပါသည်။

၃။ ငွေသားဖြင့်လှူဒါန်းလိုသူများ ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲ စာရင်းရှင်ငွေစာရင်း CF-003434 ကို ဖွင့်လှစ်ထားရှိပြီး ယင်းငွေစာရင်းသို့လည်း ငွေသားဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ်တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်မောင်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ပထမအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**
ပထမအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ ဦးဆောင်သည့်အဖွဲ့နှင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့် နိုင်ငံများ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa ဦးဆောင်သည့် အဖွဲ့တို့တက်ရောက်ကြပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**
အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉)ကို ဇန်နဝါရီ ၂၈ ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်း အမှတ်(၂၂၈-၂၄၀)ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)နေ့တို့ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ သုံးလခွဲကြာမြင့်မည်ဖြစ်သည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်မှု သီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ အစရှိသည့်ဘာသာရပ်များကို ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချကြမည်ဖြစ်ပြီး ဟောပြောပွဲများနှင့် လေ့လာရေးခရီးစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မစ္စ ရန်ဟီလီနှင့်အဖွဲ့ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၃**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်) (NRPC)သို့ သွားရောက်၍ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မစ္စ ရန်ဟီလီက ငြိမ်းချမ်းရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ကော်မရှင်၏ဆောင်ရွက်ချက်များအပေါ် သိရှိလိုသည်များကိုမေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ ပြစ်ဒဏ်ကျခံနေရသူ တစ်ဦးနှင့် တရားရုံး၌ တရားရင်ဆိုင်နေရသူနှစ်ဦးတို့အား သီးခြားတွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**သတင်း-ဇော်ကြီး(ပဏ္ဏိတ)**
**ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အမေရိကန်၏ မဟာမိတ်နိုင်ငံများအဖြစ် ဂုဏ်ယူ

**မနီလာ ဇန်နဝါရီ ၁၃**

ဖိလစ်ပိုင်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့နှစ်နိုင်ငံသည် အမေရိကန်နိုင်ငံကို အရင်းခံပြီး အပြန်အလှန်မဟာမိတ်ဖွဲ့သည့် နိုင်ငံများဖြစ်သည့်အတွက် အလွန်ပင်ဂုဏ်ယူပါကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သမ္မတဒူတာတေးတို့သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် သမ္မတရာထူးတာဝန်များကို စတင်မထမ်းရွက်မီ ရက်သတ္တ တစ်ပတ်အလိုတွင် တွေ့ဆုံခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၃ ရက်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဇနီးတို့သည် နိုင်ငံ၏ တောင်ဘက်ပိုင်း ဒါဗိုမြို့ရှိ ဖိလစ်ပိုင်သမ္မတ အိမ်တော်သို့ သွားရောက်ကာ သမ္မတဒူတာတေးနှင့်အတူ နံနက်စာသုံးဆောင်ခဲ့သည်။

ထို့နောက် ခေါင်းဆောင်နှစ်ဦးတို့သည် ဟိုတယ်တစ်ခု၌ကျင်းပသည့် အစည်းအဝေး



ပွဲသို့ တက်ရောက်ခဲ့သည်။ နှစ်နိုင်ငံဒေသတွင်းဆိုင်ရာကိစ္စရပ်များဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းသို့ ဖိလစ်ပိုင်အစိုးရအဖွဲ့ဝန်ကြီးအချို့လည်း တက်ရောက်ခဲ့သည်။

အာရှဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အမေရိကန်နိုင်ငံ၏ ပါဝင်ပတ်သက်မှုသည် အရေးပါကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမှ ချမှတ်သော မူဝါဒများကို ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်ဒေသအတွင်း ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့ နယ်မြေအငြင်းပွားမှုများကို နိုင်ငံတကာဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် မျှော်လင့်ထားကြောင်းနှင့် ၎င်းအနေဖြင့် တရုတ်နိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်ရန် ဆန္ဒရှိကြောင်း သမ္မတ ဒူတာတေးက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား ပြောကြားခဲ့သည်။

အဆိုပါနယ်မြေ အငြင်းပွားမှုနှင့် ပတ်သက်ပြီး လွန်ခဲ့သောနှစ်က နိုင်ငံတကာခုံသမာဓိရုံး၏ စီရင်ချက်ချမှတ်မှုနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထပ်ဆင့်ထောက်ခံပါကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအစည်းအဝေးတွင် တရားဥပဒေစိုးမိုးမှု၏ အခြေခံသဘောတရားများကို အလေးပေးပြောကြားရန် ဆန္ဒရှိကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံနှင့် အမြင်ချင်းဖလှယ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဂျပန်နိုင်ငံမြောက်ပိုင်း၌ ဆီးနှင်းမုန်တိုင်းတိုက်ခတ်

**တိုကျို ဇန်နဝါရီ ၁၃**

ဂျပန်နိုင်ငံ မြောက်ပိုင်း၌ ဆောင်းဥတု ဆီးနှင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ဆီးနှင်းနှစ်မီတာ (၇ ပေ)အထိ စုပုံကျရောက်ခဲ့ကြောင်း၊ နောက်ထပ် ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသဌာနက သတိပေးထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း ယာမာဂါတာ စီရင်စု၌ အသက်(၆၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား သူ၏ အိမ်ရှေ့ဆီးနှင်းထုအောက်၌ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသ တစ်ဝန်း၌ ဒေသခံပြည်သူတို့သည် ၎င်းတို့၏ နေအိမ်ခေါင်မိုးပေါ်နှင့် နေအိမ်ပြင်ပ၌ ဂေါ်ပြားများကိုင်ဆောင်၍ ဆီးနှင်းခဲ များအား ရှင်းလင်းဖယ်ရှားနေပုံကို ရုပ်မြင်သံကြား သတင်း တွင် ထုတ်လွှင့်ခဲ့သည်။

မြို့တော်တိုကျို၌ အပူချိန်မှာ ရေခဲမှတ်အောက် ကျရောက်နေကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဂျပန်မြောက်ပိုင်း၌ ဆီးနှင်း သိပ်သည်းစွာ ကျဆင်းမှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ထိခိုက်ခဲ့ရပြီး လေကြောင်းနှင့် ရထားခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

**ရိုက်တာ။**





# နေတိုး၏ စစ်ရေးဖြန့်ကြက်မှုအစီအစဉ်အရ ပိုလန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များရောက်ရှိ

**ဝါဆော ဇန်နဝါရီ ၁၃**

ဥရောပအရှေ့ပိုင်းဒေသမှ မဟာမိတ်များအား စစ်အင်အားဖြည့်တင်းပေးနိုင်ရေးအတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ အစီအစဉ်တစ်ရပ်အရ ဇန်နဝါရီ ၁၂ ရက်တွင် ပိုလန်နိုင်ငံသို့ တင့်ကားများ၊ အကြီးစားလက်နက်ကိရိယာများနှင့် အတူရောက်ရှိလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ပိုလန်နိုင်ငံက ကြိုဆိုခဲ့ကြောင်း၊ အရှေ့ဥရောပ၌ နေတိုးက စစ်ရေးဖြန့်ကြက်မှုသည် ရုရှားအစိုးရအတွက် စိတ်အနှောင့်အယှက်ကြီးစွာဖြစ်ပေါ်စေကြောင်း၊ အမေရိကန်တပ်ဖွဲ့များ အရှေ့ဥရောပ၌ စစ်ရေးအရ တည်ရှိမှုသည် ရုရှားအား ခြိမ်းခြောက်မှုဖြစ်သည်ဟု ရုရှားအစိုးရက တုံ့ပြန်ပြောကြားကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဥရောပ၌ အမေရိကန်၏ စစ်ရေးဖြန့်ကြက် ချထားမှုသည် ဆယ်စုနှစ်အတန်ကြာကာလအတွင်း အကြီးကျယ်ဆုံးဖြစ်သည်။ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၃၅၀၀ ဖြန့်ကြက်ရေးအစီအစဉ်အရ ယခုရောက်ရှိလာသည့် တပ်ဖွဲ့ဝင် ၂၇၀၀ သည် အတ္တလန္တိတ် သန္နိဋ္ဌာန်အမည်ရှိ စစ်ဆင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်း၏ မဟာမိတ်များ လုံခြုံရေးအတွက် တာဝန်ယူမှုကို ရုရှားနိုင်ငံအား သိကြားစေခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မိမိတို့ စစ်ရေးရည်မှန်းချက်မှာ ခြိမ်းခြောက် ဟန့်တားမှုများ၏ အန္တရာယ်မှ တားဆီးကာကွယ်ရန်ဖြစ်ကြောင်း အမေရိကန် ကြည်းတပ်မှ ဗိုလ်မှူးကြီး ခရစ္စတိုဖာ နိုရေးက ပြောကြားသည်။ ၎င်းသည် ပိုလန်နိုင်ငံတွင် ချထားသည့် အမှတ်-၃ စစ်သည်တင် သံချပ်ကာတပ်ဖွဲ့မှ တပ်မှူးဖြစ်သည်။ ပိုလန်နိုင်ငံအနောက်ပိုင်း ဇာဂန်မြို့၌ အမေရိကန်တပ်ဖွဲ့အား ကြိုဆိုသည့် အခမ်းအနားပြုလုပ်ရာတွင် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်း ယူကရိန်း၏ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားက ယင်း၏နယ်မြေအတွင်းသို့ ထည့်သွင်းလိုက်ပြီးနောက် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ တိုးချဲ့ချထားပေးရန် ပိုလန်နှင့် ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် ဘောလ်တစ်နိုင်ငံများက မေတ္တာရပ်ခံခဲ့ကြသည်။ ယင်းနိုင်ငံများအား ရုရှား၏ ခြိမ်းခြောက်မှုမှ ကာကွယ်ပေးရန် နေတိုးက ရည်ရွယ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# တောင်တရုတ်ပင်လယ်ရှိကျွန်းတွင် လေယာဉ်ပြေးလမ်း မွမ်းမံမှုပြုလုပ်မည့်အစီအစဉ်ကို ဖိလစ်ပိုင်ဆိုင်းငံ့ထားမည်

**မနီလာ ဇန်နဝါရီ ၁၃**

မိမိ၏ နိုင်ငံသည် အစဉ်အလာအရ ရန်သတ္တရုပြုခဲ့သော တရုတ်နိုင်ငံနှင့် ပြန်လည်သင့်မြတ်နိုင်ရန် ကြိုးပမ်းလျက်ရှိချိန်တွင် ယင်းနိုင်ငံအား ရန်စလှုံ့ဆော်ခြင်းမှ ရှောင်ရှားမည်ဖြစ်ကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုပြဿနာ မဖြစ်ပေါ်စေရေးအတွက် စပရက်တလီကျွန်းစုရှိ မိမိတို့စီမံအုပ်ချုပ်သော ကျွန်းတစ်ကျွန်းတွင် လေယာဉ်ပြေးလမ်း မွမ်းမံပြင်ဆင်မည့် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းမှ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အက်ဒွပ်ဒိုအန်နိုက ပြောကြားလိုက်သည်။

စပရက်တလီကျွန်းစုရှိ ပက်အေဆာကျွန်း၌ လေယာဉ်ကွင်းပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ပြုလုပ်မည့်အစီအစဉ်ကို တရားဝင်ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ ယင်းမှာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးပြန်လည်တိုးတက်ကောင်းမွန်လာခြင်းကြောင့်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးအန်နိုက ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ယခင် အစိုးရအဖွဲ့ လက်ထက်တွင် ပက်အေဆာကျွန်းရှိ လေယာဉ်ပြေးလမ်းကို မွမ်းမံပြင်ဆင်ရန်နှင့် အဆင့်မြှင့်တင်ရန် အစီအစဉ် ချမှတ်ခဲ့သည်။ ရန်ကျူဒိုလေယာဉ်ကွင်း၏ ၁ ဒသမ ၃ ကီလိုမီတာ အရှည်ရှိ လေယာဉ်ပြေးလမ်းကို ပြင်ဆင်နိုင်ရေးအတွက် ရန်ပုံငွေကိုပင် ခွဲဝေချထားပေးခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ရေကြောင်းပိုင်နက် နယ်မြေအငြင်းပွားမှုနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ နိုင်ငံတကာ အနုညာတခုံရုံးက ဖိလစ်ပိုင်ဘက်မှ ရပ်တည်ကာ အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်သော်လည်း တရုတ်နိုင်ငံနှင့် ဆက်ဆံရေးနွေးထွေးလာစေရန် ရည်ရွယ်လျက် လေယာဉ်ပြေးလမ်း မွမ်းမံပြင်ဆင်မည့် အစီအစဉ်ကို ရပ်ဆိုင်းထားရန် သမ္မတဒူတာတေး၏ အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

**ရိုက်တာ။**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ကနေဒါနိုင်ငံ**

ကနေဒါပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကနေဒါနိုင်ငံဘုရင်ခံချုပ် မစ္စတာ ဒေးဗစ်ဂျွန်စတန်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

လွတ်လပ်ရေးနေ့သည် အတိတ်ကအောင်မြင်မှုများအပေါ် ဂုဏ်ယူဝင့်ကြွားမှုနှင့်အတူ ပြန်လည်သတိရစေသည့် အခွင့်အလမ်းတစ်ခုဖြစ်သကဲ့သို့ အနာဂတ်အတွက်လည်း ယုံကြည်မှုများခိုင်မာစေသည်။ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေသော စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကြိုးပမ်းအားထုတ်မှုများကို ကနေဒါနိုင်ငံက ထောက်ခံအားပေးသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပိုမိုခိုင်မာအားကောင်းစေရန်အတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တိုးမြှင့်ရေးတွင် မိမိတို့နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။ လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံကြွယ်ဝတိုးတက်ပါစေဟု ဆန္ဒပြုပါသည်။

**ဖင်လန်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်သမ္မတကြီးနှင့်အတူ မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖင်လန်သမ္မတနိုင်ငံ သမ္မတ ဆော်လီ နီနစ်တိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

ဘယ်လာရုစ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန်ကိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အမှန်တရားကို အခြေခံသည့် မိမိတို့နှစ်နိုင်ငံ၏ နိုင်ငံရေးဆွေးနွေးမှုနှင့် တိုးတက်လာသည့် အပြန်အလှန်ဆက်ဆံရေးသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အသီးသီးတွင် ပိုမိုတိုးတက်လာမည်ဟု မိမိယုံကြည်ပါသည်။ အဆွေတော်အနေဖြင့် ကျန်းမာချမ်းသာစွာဖြင့် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့လည်း ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘလက်ဒီမီယာမာကိုင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(ဆက်လက်ဖော်ပြပါမည်)**



## စေတနာ့ဝန်ထမ်းများ တွေ့ဆုံ

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့ ဘတ်စ်ကားစနစ်သစ်ပြောင်းဆွဲရာတွင် ပါဝင်ကူညီမည့် စေတနာ့ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးကြစဉ်။**

(ဓာတ်ပုံ-ဦးဖြိုးမင်းသိန်းဖေ့စ်ဘွတ်)

**✱ ရှေ့ဖုံးမှ**

ပရဟိတအဖွဲ့များအပြင် ရန်ကုန်မြို့ရှိတက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ ပါဝင်လာကြသည်။ ယင်းအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများကလည်း စေတနာ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ လူမှုအကျိုးပြု ပရဟိတအဖွဲ့များ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ကြမည့်သူများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ယခင် မ. ထ. သ၏ စီမံအုပ်ချုပ်နေသော ဘတ်စ်ကားပြေးဆွဲမှုစနစ်ကို စတင်ပြုပြင်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပြီး ယင်းအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများကိုလည်း ဖိတ်ခေါ်ခဲ့သည်။

အဆိုပါ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ဆောင်ရွက်မည့်အပေါ် ရန်ကုန် မြို့အခြေစိုက်ကုမ္ပဏီအချို့ကလည်း ရုံးတက်ချိန် ယာယီပြောင်းလဲသတ်မှတ်ပေးကာ ပူးပေါင်းကူညီပေးကြပြီး ကုမ္ပဏီအချို့၊ ယာဉ်ပိုင်ရှင်အချို့ကလည်း ၎င်းတို့၏ ယာဉ်များဖြင့် အခက်အခဲဖြစ်ပေါ်နေသော ခရီးသွားများကို ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

■

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



**စစ်တွေ ဇန်နဝါရီ ၁၃**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်မီယာစာသင်ကျောင်းတွင် အစ္စလာမ်လူ့အဖွဲ့အစည်း ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ပြီး အောင်မင်္ဂလာရပ်ကွက်အတွင်း လှည့်လည်လေ့လာသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ပသို့ တရားဝင်အလုပ်သွားလုပ်သူ ၈၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၇၀၀၀ ကျော်အား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရ | | |
|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၇၇ | - | ၇၇ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၉၈ | ၁၀၂၀၉ | ၁၀၄၀၇ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၄၆ | ၆၄၀ | ၇၈၆ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၃၈ | ၁၁၃၂ | ၁၁၇၀ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၆၄ | ၁၂၂၅ | ၁၂၈၉ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၉ | ၃၉၀ | ၄၆၉ |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၀၆ | ၅၆၀ | ၆၆၆ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၂၁ | ၄၃၉ | ၄၆၀ |
| ၉။ | ကချင်ပြည်နယ် | ၁၉ | ၃၅ | ၅၄ |
| ၁၀။ | ကယားပြည်နယ် | ၉ | ၁၀၁ | ၁၁၀ |
| ၁၁။ | ကရင်ပြည်နယ် | ၁၂ | ၁၁၀ | ၁၂၂ |
| ၁၂။ | ချင်းပြည်နယ် | - | - | - |
| ၁၃။ | မွန်ပြည်နယ် | ၅၁ | ၁၂၃၅ | ၁၂၈၆ |
| ၁၄။ | ရခိုင်ပြည်နယ် | ၅၁ | ၄၆ | ၉၇ |
| ၁၅။ | ရှမ်းပြည်နယ် | ၇၅ | ၁၅၄ | ၂၂၉ |
| | စုစုပေါင်း | ၉၄၆ | ၁၆၂၇၆ | ၁၇၂၂၂ |

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ |
|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၂၀၁၆ ဦး |
| ၂။ | စင်ကာပူနိုင်ငံ | ၅၄ ဦး |
| ၃။ | ကိုရီးယားနိုင်ငံ | ၄၉၅ ဦး |
| ၄။ | ထိုင်းနိုင်ငံ | ၅၅၇၃ ဦး |
| ၅။ | ဂျပန်နိုင်ငံ | ၁၈၀ ဦး |
| ၆။ | ယူအေအီး | ၉ ဦး |
| ၇။ | ကာတာနိုင်ငံ | ၂၄ ဦး |
| | စုစုပေါင်း | ၈၃၅၁ ဦး |

# အမေရိကန်သမ္မတသစ်နှင့် ကမ္ဘာ့ကုန်သွယ်မှုအလားအလာ

## တက္ကသိုလ်ဟန်စိုးဦး

**(ယမန်နေ့မှအဆက်)**

အမေရိကန်ပြည်ထောင်စုဟာ ဂုဏ်သိက္ခာအရ ထိခိုက်ခဲ့တဲ့ကြားထဲကနေ အာရှ-ပစိဖိတ်ဒေသရဲ့ကုန်သွယ်မှုမှာ စည်းမျဉ်းစည်းကမ်းတွေသတ်မှတ်နိုင်ဖို့ ကြိုးပမ်းနေဆဲဖြစ်ပါတယ်။ အာရှ-ပစိဖိတ်ဒေသက နိုင်ငံပေါင်း ၁၂ နိုင်ငံပါဝင်တဲ့ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ကုန်သွယ်ရေးသဘောတူညီချက် (TPP) ကို အမေရိကန်ပြည်ထောင်စုက ဦးစီးဖော်ဆောင်ခဲ့ပြီး အဲဒီသဘောတူညီချက်မှာ တရုတ်နိုင်ငံ မပါဝင်နိုင်စေဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အာရှ-ပစိဖိတ်ဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်တဲ့ တရုတ်နိုင်ငံကို TPP မှာ ချန်လှပ်ထားခဲ့ခြင်းဟာ ဘယ်လိုမှ နားမလည်နိုင်တဲ့ ဆောင်ရွက်ချက်အဖြစ် သုတေသီတွေက သုံးသပ်ကြပါတယ်။ အမေရိကန်နိုင်ငံဟာ တရုတ်နိုင်ငံကို အာရှဒေသအတွင်းမှာတောင် သူနဲ့တန်းတူညီမျှတဲ့ ဒေသတွင်းခေါင်းဆောင်အဖြစ် အသိအမှတ်ပြုဖို့ အစဉ်တစိုက်ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်နေရာကိုဆိုရင်တော့ ပြောစရာတောင်မလိုပါဘူး။

တရုတ်နိုင်ငံကလည်း တန်ပြန်ဆောင်ရွက်မှုအနေနဲ့ အာရှ-ပစိဖိတ်ဒေသနိုင်ငံများနဲ့ဖွဲ့စည်းပြီး သူဦးဆောင်နေတဲ့ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အစီအစဉ် (Regional Comprehensive Economic Partnership-RCEP) မှာ အမေရိကန်ပြည်ထောင်စုကို ချန်လှပ်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံဟာ RCEP အစီအစဉ်မှာ ပါဝင်နေတဲ့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးရဲ့ အဓိကကျတဲ့ ကုန်သွယ်မှုမိတ်ဖက်ဖြစ်နေတဲ့အတွက် အမေရိကန်ကို RCEP မှာ မပါဝင်စေခြင်းဟာလည်း အဓိပ္ပာယ်မဲ့နေပါတယ်။

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံဟာ “ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု” ပူးပေါင်းဆောင်ရွက်ရေး စီမံချက်ကြီးတစ်ခုကို ဖော်ထုတ်ဆောင်ရွက်လာခဲ့ပါတယ်။ ဒီစီမံကိန်းဟာ သမိုင်းမှာ အထင်ကရရှိခဲ့တဲ့ ပိုးလမ်းမစီးပွားရေးလမ်းကြောင်းအတိုင်း ဥရောပဒေသနဲ့ တရုတ်နိုင်ငံအကြား ပေါင်းစည်းဆက်နွှယ်လာစေဖို့ အာရှအလယ်ပိုင်းဒေသရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မှာဖြစ်ပါတယ်။ ရည်မှန်းချက်ကြီးမားလှတဲ့ “ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု” အစီအစဉ်ဟာ နိုင်ငံရေး၊ ငွေကြေးအရနဲ့ လူမှုရေးအရ စိန်ခေါ်မှုတွေနဲ့ ပြည့်နှက်လျက်ရှိပါတယ်။ သို့သော်လည်း တရုတ်နိုင်ငံအနေနဲ့ မလွဲမသွေလျှောက်လှမ်းရမယ့် လမ်းကြောင်းတစ်ခုဖြစ်တာကြောင့် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိနေတဲ့ကြားကပဲ အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။



တရုတ်နိုင်ငံသည် ၂၀၁၂ ခုနှစ်မှစတင်၍ အမေရိကန်ပြည်ထောင်စုကို ကျော်ဖြတ်ကာ ကမ္ဘာပေါ်တွင် ကုန်ပစ္စည်းတင်ပို့မှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံအနေနဲ့ နိုင်ငံတွင်းမှာ ကုန်ပစ္စည်းတွေထုတ်လုပ်ပြီး အနောက်နိုင်ငံတွေဆီ တင်ပို့ရောင်းချတဲ့ သမားရိုးကျကုန်သွယ်မှုစနစ်ဟောင်းပုံစံအပေါ်မှာ ဆက်လက်မှီခိုရပ်တည်ဖို့ အခြေအနေမရှိတော့ပါဘူး။ အနောက်နိုင်ငံဈေးကွက်တွေဟာ မကြာတော့တဲ့ ကာလအတွင်းမှာ အနေးနဲ့အမြန်ဆိုသလို လိုအပ်ချက်တွေပြည့်မီတဲ့ ပြည့်ဝဈေးကွက်တွေ ဖြစ်လာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ နယ်မြေသစ်တွေဆီမှာ ဈေးကွက်သစ်တွေ ဖွင့်လှစ်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဥပမာပြရရင် အာရှအလယ်ပိုင်းဒေသဟာ တရုတ်နိုင်ငံနဲ့ နယ်မြေချင်းထိစပ်နေတဲ့ ဈေးကွက်သစ်တွေဖြစ်ပါတယ်။ “ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု” မဟာဗျူဟာအစီအစဉ်ဟာ တရုတ်နဲ့ အာရှအလယ်ပိုင်းနိုင်ငံတွေအကြား သယ်ယူပို့ဆောင်မှုတွေနဲ့ ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်ချောမွေ့လာစေဖို့ အခြေအနေတွေကို ဖန်တီးပေးသွားမှာဖြစ်သလို နိုင်ငံတကာကူးသန်းရောင်းဝယ်မှုကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ မြောက်အမေရိကဒေသ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနဲ့ ကျန်ကမ္ဘာ့ နေရာအနှံ့အပြားမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ပြုလုပ်နေတဲ့သတင်းတွေကို နေ့စဉ်ကြားသိ တွေ့မြင်နေကြရပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံဟာ ကမ္ဘာ့နိုင်ငံအများအပြားမှာ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာနေပါတယ်။ ဒါဟာလည်း နိုင်ငံတကာကူးသန်းရောင်းဝယ်မှုအတွက် တစ်တပ်တစ်အားဖြစ်စေပါတယ်။ ဂရိနိုင်ငံမှာ ဘဏ္ဍာရေးအရ ချွတ်ခြုံကျမှု၊ ပေါ်တူဂီနဲ့ စပိန်နိုင်ငံတို့ဟာလည်း ဂရိနိုင်ငံလောက် အခြေအနေမဆိုးပေမယ့် ဘဏ္ဍာရေးအခက်အခဲတွေ တွေ့ကြုံခဲ့ရမှု၊ ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံနုတ်ထွက်ဖို့ မဲခွဲခဲ့မှု စတဲ့အခြေအနေတွေကြောင့် ဥရောပသမဂ္ဂရဲ့ ထိရောက်မှု၊ စွမ်းဆောင်မှုတွေအပေါ်မှာ စိန်ခေါ်မှုတွေ ဖြစ်လာစေခဲ့ပါတယ်။

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ကြုံတွေ့နေရတဲ့ အခက်အခဲတွေကြောင့် ကမ္ဘာ့စီးပွားရေးနဲ့ကုန်သွယ်မှုမှာ တရုတ်နိုင်ငံဟာ ရှေ့တန်းကို ရောက်ရှိလာခဲ့ပြီး အမေရိကန်ပြည်ထောင်စုနဲ့အတူ ပခုံးချင်းယှဉ်လာနိုင်ခဲ့ပါတယ်။ အခုဆိုရင် အမေရိကန်၊ ဥရောပသမဂ္ဂနဲ့ တရုတ်နိုင်ငံတို့ဟာ ကမ္ဘာ့စီးပွားရေးနဲ့ ကုန်သွယ်မှုလောကမှာ အဓိကအရေးပါတဲ့ ဒေါက်တိုင်ကြီး သုံးရပ်အဖြစ် ပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ ဂျပန်နိုင်ငံကတော့ လက်ရှိမှာ စီးပွားရေးအခြေအနေအရ အင်အားနည်းနေသေးသလို ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိကနိုင်ငံတို့နဲ့ ဖွဲ့စည်းထားတဲ့ BRICS အဖွဲ့ဟာလည်း တရုတ်နိုင်ငံကလွဲရင် ကျန်နိုင်ငံတွေဟာ ရှေ့တန်းကို တက်လှမ်းနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ ကမ္ဘာ့စီးပွားရေးနဲ့ကုန်သွယ်မှုလောကမှာ ခေါင်းဆောင်မှုအနေအထားကို အချိန်ကြာမြင့်စွာ ရပ်တည်ရယူထားနိုင်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုဟာ ဒေါက်တိုင်ကြီး သုံးရပ် ပေါ်ထွက်လာခဲ့တဲ့အပေါ် သိပ်နှစ်မြို့တဲ့ အနေအထားမပြခဲ့ပါဘူး။ သို့သော်လည်း ဒီအပြောင်းအလဲတွေဟာ လက်တွေ့မှာဆက်လက်ဖြစ်ပေါ်နေမှာဖြစ်ပါတယ်။

အာရှ-ပစိဖိတ်ဒေသမှာ ယခင်က အမေရိကန်ပြည်ထောင်စုက စီးပွားရေးနဲ့ကုန်သွယ်မှုမှာ ဦးဆောင်ထားခဲ့တဲ့အခြေအနေကနေ အခုဆိုရင် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်လာတဲ့ တရုတ်နိုင်ငံအပါအဝင် တရုတ်၊ အာဆီယံ၊ ဂျပန်နိုင်ငံတို့ရဲ့ ပူးတွဲဦးဆောင်မှုအနေအထားက အစားထိုးဝင်ရောက်လာခဲ့ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံက ဦးဆောင်အနေအထားမှာပါဝင်ပြီး အာဆီယံ၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့ပါဝင်တဲ့ RCEP စီးပွားရေးနဲ့ ကုန်သွယ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဟာ မကြာမီမှာ သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာဖို့ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်နိုင်ငံဦးဆောင်ပြီး ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတို့ပါဝင်တဲ့ TPP စီးပွားရေးနဲ့ ကုန်သွယ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့က နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒီသဘောတူညီချက်ကို မိမိတို့နိုင်ငံအလိုက် ပြည်တွင်းဥပဒေတွေနဲ့အညီ အတည်ပြု(ratify) ကြဖို့ အချိန်ကာလ နှစ်နှစ် သတ်မှတ်ပေးထားပါတယ်။ သတ်မှတ်ချက်တွေအရ ၂၀၁၈ ခုနှစ်မှာ အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး အတည်မပြုနိုင်သေးရင်တောင် အဖွဲ့ဝင် ၁၂ နိုင်ငံ ဂျီဒီပီစုစုပေါင်းရဲ့ ၈၅ ရာခိုင်နှုန်းရှိတဲ့ အဖွဲ့ဝင် ၆ နိုင်ငံက အတည်ပြုမယ်ဆိုရင်လည်း TPP သဘောတူညီချက်ဟာ အသက်ဝင်လာမယ်လို့ ဖော်ပြထားပါတယ်။ သို့သော်လည်း အမေရိကန်နိုင်ငံဟာ အဖွဲ့ဝင် ၁၂ နိုင်ငံ ဂျီဒီပီစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အမေရိကန်နိုင်ငံက အတည်မပြုရင် TPP သဘောတူညီချက် အသက်ဝင်လာဖို့ အလားအလာဟာ မှေးမှိန်နေတာကို တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံ အဓိကပါဝင်နေတဲ့ RCEP ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဟာ အာရှ-ပစိဖိတ်ဒေသရဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်မှုမှာ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ပေးနိုင်မယ့် အစီအစဉ်တစ်ရပ်အဖြစ် ပေါ်ထွက်လာဖို့ရှိပါတယ်။

သို့သော်လည်း ဒီအာရှ-ပစိဖိတ်စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်မှုအစီအစဉ်မှာ အမေရိကန်နိုင်ငံ ပါဝင်လာစေဖို့ အနေးနဲ့အမြန်ကြိုးပမ်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဟာ အာရှ-ပစိဖိတ်ဒေသမှာ ဘယ်လိုပူးပေါင်းညှိနှိုင်းပြီး ဦးဆောင်သွားကြမလဲဆိုတာ လေ့လာဖို့လိုအပ်ပါတယ်။ ဒီလိုမှ ပူးပေါင်းဆောင်ရွက်မှုမရှိရင် အမေရိကန်နိုင်ငံ၊ ဥရောပသမဂ္ဂနဲ့ တရုတ်နိုင်ငံတို့ ရင်ဆိုင်နေကြရတဲ့ စီးပွားရေး အခက်အခဲတွေ၊ ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံ ခွဲထွက်မယ့်ဖြစ်စဉ်တွေ၊ ဂျပန်နိုင်ငံ ရင်ဆိုင်နေရတဲ့ ဖွံ့ဖြိုးတိုးတက်မှု ရပ်ဆိုင်းနေတာတွေ၊ လက်တင်အမေရိကန်နိုင်ငံတွေ


အမေရိကန်သမ္မတအသစ် ဒေါ်နယ်ထရန့် လက်ထက်တွင် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ချမှတ်လာမည်ကို တရုတ်နိုင်ငံအနေဖြင့် စိုးရိမ်လျက်ရှိသည်။

ကြုံတွေ့ခံစားနေကြရတဲ့ ကြွေးမြီပြန်လည်မပေးဆပ်နိုင်မှု အခက်အခဲတွေဟာ ကြာလာရင် ကမ္ဘာ့စီးပွားရေးနဲ့ကုန်သွယ်ရေးရေယာဉ်ကြီးကို စုံးစုံးမြုပ်သွားစေနိုင်မယ့် ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်လာနိုင်ပါတယ်။

၂၀၀၉ ခုနှစ်မှာ သမ္မတ အိုဘားမားအစိုးရ တက်လာပြီးနောက် ချမှတ်ခဲ့တဲ့ အာရှဒေသကို ပြန်လည်ခြေဦးလှည့်ရေးမူဝါဒ (Pivot to Asia)ကို အမေရိကန်သမ္မတအသစ် ဒေါ်နယ်ထရန့်ဟာ ဆက်လက်ကိုင်စွဲထားမယ်ဆိုရင် တရုတ်နိုင်ငံကလည်း အာရှ-ပစိဖိတ်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှာ အမေရိကန်နိုင်ငံပါဝင်လာဖို့ လက်ခံမယ့်အနေအထားမှာ မရှိနိုင်ပါ။ အမေရိကန်နိုင်ငံကလည်း တရုတ်နိုင်ငံကို သူနဲ့တန်းတူရည်တူရှိတဲ့ ကမ္ဘာ့နိုင်ငံကြီးတစ်ခုအဖြစ် လက်သင့်ခံဖို့ အခြေအနေမရှိသေးတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

အမေရိကန်သမ္မတအသစ်ဖြစ်လာမယ့် ဒေါ်နယ်ထရန့်ဟာ မဲဆွယ်စည်းရုံးစဉ်ကာလမှာ ကုန်သွယ်ရေးအရ မညီမမျှဖြစ်နေတာတွေကို ကုစားဖို့၊ အမေရိကန်နိုင်ငံသားတွေ အလုပ်အကိုင်ဆုံးရှုံးမှုတွေ မဖြစ်ပွားစေဖို့ နိုင်ငံတွင်းက စီးပွားရေးကုမ္ပဏီတွေရဲ့ စက်ရုံ အလုပ်ရုံတွေ ပြည်ပကို အထူးသဖြင့် တရုတ်နိုင်ငံကို ပြောင်းရွှေ့မှုမရှိစေရေးကိစ္စတွေကို အလေးပေးပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း အမေရိကန်နိုင်ငံက ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ စက်ရုံအလုပ်ရုံတွေ တရုတ်နိုင်ငံဆီကို ရွှေ့ပြောင်းရောက်ရှိသွားခဲ့တာကို အမေရိကန်နိုင်ငံဆီ ပြန်လည်ရောက်ရှိလာစေရေးကတော့ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီ ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ စက်ရုံအလုပ်ရုံတွေဟာ အခုဆိုရင် တရုတ်နိုင်ငံကနေ တရုတ်နိုင်ငံထက် လုပ်အားခဈေးပိုသက်သာတဲ့ ကျန်အာရှနိုင်ငံတွေဆီကို ရွှေ့ပြောင်းနေကြလို့ပဲဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်အစိုးရသစ်လက်ထက်မှာ လုပ်လာနိုင်တာကတော့ တရုတ်နိုင်ငံက သွင်းကုန်တွေအပေါ် အခွန်ပိုမိုကောက်ခံလာနိုင်ခြင်းပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်မှုသမိုင်းကြောင်းမှာ ပြည်ပနိုင်ငံတွေရဲ့ သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုတွေရှိခဲ့ပါတယ်။ သမ္မတရော်နယ်ရေဂင်လက်ထက် ၁၉၈၇ ခုနှစ်မှာ ဂျပန်နိုင်ငံကတင်သွင်းတဲ့ တစ်ပိုင်းလျှပ်ကူး ဆီမီးကွန်ဒတ်တာပစ္စည်းတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့သလို သမ္မတအိုဘားမားလက်ထက် ၂၀၁၆ ခုနှစ် နှစ်စပိုင်းကာလမှာ တရုတ်နိုင်ငံရဲ့ သံမဏိသွင်းကုန်အချို့အပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်လာရင် တရုတ်နိုင်ငံကလည်း အမေရိကန်နိုင်ငံကနေ သူတင်သွင်းနေတဲ့ ကုန်ပစ္စည်းတွေကို လျှော့နည်းပြီး တင်သွင်းခြင်းဖြင့် တန်ပြန်ဆောင်ရွက်လာနိုင်ပါတယ်။ လက်တွေ့မှာ ဒီလိုအမှန်တကယ်ဖြစ်လာခဲ့ရင် ကမ္ဘာ့ကုန်သွယ်မှုဟာ ပိုမိုနှေးကွေးလာဖို့ရှိပါတယ်။

၂၀၀၉ ခုနှစ်မှာ ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်ပွားစဉ် အမေရိကန်နိုင်ငံနဲ့ ဥရောပဒေသတွင်းမှာ စီးပွားရေးယိုင်နဲ့မှုဖြစ်ပွားနေချိန်မှာ တရုတ်နိုင်ငံဟာ စီးပွားရေး ပုံမှန်လည်ပတ်နေအောင် ဒေါ်လာသန်းထောင်ပေါင်းများစွာ သုံးစွဲဆောင်ရွက်ခဲ့တဲ့အတွက် နိုင်ငံအတော်များများဟာ သူတို့ရဲ့ထွက်ကုန်ပစ္စည်းတွေကို တရုတ်နိုင်ငံဈေးကွက်ကို တင်ပို့ခြင်းဖြင့် အသက်ရှူချောင်ခဲ့ကြပါတယ်။ ဒါကြောင့် ပြောင်းလဲလာတဲ့ခေတ်သစ်ကြီးမှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးမူဝါဒတွေဟာ ကမ္ဘာ့ကုန်သွယ်မှုအတွက် တွန်းအားတစ်ရပ်ဖြစ်စေခဲ့တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်တဲ့ အချက်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ကမ္ဘာ့ကုန်သွယ်မှုစနစ်သစ်မှာ တရုတ်နိုင်ငံရဲ့ အရေးပါလာမှုကို အသိအမှတ်ပြုပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဟာ ကမ္ဘာ့ကုန်သွယ်မှုစနစ်ကို ပုံမှန်ထိန်းသိမ်းထားနိုင်ဖို့အတွက် များစွာအရေးပါတဲ့အချက်ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်နိုင်ငံ သမ္မတအသစ် ဒေါ်နယ်ထရန့် လက်ထက်မှာ တရုတ်နိုင်ငံကို အနည်းဆုံးအားဖြင့် အာရှ-ပစိဖိတ်ဒေသမှာ တန်းတူညီမျှတဲ့ ဦးဆောင်နိုင်ငံ တစ်နိုင်ငံအဖြစ် လက်ခံပြီး ပူးပေါင်းဆောင်ရွက်လာမလား၊ ဒါမှမဟုတ် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆိုင်ရာ အစီအစဉ်တွေ (Protectionist Measures) ရေးဆွဲချမှတ်လာမလားဆိုတာ စိတ်ဝင်တစား စောင့်ကြည့်သွားကြရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ရည်ညွှန်းချက်** - *(၁၁-၁၀-၂၀၁၆) ရက်နေ့ထုတ် South China Morning Post သတင်းစာပါ Rick Tang ၏ Steered by equals ဆောင်းပါးကို အခြေပြု၍ ရေးသားပါသည်။*

# မြန်မာနိုင်ငံနဲ့ ယူကရိန်းနိုင်ငံတို့အကြားမှာ အလွန်ကို ကောင်းမွန်တဲ့ဆက်ဆံရေး ရှိပါတယ်

## ပါဗလိုကလင်းကင်(ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး)

**မြန်မာနှင့် ယူကရိန်းနိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ပါဗလိုကလင်းကင်သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်လည်ပတ်ခဲ့သည်။ နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရန် ရန်ကုန်မြို့၌ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဇန်နဝါရီ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။**

**မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၊ အစိုးရက ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများနှင့်ပတ်သက်၍ နေပြည်တော်သို့ရောက်ရှိနေသည့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်လိန်းမောင်းပန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဘာသာပြန်ရေးသားတင်ပြလိုက်ပါသည်-**

**မေး - ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံကို ပထမဆုံးလာရောက်တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ - ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ဖို့ ဖိတ်ကြားလာတဲ့အတွက် ကျွန်တော့်အနေနဲ့ အခြေခံကျတဲ့အချက်တွေကိုဆွေးနွေးဖို့ အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ယူကရိန်းနိုင်ငံဟာ သံတမန်ဆက်ဆံရေး ထူထောင်လာခဲ့တာ ၁၉ နှစ်နီးပါးရှိပြီဖြစ်ပေမယ့် အခုခရီးစဉ်ဟာ ယူကရိန်း နိုင်ငံခြားရေးဝန်ကြီး တစ်ဦးအနေနဲ့ ပထမဆုံးအကြိမ် လာရောက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ သမိုင်းဝင်ခရီးစဉ်လို့ ပြောလို့ရပါတယ်။ ဒီခရီးစဉ်နဲ့အတူ အရေးကြီးတဲ့ နိုင်ငံရေးအရ အပြန်အလှန်ဆက်သွယ်မှု၊ ပြည်သူအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုစတင်ဖို့နဲ့ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ဖို့ စတင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့အတွက် ဥပဒေပြုအမတ်တွေအကြား ချိတ်ဆက်မှုတွေရှိဖို့လိုပါတယ်။ ဒီမှာရောက်ရှိလာတဲ့အတွက် ကျွန်တော်တို့ရဲ့ ဥပဒေဆိုင်ရာ မူဘောင်တွေ၊ အင်စတီကျူးရှင်းဆိုင်ရာမူဘောင်တွေ၊ အစိုးရတာဝန်ရှိသူတွေနဲ့ ပြည်သူအချင်းချင်းချိတ်ဆက်မှုတွေ ဘယ်လိုမြှင့်တင်ရမလဲဆိုတဲ့အသိတွေများစွာ သိရှိခဲ့ပါတယ်။ ပိုပြီးထူးခြားတာက မြန်မာနိုင်ငံမှာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်မယ့် ယူကရိန်းနိုင်ငံရဲ့ ကတိကဝတ်ဖြစ်ပါတယ်။

**မေး - ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဇန်နဝါရီလ ၁၁ ရက်နေ့က ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီလိုဖွင့်လှစ်မှုက မြန်မာနဲ့ ယူကရိန်းနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးအခန်းကဏ္ဍသစ်အတွက် အလွန်ကို ကောင်းမွန်တဲ့ စတင်မှုတစ်ခုပါ။ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းအားထုတ်နေချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးရဲ့သဘောထားကို သိလိုပါတယ်။**

ဖြေ - မြန်မာနိုင်ငံမှာ ကိုင်တွယ်ဖြေရှင်းရမယ့် စိန်ခေါ်မှုတွေ အများကြီးရှိနေတယ်ဆိုတာ ကျွန်တော်ယုံပါတယ်။ ဒါဟာ အလွန်ကို အရေးကြီးပါတယ်။ မြန်မာနိုင်ငံခေါင်းဆောင်တွေနဲ့ ကျွန်တော်တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်တဲ့ ရှင်းလင်းပြတ်သားတဲ့ ကတိကဝတ်တွေကိုသိခဲ့ရပါတယ်။ နယ်ပယ်တော်တော်များများမှာလည်း သဘောတူညီချက်တွေရရှိခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ ဒါဟာ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်တဲ့ ကတိကဝတ်လို့ပဲ ကျွန်တော်မြင်ပါတယ်။ မြန်မာခေါင်းဆောင်တွေရဲ့ဆောင်ရွက်ချက်အပေါ် အပြုသဘောလို့ပဲမြင်ပါတယ်။ မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနေတဲ့ မြန်မာနိုင်ငံခေါင်းဆောင်တွေက ဘယ်လိုကြိုးစား လုပ်ဆောင်ခဲ့သလဲဆိုတာကို ကျွန်တော်အပြုသဘောအနေနဲ့ မြင်ပါတယ်။



ယူကရိန်း နိုင်ငံခြားရေး ဝန်ကြီး ပါဗလို ကလင်းကင်အား တွေ့ဆုံ မေးမြန်းစဉ်

**မေး - မြန်မာနိုင်ငံက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးပမ်းလုပ်ဆောင်နေသလို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပါတယ်။ ယူကရိန်းနိုင်ငံက မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဘယ်လိုလုပ်ဆောင်နိုင်မလဲဆိုတာ သိလိုပါတယ်။**

ဖြေ - သေချာတာပေါ့။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ယူကရိန်းကုန်စည်တွေကို မြန်မာနိုင်ငံကို တင်ပို့နိုင်ပါတယ်။ ကဏ္ဍတော်တော်များများမှာ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ အခုချိန်မှာ ယူကရိန်းနိုင်ငံရဲ့အပူချိန်က အနုတ်(-၈) အထိ ရှိနေပါတယ်။ ယူကရိန်းနိုင်ငံက ဆန်၊ ပဲ၊ ဂျုံတို့လို သီးနှံတွေ၊ နေကြာစေ့နဲ့ နေကြာဆီနဲ့ပတ်သက်ရင် အများဆုံး ထုတ်လုပ်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။

ယူကရိန်းနိုင်ငံဟာ ကမ္ဘာပေါ်မှာ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်အများဆုံး ထုတ်လုပ်တဲ့ နိုင်ငံတွေအနက်တစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း အခြားနယ်ပယ်မှာ အထူးသဖြင့် ဆန်နဲ့ အပူပိုင်းသီးနှံအများဆုံး ထုတ်လုပ်တဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ လက်တွဲဆောင်ရွက်ရင် အောင်မြင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ခရီးသွားလုပ်ငန်းက မြန်မာနိုင်ငံမှာ အလွန်ကို အောင်မြင်နိုင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အတွေ့အကြုံလိုအပ်နေပါသေးတယ်။ မြန်မာနိုင်ငံဟာ အနာဂတ်ကာလမှာ နှင်းလျှောစီးအားကစား ပြုလုပ်နိုင်တဲ့ တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်ပါတယ်။ နှစ်နိုင်ငံကြား ကျောင်းသားကျောင်းသူတွေ အပြန်အလှန်လည်ပတ်ဖို့၊ ယူကရိန်းကမ္ဘာလှည့် ခရီးသွားတွေ မြန်မာနိုင်ငံအကြောင်းသိရှိဖို့နဲ့ မြန်မာနိုင်ငံကို လာရောက်အောင် ဆွဲဆောင်ဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး - မြန်မာ-ယူကရိန်း သံတမန်ဆက်ဆံရေးအပေါ် နိုင်ငံခြားရေးဝန်ကြီးရဲ့ အမြင်နဲ့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဖို့ မျှော်လင့်ချက်ကိုလည်း သိလိုပါတယ်။**

ဖြေ - နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး တည်ထောင်ထားတာကြောင့် နှစ်နိုင်ငံဆက်ဆံရေး မတိုးတက်လာစရာမရှိပါဘူး။ မြန်မာနဲ့ယူကရိန်းနိုင်ငံအကြားမှာ အလွန်ကို ကောင်းမွန်တဲ့ နှစ်နိုင်ငံဆက်ဆံရေးရှိပါတယ်။ ဒါပေမယ့် ပိုမိုကောင်းမွန်တဲ့ အပြန်အလှန်အကျိုးပြုမှု လိုအပ်နေပါတယ်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေအနေနဲ့ တစ်နှစ်မှာ နှစ်ကြိမ်လောက်တွေ့ဆုံဆွေးနွေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ ကုလသမဂ္ဂအစည်းအဝေးလိုမျိုး နိုင်ငံတကာ အစည်းအဝေးတွေကတစ်ဆင့် သံတမန်ရေးရာတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ နှစ်ဖက်စလုံးက သံတမန်တွေအနေနဲ့ ကောင်စစ်ဝန်ရေးရာတွေ ဆွေးနွေးဖို့ လိုအပ်ပါတယ်။ နှစ်နိုင်ငံစလုံးကို သွားရောက်လည်ပတ်မယ့် နှစ်နိုင်ငံပြည်သူတွေကို အကူအညီပေးဖို့ လိုအပ်ပါတယ်။

**မေး - နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံကိုလာရောက်တဲ့ ပထမဆုံးသောခရီးစဉ်ကို အခြေခံပြီး ဘာတွေများထပ်ပြောချင်ပါသေးသလဲ။**

ဖြေ - နှစ်နိုင်ငံအကြား ပုံမှန်ဆက်သွယ်မှု၊ ပုံမှန်လည်ပတ်မှုတွေပြုလုပ်ဖို့ ကျွန်တော် တိုက်တွန်းချင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ယူကရိန်းနိုင်ငံကို လာရောက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ နှစ်နိုင်ငံအကြား စီးပွားရေး ထုထည် မြင့်မားလာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သဘောတူညီချက်များစွာရရှိပြီး ဖြစ်သော်လည်း စီးပွားရေးနဲ့ပတ်သက်တဲ့ သဘောတူညီချက်မရရှိသေးလို့ အခွန် နှစ်ထပ်စည်းကြပ်မှုနဲ့ပတ်သက်ပြီး နောက်ထပ်သဘောတူညီချက်ရရှိဖို့လိုအပ်ပါတယ်။ မြန်မာနဲ့ ယူကရိန်းနိုင်ငံဟာ ၁၉ နှစ်တာခန့်အထိ သံတမန်ဆက်ဆံရေးကို အောင်မြင်စွာထူထောင်ခဲ့ပြီးဖြစ်တဲ့အတွက် အခုအခါမှာ ဆက်ဆံရေး ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဘာပဲပြောပြော ကျွန်တော့်ရဲ့ခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်တစ်ခုလို့ ပြောလို့ရပါတယ်။

နှစ်နိုင်ငံအကြားသာမက နှစ်နိုင်ငံပြည်သူတွေအတွက်ပါ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်နိုင်ဖို့ နောက်တစ်ကြိမ် မြန်မာနိုင်ငံကို လာရောက်ခဲ့မယ်ဆိုရင် တွေ့ဆုံမေးမြန်းမှုပြုလုပ်နိုင်ဦးမယ်လို့ မျှော်လင့်ပါတယ်။

ယူကရိန်းနိုင်ငံဟာ ကမ္ဘာပေါ်မှာ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်အများဆုံး ထုတ်လုပ်တဲ့ နိုင်ငံတွေအနက်တစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း အခြားနယ်ပယ်မှာ အထူးသဖြင့် ဆန်နဲ့ အပူပိုင်းသီးနှံအများဆုံး ထုတ်လုပ်တဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ လက်တွဲဆောင်ရွက်ရင် အောင်မြင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျော်ထိုက်စိုး၊ စိုးသူရ၊ ဓာတ်ပုံ-သုတ

## ပြည်တွင်းရေးရာ

**■ ပုဂ္ဂလိကမှ**

ဝန်းကျင်တိုးတက် ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီ၊ အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီတို့ ဖြစ်ပါကြောင်း။

ထိုကော်မတီငါးခုအနေဖြင့် ခေတ်နှင့် မလျော်ညီသည့်အချက်များ၊ ဖြေလျှော့ရမည့် ဥပဒေများနှင့် လိုအပ်သည့်အချက်များကို လုပ်ငန်းတာဝန်များအလိုက် ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ ကော်မတီအဖွဲ့များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းရှင်များနှင့် မကြာခဏ ထိတွေ့ပြီး ဖြေလျှော့သွားရမည့်အပိုင်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းကော်မတီငါးခုက လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အပိုင်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဆိုပါက များစွာအဆင်ပြေသွားမည်ဖြစ်ပါကြောင်း၊ အချို့အပိုင်းများမှာမူ ဥပဒေများပြင်ရမည်ဖြစ်၍ အချိန်ကာလတစ်ခုထိ စောင့်ရမည်ကို နားလည်ပေးနိုင်ရန် လိုပါကြောင်း၊ သို့သော်အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ပထမအကြိမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တင်ပြခဲ့သည့် တရားမဝင်ကုန်သွယ်မှုကဏ္ဍ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကဏ္ဍ၊ ပို့ကုန်မြှင့်တင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ရန်ကုန်မြို့သစ်စီမံကိန်းကဏ္ဍစသည့် ကဏ္ဍငါးရပ်တွင် တင်ပြသည့် အချက်(၂၇)ချက်ပါဝင်ပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေးကဏ္ဍတစ်ခုတည်းမှာပင် တင်ပြသည့်အချက် (၂၃)ချက်ရှိပြီး ကျန်ကဏ္ဍ(၄)ခုမှာ တစ်ချက်စီပါဝင်ပါကြောင်း၊ အဆိုပါတင်ပြချက်များကို မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ကို ပေးပို့ထားပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်း လာမည့်အစည်းအဝေးများတွင် ပြန်လည်ရှင်းလင်းတင်ပြကြရမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံပိုင်းသည်လည်း အဓိကဖြစ်သည့်အတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အနေဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် စီးပွားရေးလုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများနှင့်အကြံပြုချက်များကို အလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ချက်ချင်းစီစဉ်ဆောင်ရွက်ပေးပြီး ဒုတိယသမ္မတက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယနေ့တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပထမအကြိမ်တွေ့ဆုံပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အစမ်းခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ရုံး ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးအား အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်၊ အမှတ်(၆၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသားကွန်ဂရက်ပါတီ**သည် ယင်းပါတီ၏အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်အမျိုးသားကွန်ဂရက်ပါတီ၏ အလံပုံစံ**



**ကချင်အမျိုးသားကွန်ဂရက်ပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တရားမဝင်ကုန်စည်စီးဆင်းမှု နိုင်ငံတော်အစိုးရက အလေးအနက်ထား ကိုင်တွယ်ဖြေရှင်းသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

တရားမဝင် ကုန်စည်စီးဆင်းမှုများကို နိုင်ငံတော်အစိုးရက အလေးအနက်ထား ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ စနစ်တကျနှင့်အစီအမံများထားရှိပြီး ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ယနေ့ ပြောကြားလိုက်သည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် စီးပွားရေးလုပ်ငန်းရှင်များ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ UMFCCI အစည်းအဝေးခန်းမ၌ တွေ့ဆုံသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

တရားမဝင်ကုန်စည် စီးဆင်းမှုကြောင့် လုပ်ငန်းရှင်တွေ အများကြီး ထိခိုက်နစ်နာတယ်။ တိုင်းပြည်အတွက်လည်း နစ်နာပါတယ်။ အဘက်ဘက်က ထိခိုက်တယ်။ ဒါကြောင့် မျက်ကွယ်ပြုလို့ မရဘူး။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ တိတိကျကျ ပြတ်ပြတ်သားသားလုပ်မယ်။ အကောင်းဆုံးနည်းလမ်းနဲ့ ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

တရားမဝင်ကုန်စည် စီးဆင်းမှုကြောင့် သက်ဆိုင်ရာအခွန်အကောက်များ မရရှိခြင်း၊ ပြည်သူများစားသုံးရန်မသင့်သည့် တရားမဝင်ကုန်ပစ္စည်းများဝင်လာခြင်းတို့ကြောင့် လူမှုရေးနှင့် ကျန်းမာရေးများထိခိုက်ခြင်းတို့အပြင် သက်ဆိုင်ရာလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများလည်း ထိခိုက်ခြင်းစသည့် ဆိုးကျိုးများလည်း ဖြစ်ပေါ်စေကြောင်းသိရသည်။

တရားမဝင် ကုန်စည်စီးဆင်းမှု မရှိစေရေးအတွက် ဆောင်ရွက်နေသည့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများအားလုံး၏ လုပ်ငန်းတာဝန်များကို အဂတိလိုက်စားမှု ကင်းရှင်းအောင်ဆောင်ရွက်ထားကြောင်း၊ တရားမဝင်ကုန်သွယ်မှုပြုသူများကိုလည်း ပြတ်ပြတ်သားသား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုံမှန်လမ်းကြောင်းများအပြင် ရှောင်ကွင်းလမ်းများတွင်လည်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း**

“ဒါမှသာ တရားမဝင်ကုန်စည် စီးဆင်းမှုက တစ်စတစ်စ လျော့နည်းပပျောက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုလျော့နည်းပပျောက်သွားမှ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေအတွက် များစွာအထောက်အကူရလာမှာ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးများတွင် ကြည့်ပါကလည်း တရားမဝင်ကုန်စည်များကို တင်သွင်းရောင်းချနေသည်ကိုတွေ့ရပါကြောင်း၊ ပြည်သူများဘက်ကလည်း စောင့်ထိန်းရမည့် ဝတ္တရားရှိပါကြောင်း၊ အားလုံးဝိုင်းဝန်းဆောင်ရွက်မှသာ တရားမဝင်ကုန်စည်စီးဆင်းမှုက ပပျောက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ၉ လတာကာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၈၃၀၀ ခန့်၊ သွင်းကုန်ပမာဏမှာအမေရိကန် ဒေါ်လာ ၁၁၅၂၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၈၂၇ သန်းရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ဝေသည့် COMMERCE ဂျာနယ်တွင် ဖော်ပြထားသည်။

**သတင်း-ဝင်းနန္ဒာ**
**ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**❂ လမ်းညွှန်ဆိုင်းဘုတ်မှ**

“မူလက လမ်းကြောင်းက ၅၈ လိုင်းပေါ့။ အခု လိုအပ်ချက်အရ ၆၁ လိုင်းအထိ ဖြစ်လာပါတယ်။ ထပ်တိုးနိုင်ပါတယ်။ အပြောင်းအလဲလေး ရှိနိုင်ပေမယ့် ၁၆ ရက်နေ့မှာစမယ့် စနစ်သစ်အတွက် မှတ်တိုင်တွေမှာ လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်နေပါတယ်။ လက်ကမ်းစာစောင်တွေလည်း အခမဲ့ ဝေသွားမှာဖြစ်ပါတယ်။ call centre ဖုန်းလိုင်းကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့၏ ခရီးသည်ပို့ဆောင်ရေးတွင် အဓိကကျသည့် ဘတ်စ်ကားစနစ် စတင်ပြောင်းလဲမှုတွင် အများပြည်သူများကလည်း ပူးပေါင်းပါဝင်လာပြီး စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီမှုများကို ဆောင်ရွက်ကြမည်ဟု သိရသည်။ ယာဉ်ရပ်မှတ်တိုင်များ၊ လမ်းညွှန်ဆိုင်းဘုတ်များကိုလည်း စည်းကမ်းမဲ့ဖျက်ဆီးမှုများ မပြုလုပ်ဘဲ ပူးပေါင်းပါဝင်ကြရန်ကိုလည်း နှိုးဆော်ထားကြောင်း သိရသည်။ **(ဝဝ၁)**

**❒ ကျောဖုံးမှ**

ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး ထိုးသတ်ပြီးသည့် ၂၈ ပွဲတွင် ၁၉ ပွဲနိုင်၊ ကိုးပွဲ ရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်နှင့်ထိုးသတ်မည့် ဗစ်တာလီသည် ရှစ်ပွဲထိုးသတ်ရာတွင် ရှစ်ပွဲစလုံးအနိုင်ရထားပြီး အောင်လအန်ဆန်အနေဖြင့် ကမ္ဘာ့ချန်ပီယံဖြစ်ရန် ၎င်းကို ပထမဆုံးရှုံးပွဲကြုံတွေ့ရန် ကြိုးပမ်းရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်မှစ၍ MMA ပြိုင်ပွဲများစတင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်က ထိုးသတ်ခဲ့သည့် သုံးပွဲစလုံးအနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ အောင်လအန်ဆန်သည် မတ်လတွင်အီဂျစ်နိုင်ငံသား မိုဟာမက်အလီ၊ ဇူလိုင်လတွင် ရုရှားနိုင်ငံသား ဘူတိုရင်၊ အောက်တိုဘာလတွင် ပိုလန်နိုင်ငံသား ပတ်စတာနက်ခ်တို့ကို အနိုင်ရထားပြီး မိုဟာမက်အလီ၊ ပတ်စတာနက်ခ်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲများကို ရန်ကုန်မြို့တွင် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည်ကစားသမားဘဝ ပထမဆုံး ထိုးသတ်မည့် MMA ပြိုင်ပွဲ ကမ္ဘာ့ချန်ပီယံလုပွဲတွင် အနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိပြီး အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်နိုင်ရန် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။ အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်တို့၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို Sky net Sports-3 ရုပ်သံလိုင်းမှ ပြသမည်ဖြစ်သည်။အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်မှစ၍ MMA ပြိုင်ပွဲများ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ကစားသမားဘဝ ပထမဆုံးအကြိမ် ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။

**သတင်း၊ဓာတ်ပုံ - ရှိုင်းထက်ဇော်**



**ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ခွဲ၊ တပ်စု(၁)(သထုံ)မှ တပ်စုမှူး ဒုရဲအုပ်မောင်မောင်သန်းနှင့်တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၁ ရက်က သထုံဘူတာ အမှတ်(၁)စကြံ့ခရီးသည်များနားနေဆောင်ခန်းမ၌ ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ခွဲ နယ်မြေအတွင်း ရထားနှင့်ယာဉ်တိုက်မှု၊ ရထားကြိတ်၊ တိုက်၊ ပြုတ်ကျ ဖြစ်စဉ်များလျော့နည်းရေးနှင့် ရထားအားခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများ အရေးယူခံရမည့်ပြစ်ဒဏ်များကို ဟောပြောဆွေးနွေးစဉ်။**

(ရထားရဲတပ်ဖွဲ့)

# အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ အဆိုပါ တက္ကသိုလ်၌ ကျင်းပသည်။


ရှေးဦးစွာ အရှင်စိတ္တပါလက အာစရိယာဘိဝန္ဒနာ ပါဠိရွတ်ဆိုပြီး ဆရာတော်များအား အမှားရှိပါက ခွင့်လွှတ်ပါရန် လျှောက်ထားသည်။

ထို့နောက် ပြည်တွင်းပြည်ပ ကျောင်းသားများက ဩကာသ ကန်တော့ချိုးဖြင့် ရွတ်ဆိုကန်တော့ကြပြီး အရှင်ဧသက က မြန်မာကျောင်းသားများကိုယ်စား လည်းကောင်း၊ အမေရိကန်နိုင်ငံမှ အရှင်ပုဏ္ဏက ပြည်ပကျောင်းသားများကိုယ်စား လည်းကောင်း သင်ကြားပေးသော ဆရာများအား ကျေးဇူးတင်စကား ပြောကြားကြကာ လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

(၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော ဆရာတော်များကြွရောက်တော်မူကြပြီး သီလရှင်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ အမေရိကန်၊ အင်္ဂလန်၊ လာအို၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ဘူတန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ကျောင်းသားများဖြစ်ကြသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ပူဇော်ကန်တော့ကြသည်။

**(သတင်းစဉ်)**






# ပုဂံအာနန္ဒာမြတ်စွာဘုရား ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၁၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအနက် ပုဂံခေတ်အနုပညာလက်ရာအမြောက်ဆုံးအဖြစ် ထင်ရှားသည့် ကျန်စစ်သားမင်းကြီးကောင်းမှုတော် အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို နှစ်စဉ်ပြာသိုလတွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိပြီး အထူးသဖြင့် ဘုရားပွဲတော်ကာလ ဇန်နဝါရီ ၁၂ရက် (ပြာသိုလပြည့်နေ့)တွင် သံဃာတော်များအား ဆွမ်းသပိတ်လုံးများဆက်ကပ်လှူဒါန်းပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးဧည့်သည်များ၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်ကြ၍ ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲသို့ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများသည် ဆွမ်းသပိတ်လုံးကပ်လှူပူဇော်နိုင်ရန်အတွက် လပြည့်နေ့မတိုင်မီ လဆန်း၇ ရက်၊ ၈ရက်မှစတင်ကာ ၎င်းတို့၏ရွာမှ ပေါင်းမိုးလှည်းယာဉ်များဖြင့် စီတန်း၍ ဘုရားပွဲတော်သို့ တညီတညွတ်လာရောက်ကြသည်မှာလည်း စိတ်ဝင်စားစရာ မြန်မာ့ရိုးရာဓလေ့တစ်ခု အဖြစ်ရှိနေပေသည်။ ထိုသဘာဝလူနေမှုဓလေ့များကို ပြည်တွင်းဓာတ်ပုံပညာရှင်များ၊ ပြည်ပမှခရီးသွားဧည့်သည်နှင့် ဓာတ်ပုံပညာရှင်များသည် လက်လွတ်မခံဘဲ ၎င်းလှည်းယာဉ်များအလာလမ်းနှင့် အပြန်လမ်းတို့တွင် အမိအရစောင့်၍ ဓာတ်ပုံများလာရောက်ရိုက်ကူးကြသည်ကို မြင်တွေ့ရသည်။ ပြာသိုလသည် အညာဒေသရှိ ကျေးရွာများ၏ ပဲဖော်ချိန်၊ နှမ်းဖော်ချိန်ဖြစ်၍ ဖော်ပြီးခါစ ဦးဦးဖျားဖျားသီးနှံများကို အာနန္ဒာဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲတွင် ဦးခိုက်၍ နှစ်စဉ်လာရောက် ဆက်ကပ်လှူဒါန်းကြရာ ဆန်သပိတ်လုံး၊ မြေပဲ၊ အသီးအနှံသပိတ်လုံးများနှင့်အတူ ငွေပဒေသာပင် အမျိုးမျိုးကိုလည်း မြင်တွေ့ရသည်။ ယင်းသပိတ်လုံးများနှင့် ငွေပဒေသာပင်များကို မြို့နယ်အတွင်းရှိ သံဃာတော်များအား စာရေးတံမဲစနစ်ဖြင့် ဆက်ကပ်လှူဒါန်းကြသည်ကို ကြည်နူးဖွယ်တွေ့မြင်ရသည်။ ထို့ပြင် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှု၊ အလှူအတန်းရက်ရောမှုကို ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာကြည့်ရှုကြကာ အံ့ဩမှင်တက်ချီးကျူးကြရသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။

အာနန္ဒာဘုရားကြီးမှာ ဂူဘုရားအမျိုးအစားဖြစ်ပြီး သက္ကရာဇ် ၄၅၂ ခုနှစ် ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံခေတ်အနုပညာလက်ရာများ အမြောက်အမြားရှိခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်တစား လေ့လာရန်လာရောက်သည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်မြောက်ရေးအတွက် အစည်းအဝေးကို ဂေါပကရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတက်ရောက်၍ ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းပေးပြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးကို အထူးလမ်းညွှန်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးသာသနာရေးမှူး ဦးစိန်မော်၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **မျိုးသန့် (IPRD)**

# ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့နှင့် DPN တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် ယနေ့ နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့က အစိုးရ၏ မူဝါဒများအား DPN သို့ ချပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်နှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး DPN ဘက်မှ အဆိုပြုထားသည့် အချက် ၉ ချက်နှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ရန်ကုန်တွင် ဆက်လက်ကျင်းပမည့် အစည်းအဝေးကိစ္စများအတွက် ဆွေးနွေးခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် အထွေထွေကိစ္စရပ်များဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဦးလှမောင်ရွှေက “ကျွန်တော်တို့အလုပ်အဖွဲ့အနေနဲ့တော့ Peace Commission ကရှင်းပြချက်နဲ့ မူဝါဒတွေကို ဆွေးနွေးတင်ပြတာပါ။ ဒီနေ့ကတော့ DPN ကအဆိုပြုထားတဲ့ အချက် ၉ ချက်ရယ်၊ JMC နဲ့ ပတ်သက်ပြီးမရှင်းလင်းတာတွေ ဆွေးနွေးတာရယ်၊ နောက်ထပ်ဆွေးနွေးပွဲတွေ ဆောင်ရွက်ဖို့ဆိုတာရယ်၊ နောက် ကျွန်တော်တို့ဘက်ကပြောနိုင်တာက ဒီဘက်ကပေးထားတဲ့ မူဝါဒတွေကို ရှင်းပြပါတယ်။ အစိုးရရဲ့ ပေါ်လစီက ယုံကြည်မှုတည်ဆောက်မယ်။ ယုံကြည်မှုရှိရင် ဆွေးနွေးမှုတွေ ပိုမြန်လာမယ်။ NCA လက်မှတ် ရေးထိုးရမယ်။ ပြီးရင် (၂၁) ရာစုပင်လုံမှာဆက်လက်ဆွေးနွေးမယ်ဆိုတဲ့ ဝါဒလည်း ရှိနေတော့ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ဖို့ရှင်းပြတယ်။ ကျွန်တော့်အမြင်က တိုးတက်မှုတော့ရှိတယ်။ ပြီးပြတ်အောင်တော့ မရသေးဘူး”ဟု ပြောသည်။

ဆွေးနွေးပွဲကို ညနေ ၆ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ငြိမ်းချမ်းရေးအကြံပေးအဖွဲ့မှ ဦးအောင်ကြည် ဦးဆောင်ကာ ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးနှင့် နည်းပညာအထောက်အကူအပြုအဖွဲ့မှ ဦးကျော်လင်းဦးတို့တက်ရောက်ပြီး DPN ဘက်မှ ခူဦးရယ်၊ ဗိုလ်ချုပ် ဂွမ်မော်၊ ဒေါက်တာနိုင်ရွှေသိမ်းတို့ တက်ရောက်ခဲ့သည်။ **သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-HMS**




နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)မှ ဆွေးနွေးစဉ်။

# မောင်တောမြို့နယ် တုံးချောင်း(ချောင်း၀) ကင်းစခန်းအနီး ပင်လယ်ကမ်းစပ်၌ အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မောင်တောမြို့နယ် တုံးချောင်း(ချောင်း၀)ကင်းစခန်းမှ ရဲကင်းမှူးဦးစီးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ကင်းစခန်း၏အနောက်မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာတွင် ပုပ်ပွနေသည့်အလောင်းတစ်လောင်းအား တွေ့ရှိခဲ့ကြောင်း သိရသည်။

ရဲကင်းမှူးဦးစီးလုံခြုံရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကင်းစခန်း၏ အနောက်မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာ ပင်လယ်ကမ်းစပ်၌ အမည်မသိ ပုပ်ပွနေသော အမျိုးသားအလောင်းတစ်လောင်းအား ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိဘဲ မှောက်လျက်အနေအထားဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအလောင်းအား သက်သေများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သေမှုသေခင်းဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းတွင် မထသ ဆိုင်းဘုတ်များဖယ်ရှားမည်



**ရန်ကုန် ဇန်နဝါရီ ၁၃**
ရန်ကုန်မြို့ ဘတ်(စ်)ကားပြေးဆွဲမှု စနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်တော့မည်ဖြစ်ရာ အဆိုပါ နေ့မရောက်ခင် ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းတွင် မထသဆိုင်းဘုတ်များကို ဖယ်ရှားပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ဆိုင်းဘုတ်များကို တပ်ဆင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။

ယနေ့မွန်းလွဲပိုင်းတွင် ဘတ်(စ်)ကားပြေးဆွဲမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းကျောင်းသား ကျောင်းသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

"၁၆ ရက်နေ့ မနက်ပိုင်းမှာ ယာဉ်လိုင်းတွေ စတင်ပြေးဆွဲမယ့်အချိန်နဲ့ ၁၅ ရက်နေ့ ညနေဟာ အရေးကြီးတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ ၁၅ ရက်နေ့ ညနေမှာ ပြေးဆွဲရမယ့် ဂိတ်ရင်းနေရာတွေ၊ ဂိတ်ဖျားနေရာတွေမှာ သွားရပ်ထားရမှာဖြစ်ပါတယ်။ အဲဒီနေရာတွေက နေပြီး သူတို့ရဲ့ကားတွေမှာပါတဲ့ စတေကာတွေကိုခွာပြီး နောက်ပြေးဆွဲမယ့် ကားနံပါတ်တွေအတိုင်း တပ်ရမှာဖြစ်ပါတယ်။ အဲဒီကနေပြီး မနက်စတင်ထွက်ခွာတဲ့ အချိန်ကစပြီး ပြည်သူလူထု စီးဖို့လွယ်ကူဖို့အတွက် ကူညီကြရမှာဖြစ်ပါတယ်။ အဲဒီမှာ ပြည်သူ့အသံကို နားထောင်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ပြုပြင်ပြောင်းလဲရေးကို သုံးလတစ်ကြိမ် Review လုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါ လုပ်ဆောင်မှုအပေါ် အဆင့်ဆင့်ပြောင်းလဲပါက တစ်နှစ်ခန့်ကြာသည့်အခါ ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ နိုင်ငံတကာ အဆင့်အတန်းကို မီသွားမည်ဖြစ်ကြောင်း ပြောသည်။

ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် မထသ၌ လက်ရှိတာဝန်ထမ်းဆောင်သူများအနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်လိုပါက ထိုက်သင့်သည့် တာဝန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

■

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ




**နေပြည်တော် ဇန်နဝါရီ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု၊ ကလေးစာပေ တတိယဆုရ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၏ "ညှော့ကြိုပန်းကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ကလေးသူငယ်များ ဆိုလွယ်၊ နားလည်လွယ်၊ မှတ်မိလွယ်သည့် အကြောင်းအရာများကို မြန်မာကလေးကဗျာစပ်ထုံးစပ်နည်း မှန်ကန်စွာ အသံချိုသာ ဌာန်မာန်ပါပါ ရေးဖွဲ့ထားသည့် စာအုပ်ဖြစ်သည်။ ကလေးစာပေကို ပြန်လည် မြေတောင်မြှောက်ပေးနေသည့် ယနေ့ကာလတွင် ယခုစာအုပ်သည် ကလေးစာပေ ဖွံ့ဖြိုးရေးအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးရှိမည့်စာအုပ်ဖြစ်သည်။ ကဗျာပုဒ်ရေ ၁၁၆ ပုဒ်ပါဝင်ပြီး အကြောင်းအရာ စုံလင်စွာ ရေးဖွဲ့ထားသည်။ မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကြီးမားပုံ၊ သဘာဝပတ်ဝန်းကျင်အလှအပ များနှင့် မြန်မာအက္ခရာများရေးသားပုံ၊ သတ်ပုံသတ်ညွှန်းရေးထုံးအချို့ကို ကလေးများရွတ်ဆိုရလွယ်၊ နားလည်လွယ်အောင် ရေးဖွဲ့ထားသည်။ ကလေးမိဘများ၊ ဆရာများနှင့် ကလေးများကိုယ်တိုင်ဖတ်ချင်စဖွယ် ကဗျာစာအုပ်ရှာနေသည် ဆိုပါလျှင် ဤစာအုပ်သည် ရှာဖွေသူတို့ လိုလားချက်နှင့်တစ်ထပ်တည်းကျစေမည့် စာအုပ်ဖြစ်သည်။

ရောင်းဈေးကျပ် ၁၄၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့၏ တပ်မဟာ (၅)၊ တပ်ရင်း(၃) ဌာနချုပ် ငကျန်စခန်းအပါအဝင် စခန်း(၃)ခုအား တပ်မတော်စစ်ကြောင်းများက ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**
KIA တပ်မဟာ(၅)၊ တပ်ရင်း(၃) ဌာနချုပ်၊ ငကျန်စခန်းအပါအဝင် စခန်းသုံးခုအား တပ်မတော်စစ်ကြောင်းများက ယနေ့နံနက်ပိုင်းတွင် သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလများတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့၏ ဂီဒုန်စခန်း၊ ပွိုင့်-၇၆၈ လိုင်ဖောင်စခန်းနှင့် အနီးပတ်ဝန်းကျင်စခန်းများအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိခဲ့ပြီးနောက် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ပွိုင့်-၇၆၈ စခန်း၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာရှိ KIA တပ်ရင်း(၃)ဌာနချုပ် ငကျန်စခန်း အပါအဝင် စခန်း(၃)ခုအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။



ဖြစ်စဉ်တွင် KIA လက်နက်ကိုင်အဖွဲ့ထံမှ အလောင်းအချို့ လက်နက်မျိုးစုံလေးလက်အပါအဝင် ခဲယမ်းမျိုးစုံ အတောင့် ၁၅၀၀၊ ကျည်အိမ်မျိုးစုံ ၆၀၀ ခန့်နှင့် ဗုံးသီးမျိုးစုံအလုံး ၅၀ ခန့်အား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများမှ စစ်သည်တချို့ နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရကာ အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပဲခူးမြို့ ကျိုက်ပေါစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၃**
ပဲခူးမြို့ကျိုက်ပေါစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် စေတနာအလင်းအိမ်ပညာဒါန သင်တန်းကျောင်း (၇)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ပဲခူးမြို့ ဒက္ခိဏာသာခါရာမကျောင်း တိုက်ဝင်းအတွင်း ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါကာလအတွင်း အထူးတရားပွဲ၊ စာပေဟောပြောပွဲ၊ စာပေ စကားဝိုင်း၊ စာအုပ်ဈေးရောင်းပွဲတော်နှင့် အသိပညာပေးပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။ စာပေဟောပြောပွဲကို အော်ပီကျယ်၊ မောင်သာချို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကိုရွှေအောင်သင်း၊ ဦးဘုန်း(ဓာတု)၊ ဦးအေးကျော်(MHR) ကျောင်းအုပ်တို့က ဟောပြောမည် ဖြစ်ပြီး စာပေစကားဝိုင်းအစီအစဉ်တွင် လူငယ့်ရေးရာစကားဝိုင်း၊ ပညာရေးပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူလူထု၏ အခန်းကဏ္ဍ ဟူသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသော စာပေချစ်သူများ ပါဝင်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တဲကြီးကုန်းကျေးရွာ၌ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ရေနုတ်မြောင်းနှင့် ရွာပတ်ကွန်ကရစ်လမ်း ဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၃**
ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့် အခြေခံပြီးဆောင်ရွက်ရမည့် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာတို့တွင် စတင်၍ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးကြသည်။

"မနှစ်က ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကိုဆောင်ရွက်ဖို့ ကျပ် ၂၃၃ သိန်းရပါတယ်။ စီမံကိန်းသုံးခုနဲ့ ဆောင်ရွက်ရတယ်။ ဒီနှစ်တော့ လမ်းဘေးခတ်တိုင်တွေနဲ့ ဖြည့်စွက်ခတ်တိုင်တွေ သွယ်တန်းပြီးတော့ ရေသန့်စက်တစ်ခုကိုလည်း တည်ဆောက်နိုင်ဖို့ စီမံထားပါတယ်"ဟု တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းထဲမှ ကျေးရွာတစ်ရွာလျှင် ၂၃၃ သိန်းချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၃၅ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၅ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ ဆောင်ရွက်ထားရှိမှု မှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းမှာ ပွင့်လင်းမြင်သာစွာ ချပြထားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ အင်းစိန် အိမ်ထောင်သည်ရဲမေများ အခြေခံစစ်ပညာသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၃**။ ။အင်းစိန်ရထားရဲတပ်ဖွဲ့အမှတ် (၁၄) တပ်ခွဲခန်းမ၌ ရထားရဲတပ်ဖွဲ့အမှတ်(၁၄)တပ်ခွဲရှိ မှီခိုသူ အိမ်ထောင်သည်ရဲမေများ အခြေခံစစ်ပညာသင်တန်းအမှတ်စဉ် (၂/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ တပ်ခွဲမှူး ဒု-ရဲမှူး စိုးမိုးလွင်က သင်တန်းဖွင့် အမှာစကားပြောကြားကာ မြန်မာ့မီးရထား အင်းစိန်ဘူတာ ရုံပိုင်ကြီး (အထူးတန်း) ဦးမင်းမင်းဦး၊ အင်းစိန် ရထားရဲစခန်းမှူး ရဲအုပ်ခင်ဇော်ဦး၊ တပ်စုမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် ဈေးကုန်းအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလှထွန်း၊ ဦးအောင်သန်း၊ သင်တန်းသူ ရဲမေ ၃၂ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် တပ်ခွဲမှူး ဒု-ရဲမှူး စိုးမိုးလွင်က အနီးကပ်ကြီးကြပ်၍ သင်တန်းနည်းပြ ရဲတပ်ကြပ်ကြီး လှဝင်းအောင်၊ ရဲတပ်ကြပ်ကြီး ဇော်နိုင်ဦး၊ ရဲတပ်ကြပ်ကြီး ဇော်ဝင်းတို့က စာတွေ့၊ လက်တွေ့များအပြင် လက်နက်ငယ်ကျွမ်းကျင်မှုဘာသာရပ်များ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်လင်း(အင်းစိန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်(ရွှေဈေး) ၈၆၅၀၀၀ - ၈၆၅၀၀၀ မန္တလေး(ရွှေဈေး) ၈၆၅၀၀၀ - ၈၆၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၇. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၆၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၂၉၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၈၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၉. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၉၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၄. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၉. ၆၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အဆင်ပြေချောမွေ့စွာ ဂုတ်တွင်းလမ်းကို ဖြတ်သန်းနိုင်ခဲ့

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နေ အစ်ကိုကြီး၏ အလှူပွဲတက်ရောက်ရန် စာရေးသူနှင့် ညီအစ်ကို သုံးယောက်တို့သည် ဇန်နဝါရီ ၁၁ ရက် ညပိုင်းတွင် ရန်ကုန်မှ မူဆယ်မြို့သို့ ခရီးစတင်ခဲ့သည်။ မန္တလေးသို့ ဇန်နဝါရီ ၁၁ ရက် နံနက် ၅နာရီခွဲခန့်တွင် ရောက်ရှိပြီး နံနက် စာစားရင်းခဏနားကာ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ပြင်ဦးလွင်မြို့သို့ ရောက်ရှိရာတွင် မြို့ရှောင်လမ်းမှ မောင်းနှင်ကာ နောင်ချိုသို့ ခရီးဆက်ခဲ့သည်။ လမ်းခရီးမှ ရှုခင်းများ သာယာလှပမှုကို ဓာတ်ပုံရိုက်ရင်းဖြင့် ခရီးထွက်ခွာခဲ့ရာ နောင်ချိုမြို့အထွက် တိုးဂိတ်နားရောက်လာခဲ့သည်။

တိုးဂိတ်ရောက်ခါနီး LED ဆိုင်းဘုတ်မှ စာတန်းကို ဖတ်မိလိုက်ရာ "အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာ နိုင်ပါသည်"ဟု ဖြစ်သဖြင့် ယင်းစာတန်းကို ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်လိုက်ပြီး နောင်ချို-ကျောက်မဲလမ်းပိုင်း လမ်းဖြတ်သန်းခကောက်ခံသည်ကို ဂိတ်စစ်သည်နှင့် ငွေလက်ခံစာရေးကို "အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာနိုင်ပါသည်လို့ ဟိုဆိုင်းဘုတ်မှာ စာတန်းထိုးထားတာဘာလဲ"လို့ မေးလိုက်တော့ စာရေးလေးက "ဦးလေးဂုတ်တွင်းမှာ ကားတွေရှင်းနေလို့ မော်တော်ယာဉ်ကို အသိပေးတဲ့ စာသားပါ"ဟု ပြန်ပြောသည်။ ဒါဆို ကားပိတ်မှု ခဏခဏဖြစ်လို့ အသိပေးထားတော့ စာရေးသူတို့ရောက်ရှိချိန်မှာ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းနိုင်တော့မည်ဖြစ်သဖြင့် ဝမ်းသာသွားကြသည်။

ဂုတ်တွင်းတံတားအနီး ဝဲဘက်ရှိ အဆောက်အအုံရှေ့၌ ယာဉ်ထိန်းရဲနှင့် ကုမ္ပဏီဝန်ထမ်းကိုတွေ့သဖြင့် ကားရပ်ကာ ၎င်းတို့ကို မိတ်ဆက်၍ ဂုတ်တွင်းတံတား ယာဉ်ကြောပိတ်ဆို့ရာတွင် ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု အခြေအနေကို သိလို၍ မေးမြန်းစုံစမ်းကြည့်ခဲ့သည်။

"ကျွန်တော့်နာမည် တပ်ကြပ်ကြီး မိုးသန့်ဆွေပါ။ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁၂၀)ကျောက်မဲမြို့ကပါ။ကျွန်တော်တို့ တစ်ပတ်တစ်ကြိမ် ကျောက်မဲက ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ နောင်ချိုက နှစ်ဦး စုစုပေါင်း လေးဦး တပ်စိတ်တစ်စိတ်စီ ချိန်းပါတယ်။ တနင်္ဂနွေနေ့တိုင်း တပ်စိတ်တစ်စိတ် ချိန်းပါတယ်။ ကျွန်တော် ညပိုင်းတွေမှာလည်း ပိတ်တာပါပဲ။ ကျွန်တော်တို့ကတော့ နေ့မနား၊ ညမအားကားပိတ်ပီဆိုရင် အချိန်မရွေး ရှင်းပေးနေပါတယ်။ လမ်းက အတက်ကားရော၊ အဆင်းကားပါဆိုတော့ အတက်ကားများရင် အတက်ကားကို ဦးစားပေးပြီး အဆင်းကားများရင်တော့ အဆင်းကို ဦးစားပေးရတာပေါ့။ အခုရက်ပိုင်းဆိုရင် မော်တော်ယာဉ်တွေ အလွန်များတယ်။ သစ်သီးပေါ်ချိန်မို့လို့ အတက်ကားတွေများသလို တာဝန်ကျချိန်မှာ ဂုတ်တွင်းရဲ့ ခြောက်ထပ်ကွေ့မှာ ယာဉ်ကြောပိတ်ဆို့မှုလေးတွေကြုံပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့ယာဉ်မောင်းတွေက ဆန္ဒစောပြီး တစ်စီးနဲ့တစ်စီး ကျော်တက်တဲ့အခါမထင်မှတ်ဘဲ ယာဉ်ကြောပိတ်တတ်သလို၊ ကားတွေရဲ့ စက်ပစ္စည်းချွတ်ယွင်းချက်ကြောင့်လည်း ပိတ်ပါတယ်။ အခုကာလမှာ ကားတွေကလည်း များလာတယ်။ အချို့တွဲကားတွေဆို အရှည်ကြီး။ ဒီခြောက်ထပ်ကွေ့မှာ အကွေ့တွေများတော့ ကျော်တက်လာတဲ့ကားနဲ့ ဆုံရင် ပိတ်တော့တာပဲ။ နောက်ပြီး ကားပိတ်တာက နေ့ပိုင်းမှာတင်ပိတ်တာမဟုတ်ပါဘူး။ အဆင်းကားတွေလည်း အလွန်များတယ်။ တကယ်လို့ယာဉ် တွေကြုံခိုင်မှု မကောင်းလို့ ပျက်သွားတယ်။ ကားကို ကရိန်းနဲ့ ဆွဲ လွတ်ရာကို ရွှေ့ရတော့ အချိန် နှစ်နာရီ၊ သုံးနာရီလောက်ကြာသွားတတ်ပါတယ်။ သုံးနာရီကျော် ကားပိတ်သွားရင်ကားတွေ ပြန်ရှင်းရာမှာလည်း သုံးနာရီလောက်ကြာတတ်ပါတယ်။ ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့တွေ အင်အားရှိသလောက်နဲ့ရှင်းလို့မနိုင်ရင် ရဲတပ်ဖွဲ့တွေ၊ အိုရီယမ်တယ်ဟိုက်ဝေး ကုမ္ပဏီလီမိတက်က ဝန်ထမ်းတွေ အားလုံး စုပေါင်းပြီး ဖြေရှင်းပေးနေပါတယ်။ အမြဲတမ်း ပိတ်နေတာ မဟုတ်ပါဘူး။ ကျွန်တော်ပြောခဲ့သလို ကားတွေကြံ့ခိုင်မှုကောင်းဖို့ လိုသလို ယာဉ်မောင်းတွေလည်း စည်းကမ်းတကျ မောင်းနှင်ကြမယ်ဆိုရင် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းသွားနိုင်ပါတယ်"ဟု ရှင်းပြသည်။



ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၁၂၀ မှ တပ်ကြပ်ကြီး မျိုးသန့်ဆွေ။



ဂုတ်တွင်းခြောက်ထပ်ကွေ့ သွားလာမှုအဆင်ပြေနေသည်ကိုတွေ့ရစဉ်။

ယာဉ်ထိန်းရဲရှင်းပြသွားသလိုပါပဲ။ စာရေးသူတို့ရောက်ရှိချိန်မှာ ယာဉ်ကြောရှင်းနေသလို သွားလာရေးအတွက် အားလုံးအဆင်ပြေနေသည်ကိုတွေ့ရသဖြင့် ဂုတ်တွင်းတံတားနှင့် ခြောက်ထပ်ကွေ့ကို ဓာတ်ပုံမှတ်တမ်းတင်ကာ ကျောက်မဲသို့ဆက်လက်ထွက်ခွာခဲ့သည်။

**(အောင်ထွန်း)**

# အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ပုသိမ်ကြီး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် အောင်သုခရပ်၌ ယနေ့နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားသည်။ ဖြစ်စဉ်မှာ ဒေါ်အဲမိ (မန္တလေးမြို့နေထိုင်သူ) ပိုင်ဆိုင်သောမြေအတွင်း အိမ်ငှားနေသူ ဒေါက်တာကောင်းသာထက် (တိရစ္ဆာန်ဆေးကုဆရာဝန်)နှင့် ဇနီးတို့ နေထိုင်သောအိမ်မှစတင်၍ မီးလောင်ကျွမ်းခဲ့ရာ စုစုပေါင်း အိမ်လေးလုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး ရောက်ရှိပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၆၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှု ကြောင့် နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့်အဖွဲ့၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးနှင့်အဖွဲ့၊ မြို့နယ် လျှပ်စစ်မန်နေဂျာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်ငြိမ်းသတ်ခဲ့ပြီး ဖြစ်စဉ်အား စစ်ဆေးခဲ့သည်။ အဆိုပါ နေအိမ်တွင် တိရစ္ဆာန်ဆေးဝါးများထားရှိသော အခန်း၌ တပ်ဆင်ထားသော Aircon Safeguard အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဒေါက်တာကောင်းသာထက်နှင့်ဇနီးတို့ မီးလောင် သေဆုံးခဲ့ပြီး နေအိမ်လေးလုံး၊ TOYOTA Belta ယာဉ်တစ်စီး အင်ဂျင်ပိုင်းပျက်စီး၊ ဆိုင်ကယ် သုံးစီးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ကိုးစု၊ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၁ ဦးတို့အား မြို့မရပ်ကွက်ရှိ ဓမ္မစကြာ ဝိမာနဘုန်းကြီးကျောင်း၌ ခေတ္တနေရာ ချထားပေးပြီး ပြန်လည်ထူထောင်ရေးနှင့် စားဝတ်နေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဇာနည်ကိုကို)**



# နေပြည်တော်စည်ပင်ဧည့်ရိပ်သာ၌ တည်းခိုသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာတွင် ယနေ့နံနက် ၁၀ နာရီက သတင်းအရ ဝင်ရောက်ရှာဖွေရာ တည်းခိုနေထိုင်သူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခန့်က သတင်းအရစည်ပင်ဧည့်ရိပ်သာ အဆောင်(၂) အခန်း(၆)တွင် တည်းခိုနေထိုင်သူ မလဖိုင်နိုင်ရွယ် (ခ) မသီတာအောင် နယ်မြေ (၆) အမှတ် (၉) ရပ်ကွက် လားရှိုးမြို့ ယခု ငှက်ပျောတောကျေးရွာ ဖားကန့်မြို့နေသူအား ရှာဖွေမှုများပြုလုပ်ခဲ့သည်။ ၎င်းလွယ်ထားသည့် LUMANDI တံဆိပ်ပါ လွယ်အိတ်အတွင်းမှ ရွှေမန္တလာ တံဆိပ်ပါ အာရွှဲ့အမည်ဖြင့် ၁၁. ၁. ၂၀၁၇ ရက်စွဲပါ ကားလက်မှတ်တစ်စောင်၊ ဒေါ်သီတာအောင် အမည်ပါ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ငွေစက္ကူရောရာ ၃၁၂၀၀ ကျပ်၊ Red Ruby တံဆိပ်ပါ ဆေးလိပ်ဘူးခွံအတွင်း ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၄၈ ပြားနှင့် အစိမ်းရောင်ဆေးပြား နှစ်ပြား၊ ၁၈. ၉. ၂၀၁၅ ရက်စွဲပါ ဒေါ်လဖိုင်နိုင်ရွယ်အမည်ပါ ထောက်ခံစာတစ်စောင်၊ ခဲဖြူရောင် ဖုန်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

မလဖိုင်နိုင်ရွယ်၏ စစ်ခံချက်အရ အဆိုပါ ဆေးပြားများအား မအိုက်ရှန် (၃၆) နှစ် ပန်ဆိုင်းကျေးရွာ ကြူကုတ်မြို့နေသူထံမှ ဆေးပြား ၂၅၀ ပါ တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ပြန်လည်ရောင်းချခဲ့ကြောင်း သိရသည်။ အဆိုပါ အမှုကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁) မြို့မရဲစခန်းက မူးယစ်(ပ) ၁/၂၀၁၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ -၁၅/၁၉(က)/၂၀(က)/၂၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ဦး၊ ခင်ဇော်**

# မူဆယ်-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးအနီး ဒေသန္တရလက်လုပ်မိုင်းတစ်လုံး တွေ့ရှိရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး အနောက်ဘက်ခြမ်းတွင် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ဒေသန္တရလက်လုပ်မိုင်းတစ်လုံး၊ ဖျူးနှစ်ချောင်းနှင့် ဝါယာကြိုးနှစ်ခွေတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နယ် မူဆယ်-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး၌ တပ်မတော်စစ်ကြောင်းက လုံခြုံရေးဆောင်ရွက်စဉ် ပြည်ထောင်စုကားလမ်းမကြီးအနောက်ဘက်ခြမ်း မူဆယ်မြို့၏တောင်ဘက် ၁၅ မိုင်ခန့် အကွာ၌ မသက်ာဖွယ် ဝါယာကြိုးစတစ်ခု တွေ့ရှိ၍ ရှင်းလင်းရာ လက်နက်ကိုင်အဖွဲ့များထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး၊ ဖျူးနှစ်ချောင်းနှင့် ဝါယာကြိုးနှစ်ခွေတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါမိုင်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျသက်မဲ့ပြုလုပ်၍ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကွတ်ခိုင်မြို့အတွင်း လက်နက်ကိုင်အဖွဲ့ကအသံမိုင်းတစ်လုံးဖောက်ခွဲ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့၌ ယမန်နေ့ည ၈ နာရီခန့်က အသံမိုင်းတစ်လုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကွတ်ခိုင်မြို့ ရပ်ကွက်(၁) မြန်မာ့စီးပွားရေးဘဏ်အနောက်ဘက်၌ ပေါက်ကွဲသံကြားရသဖြင့် နယ်မြေခံတပ်မတော်သားများက သွားရောက်ရှင်းလင်းရာ ပေါက်ကွဲမှုဖြစ်ပွားသည့်ဘက်မှ ဆိုင်ကယ်နှစ်စီး အပြင်းမောင်းနှင်လာသဖြင့် ရပ်တန့်ရန် သတိပေးသော်လည်း ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသောကြောင့် လက်နက်ငယ်ဖြင့်ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

ပေါက်ကွဲမှုကို သွားရောက်စစ်ဆေးရာ လက်နက်ကိုင်အဖွဲ့က မြို့နေပြည်သူလူထုအထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်၍ အသံမိုင်းတစ်လုံးဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါ နေရာတစ်ဝိုက်နှင့် မသင်္ကာဖွယ်ဆိုင်ကယ်နှစ်စီးနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သက္ကယ်ပြင်ကျေးရွာအုပ်စု အရှေ့ရွာ၌ မီးလောင်မှုဖြစ်ပွား နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံး

**နေပြည်တော် ဇန်နဝါရီ ၁၃**

မောင်တောမြို့နယ် သက္ကယ်ပြင်ကျေးရွာအုပ်စု အရှေ့ရွာ၌ ယနေ့နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

သက္ကယ်ပြင်ကျေးရွာအုပ်စု အရှေ့ရွာနေ ဟာဘီဆော်လမ်၏နေအိမ်တွင် ယနေ့နံနက် ၅ နာရီခွဲက မီးဖိုချောင်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ မဟာဇာရာခါတူ၏နေအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့ရာ အနီးပတ်ဝန်းကျင်ရှိရွာသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

# မယ်စကြဝဠာပြိုင်ပွဲဝင်ရန် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ထက်ထက်ထွန်း ဖိလစ်ပိုင်သို့ ထွက်ခွာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် မယ်စကြာဝဠာပြိုင်ပွဲသို့ မြန်မာကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် ထက်ထက်ထွန်းသည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ယခုနှစ်တွင် ကျင်းပမည့် (၆၅)ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပတော့မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် ယှဉ်ပြိုင်ခွင့်ရခဲ့သော အလှမယ် ထက်ထက်ထွန်းသည် အသက် (၂၄) နှစ်အရွယ်၊ အရပ် ၅ ပေ ၇ လက်မရှိပြီး B.Tech Civil Engineering ဖြင့် ဘွဲ့ရရှိသူတစ်ဦးဖြစ်သည်။ သူသည် ပင်ကိုစွမ်းရည်ပိုင်းတွင် အကနှင့် DJ ထူးချွန်သူလည်းဖြစ်သည် သူသည် ၂၀၁၄ ခုနှစ် Miss Myanmar World ပြိုင်ပွဲကြီးတွင် 2nd Runner-up သရဖူကိုသာ ရရှိခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် Miss Universe Myanmar ပြိုင်ပွဲကြီးတွင်မူ Winner သရဖူကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

"ထက်ထက်ထွန်းဆိုတဲ့ အမျိုးသမီးတစ်ယောက် တတ်နိုင်သလောက်ကို အကောင်းဆုံးကြိုးစားသွားခဲ့မှာပါ။ ထက်လုပ်နိုင်နေလျက်နဲ့ လျော့ပြီးတော့ လုပ်ခဲ့တာမျိုး မရှိဘူးဆိုတာကိုတော့ အာမခံပါတယ်။ ဒါပေမယ့် ဘယ်နေရာ၊ ဘယ်ထိရောက်မယ်ဆိုတာကတော့ ကံနဲ့လည်း ဆိုင်တယ်။ အဘက်ဘက်က သက်ဆိုင်နေတော့ တစ်ခုခု ယူလာပေးမယ်လို့ အာမခံချက်တော့ မပေးနိုင်သေးပါဘူး။ ဒါပေမယ့် ကျိန်းသေတာတစ်ခုက အကောင်းဆုံး ကြိုးစားခဲ့ပါ့မယ်။ ပရိသတ်ကြီးအားလုံးကိုလည်း ချစ်ပါတယ်။ ထက်ကိုလည်း အများကြီးချစ်ပေးကြပါ။ ပြိုင်ပွဲအတွက်လည်း ရင်ထဲက မေတ္တာလေးပို့ပေးကြပါ။ အကောင်းဆုံးကြိုးစားခဲ့ပါ့မယ်"ဟု အလှမယ် ထက်ထက်ထွန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီဒီယာများနှင့် တွေ့ဆုံစဉ်ဖြေကြားခဲ့သည်။

ယင်းပြိုင်ပွဲကြီးတွင် အလှမယ်များ၏ ကိုယ်ကာယကြံ့ခိုင်မှုအတွက် ရေကူးဝတ်စုံပြိုင်ပွဲ၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကို စစ်ဆေးမည့် အမေးအဖြေကဏ္ဍ၊ နိုင်ငံကိုယ်စားပြုဝတ်စုံပြိုင်ပွဲ အစရှိသည့် ပြိုင်ပွဲများအပါအဝင် အလှမယ်တစ်ဦးချင်းစီ၏ လှုပ်ရှားမှုမှတ်တမ်းများကို ဒိုင်များမှ အနီးကပ်စောင့်ကြည့်ကာ အမှတ်ပေးရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အနေဖြင့်လည်း နိုင်ငံကိုယ်စားပြုဝတ်စုံကို ကမ္ဘာ့အလယ်တွင် ချပြရာတွင် မြန်မာ့ရိုးရာအငွေ့အသက်များပါဝင်သည့် အမြင့်ရုပ်သေးသဘင်ကို ပေါ်လွင်စေမည့် ဒီဇိုင်းဖြင့် ဖန်တီးချုပ်လုပ်ထားကာ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ဇာတ်ခုံပေါ်တွင် လိုက်ကာဖွင့်လိုက်သည်နှင့် နောက်ခံပန်းချီကားပေါ်လာပြီး သစ်ပင်တွင် ချိတ်ထားသည့် ရုပ်သေးရုပ်လေး ကပြနေသည့်ပုံဟန်ဖြင့် အလှမယ်ထက်ထက်ထွန်းက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ နောက်ခံပန်းချီကားသည် မြန်မာနိုင်ငံ၏ အထင်ကရနေရာဖြစ်ပြီး နိုင်ငံခြားသားများ၏ စိတ်ဝင်စားမှုအများဆုံးရှိသည့် ရွှေတိဂုံစေတီတော်နှင့် ပုဂံယဉ်ကျေးမှုနေရာများကို ရေးဆွဲထားကြောင်း သိရသည်။

"ထက်ထက်ရဲ့မျက်နှာက ချစ်စရာလည်းကောင်းတယ်။ cute ဖြစ်တယ်ဆိုတော့ မင်းသမီးရုပ်ကို အားလုံးတိုင်ပင်ပြီး ရွေးချယ်ဖြစ်သွားတာ။ မြန်မာ့ရုပ်သေးဇာတ်သဘင်ကို ကမ္ဘာက သိစေချင်တဲ့ဆန္ဒတစ်ခု၊ တခြားနိုင်ငံမှာလည်း ရုပ်သေးရုပ်တွေရှိပေမယ့် ဒီရုပ်သေးရုပ်က မြန်မာနိုင်ငံကပါလားဆိုတာကို သိစေချင်လို့ပါ။ အရောင်ရွေးချယ်တဲ့နေရာမှာလည်း သဘာဝနဲ့နီးစပ်တဲ့ အရောင်ဖြစ်တဲ့ အနက်ရောင်ကိုပဲ ရွေးချယ်တယ်။ အနက်ရောင်က လူတွေရဲ့အမြင်ကို ဖမ်းစားနိုင်တယ်။ တစ်ကမ္ဘာလုံးက လုပ်လာတဲ့ အရောင်လက်လက်တွေကြားမှာ အနက်ရောင်ဟာ ဆွဲဆောင်မှုအရှိဆုံးနဲ့ ထင်းနေမယ်ဆိုတာ ယုံကြည်တဲ့အတွက်ကြောင့် ရွေးချယ်ပြီး ချုပ်လုပ်ခဲ့တာပါ" ဟု နိုင်ငံကိုယ်စားပြုဝတ်စုံ ဖန်တီးချုပ်လုပ်ပေးသူ ဒီဇိုင်နာ Gam Htoi Lazing က ပြောပြသည်။

"အခုအချိန်မှာ အစ်မတို့ မြန်မာအလှမယ်တွေအနေနဲ့ ပွဲပေါင်းများစွာကို သွားပြိုင်နေကြတယ်။ သွားပြိုင်တဲ့အခါမှာ အောင်မြင်မှုရတဲ့ပွဲတွေရှိပါတယ်။ ပွဲကြီးလေ အောင်မြင်ဖို့က ခက်ခဲလေပါပဲ။ အထူးသဖြင့် Miss Universe က ပိုဆိုးတယ်။ ပွဲကလည်း အကြီးဆုံးဖြစ်တယ်။ ပါဝင်ယှဉ်ပြိုင်တဲ့ နိုင်ငံကလည်းများတယ်။ ပေးတဲ့ဆုက နည်းတယ်။ ဆုရဖို့ဆိုတာ ငါးရာခိုင်နှုန်းတောင် မရှိဘူး။ တကယ့်ကို အောင်မြင်မှုအများဆုံးရတဲ့ အမေရိကန်လို နိုင်ငံမျိုး၊ ဗင်နီဇွဲလားလို နိုင်ငံမျိုးတွေတောင် သူတို့ အောင်မြင်မှုရတာ အကြိမ်ပေါင်း ၆၀ ကျော်မှာ ခုနစ်ကြိမ် ရှစ်ကြိမ်ထက် မပိုဘူးပေါ့နော်။ တော်တော်လေးကို ခက်ခဲတယ်။ အစ်မတို့အနေနဲ့လည်း ပရိသတ်တွေက ဆုရစေချင်တာသိတယ်။ ခက်ခဲတယ်ဆိုတာကိုလည်း ပရိသတ်ကို သိစေချင်တယ်။ အစ်မတို့ထက်စောတဲ့ နိုင်ငံတွေတောင် ဆုတစ်ခုမှမရသေးပေမယ့် ပြိုင်နေသေးတဲ့ နိုင်ငံတွေရှိတော့ အစ်မတို့လည်း နောင်နှစ်၊ နောင်နှစ်တွေမှာ ဆက်ပြီးပြိုင်ပွဲဝင်နိုင်ဖို့အတွက်ကို အားမပြတ်အောင် အားပေးနေဖို့တော့ လိုပါတယ်။ ဒီလိုမျိုး တောက်လျှောက်ပြိုင်နေမယ်ဆိုရင် တစ်နေ့မှာတော့ အစ်မတို့အလှည့် ရောက်လာမှာပါ"ဟု Miss Universe Organization မှ National Director ဒေါ်စိုးယုဝေက ပြောသည်။

မယ်စကြဝဠာပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၅၂ ခုနှစ်မှ စတင်ခဲ့ကာ မြန်မာနိုင်ငံမှ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀ ပြည့်နှစ်များတွင် အလှမယ်များ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၀ တွင် သွားရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါ်မြင့်မြင့်မေ(ကွယ်လွန်) သည် Miss Congeniality ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော်ကြာ Miss Universe ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခြင်း မရှိတော့ဘဲ ၂၀၁၃ ခုနှစ်မှ Miss Universe Myanmar အဖွဲ့အစည်း၏ မြန်မာကိုယ်စားပြုအလှမယ် မိုးစက်ဝိုင်းက မော်စကိုမြို့တွင် ကျင်းပသည့် (၆၂)ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာမှ Miss Universe လောကအတွင်းသို့ တစ်ဖန်ခြေချလာနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ၂၀၁၄ ခုနှစ်တွင် အလှမယ် သျှားထွဋ်အိန္ဒြာ၊ ၂၀၁၅ ခုနှစ်တွင် အလှမယ် မေဘရဏီသော်တို့ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ -မီချီကိုဟန်**

# အက်ဒ်ရှီးရန်၏ တေးအယ်လ်ဘမ်သစ် "Divide"

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ တေးရေးနဲ့ ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ အက်ဒ်ရှီးရန်က ယခုနှစ်သစ်မှာ သူ့ရဲ့ တေးဂီတသစ်တွေကို ခံစားရတော့မှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီး လတ်တလောမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ရဲ့အမည်နဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့စာရင်းကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေ့စ်ရှီးဘစ်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။




ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၂ ရက်မှာ အက်ဒ်ရှီးရန်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့ တတိယမြောက် တစ်ကိုယ်တော် တေးအယ်လ်ဘမ် "Divide" (÷)မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့ အမည်စာရင်းကို ထုတ်ဖော်ပြသ ခဲ့တာဖြစ်ပါတယ်။

နှစ်သစ်ကို ကြိုဆိုတဲ့အနေနဲ့ ယခုလအစပိုင်းမှာ အက်ဒ်ရှီးရန်က "Shape of You"နဲ့ "Castle on the Hills" တေးသီချင်းနှစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပြီးဖြစ်ရာ အဆိုပါတေးသီချင်းနှစ်ပုဒ်ဟာလည်း တေးအယ်လ်ဘမ်သစ်ရဲ့ တေးသီချင်းစာရင်းမှာ ပါဝင်လာခဲ့ပါတယ်။ ဒ့ါအပြင် "Dive"၊ "Eraser"၊ "Happier"၊ "Newman"၊ "Perfect"နဲ့ "Galway Girl" စတဲ့ တေးသီချင်းသစ်တွေလည်း ပါဝင်နေတာတွေ့ရပြီး တတိယမြောက် တေးအယ်လ်ဘမ်မှာတော့ တေးသီချင်း စုစုပေါင်း ၁၂ ပုဒ် ပါဝင်တာတွေ့ရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Galway Girl" ဟာ အိုင်ယာလန်နိုင်ငံ အနောက်ပိုင်းမှာရှိတဲ့ မြို့တစ်မြို့ဖြစ်တဲ့ ဂယ်လ်ဝေးမြို့နဲ့ အိုင်ယာလန်လူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေအကြောင်း ထည့်သွင်းရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် (၂၅)နှစ်အရွယ် အက်ဒ်ရှီးရန်ဟာ သူ့ရဲ့ဂီတသက်တမ်းတစ်လျှောက် တေးအယ်လ်ဘမ်နှစ်ခု ထွက်ရှိခဲ့ပြီးဖြစ်ရာ အဆိုပါတေးအယ်လ်ဘမ်တွေကတော့ ၂၀၁၁ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ "+"(Plus)နဲ့ ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ "×"(Multiply)တေးအယ်လ်ဘမ်တို့ပဲဖြစ်ကြပါတယ်။ လတ်တလောဖန်တီးလျက်ရှိတဲ့ တတိယမြောက်တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်မယ့်နေ့ အတိအကျကိုတော့ လတ်တလောအချိန်အထိ တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# အနုပညာလှုပ်ရှားမှုတွေကနေ အနားယူထားတဲ့ ကမ်ယိုဂျောင်

တောင်ကိုရီးယားရဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် ဇာတ်ဆောင် တစ်ဦးအဖြစ်ပါ အောင်မြင်လာခဲ့တဲ့ မင်းသမီးချော တစ်ဦးဖြစ်တဲ့ ကမ်ယိုဂျောင်ဟာ လတ်တလောမှာ သူ့ရဲ့အနုပညာလုပ်ငန်းတွေ ခေတ္တရပ်နားကာ နေအိမ်မှာပဲ အနားယူလျက်ရှိကြောင်း ဟန်စင်းနီးမား ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ကမ်ဟာ ပြီးခဲ့တဲ့လက ရိုက်ကွင်းတစ်ခုအတွင်း ရုတ်တရက် သတိလစ်သွားခဲ့တာကြောင့် ဆေးကုသမှုခံယူခဲ့ရကာ အလုပ်ကြောင့် ဖိအားမျိုးစုံ ခံစားနေရပုံ ပေါ်နေတဲ့အတွက် ဆေးရုံတက်ကာ ကုသမှုခံယူခဲ့ရပါတယ်။ လတ်တလောမှာတော့ ဆေးရုံက ဆင်းခွင့်ရခဲ့ပြီးဖြစ်ပေမယ့် အနုပညာလုပ်ငန်းတွေကို ပြန်လည်စတင်နိုင်ခြင်းမရှိသေးဘဲ နေအိမ်မှာ အနားယူနေခဲ့ရတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှာ ရုတ်တရက် သတိမေ့သွားခဲ့တဲ့ ကမ်ကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရတာဖြစ်ပြီး ဒီလိုဆေးရုံတက်ရောက်ကုသမှုမခံရမီ ကမ်ဟာ အပြင်းအထန် ဖျားနေခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလိုနေမကောင်းတဲ့အကြားက အနုပညာလုပ်ငန်းတွေ ဆက်လက် လုပ်ဆောင်ခဲ့ခြင်းက သူ့ရဲ့အခြေအနေကို ပိုမိုဆိုးရွားသွားစေခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ကမ်ဟာ လတ်တလောမှာ ရိုက်ကူးနေတဲ့ သူ့ရဲ့ရုပ်ရှင် "Because I Love You" ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေ အပါအဝင်အခြားသော လှုပ်ရှားမှုတွေကိုပါ ရပ်နားထားခဲ့တာဖြစ်ပြီး ယခုနှစ်ဆုံးမှာ ကျင်းပခဲ့တဲ့ မည်သည့်အခမ်းအနားကိုမျှလည်း တက်ရောက်ခဲ့ခြင်း မရှိကြောင်းလည်း သိရပါတယ်။

# ဂီရော့ဒ်၊ ကိုစီယယ်နီနှင့် ကိုကွီလင်တို့အား အာဆင်နယ်အသင်း စာချုပ်သစ်များချုပ်ဆို




အာဆင်နယ်အသင်းသည် အသင်း၏ အားထားရသည့် ကစားသမားများဖြစ်ကြသည့် အိုလီဗာဂီရော့ဒ်၊ ကိုစီယယ်နီနှင့် ဖရန်ဆစ်ကိုကွီလင်တို့အား စာချုပ်သစ်များ ထပ်တိုးချုပ်ဆိုလိုက်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဂီရော့ဒ်၊ နောက်တန်းကစားသမား ကိုစီယယ်နီနှင့် ကွင်းလယ်ကစားသမား ကိုကွီလင်တို့၏ စာချုပ်သစ်များနှင့်စပ်လျဉ်း၍ တိကျသောသက်တမ်း ဖော်ပြခဲ့ခြင်းမရှိခဲ့သော်လည်း နောက်တန်းကစားသမား ကိုစီယယ်နီကမူ သုံးနှစ်ခွဲရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းကြောင့် ၎င်း၏စာချုပ်သက်တမ်းမှာ ၂၀၂၀ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း တွစ်တာစာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။ တိုက်စစ်မှူး ဂီရော့ဒ်မှာမူ နှစ်နှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ်အထိ ဆက်ရှိမည်ဖြစ်ကြောင်း သတင်းအချို့တွင် ဖော်ပြထားသည်။

"အာဆင်နယ်အသင်းအတွက် အရေးပါတဲ့ ကစားသမားသုံးဦးကို ကာလရှည်စာချုပ်သစ်တွေ ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် အလွန်ပဲကျေနပ်ဝမ်းသာဖြစ်ရပါတယ်။ ကိုကွီလင်ကတော့ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက နည်းစနစ်ပိုင်းဆိုင်ရာမှာ ကျွမ်းကျင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ အိုလီဗာဂီရော့ဒ်ကတော့ လက်ရှိအနေအထားမှာ အသင်းရဲ့တိုက်စစ်ပိုင်းမှာ အားထားရတဲ့ ကစားသမားတစ်ဦးပါ"ဟု အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်မှူး ဂီရော့ဒ်၊ နောက်တန်းကစားသမား ကိုစီယယ်နီနှင့် ကွင်းလယ်ကစားသမား ကိုကွီလင်တို့အား စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့သော်လည်း အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့အား စာချုပ်သစ် ချုပ်ဆိုနိုင်ရေးအတွက် အချိန်အားဖြင့် စောင့်ရဦးမည်ဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ဆိုသည်။

**(ငွေကြယ်)**

## မန်ယူနှင့် လီဗာပူးတို့ပွဲစဉ်က မန်ချက်စတာ ဒါဘီထက် ပိုမိုကြီးကျယ်ခမ်းနားမည်

လာမည့် ဇန်နဝါရီ ၁၅ ရက်တွင် ယှဉ်ပြိုင်ရမည့် မန်ယူ-လီဗာပူးတို့ ပွဲစဉ်မှာ မန်ချက်စတာဒါဘီထက် ပိုမိုကြီးကျယ်ခမ်းနားမည့် ပွဲစဉ်ဖြစ်ကြောင်း မန်ယူကွင်းလယ်လူ ပေါ့ဘာက သူ၏အမြင်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ မန်ယူအသင်းက လီဗာပူးကို အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် လက်ခံကစားရမည်ဖြစ်ပြီး လက်ရှိအနေအထားအရ နှစ်သင်းစလုံး အကောင်းဆုံးပုံစံကို ထိန်းသိမ်းထားနိုင်သဖြင့် အနိုင်၊ အရှုံး အဖြေထွက်ရန်ပင် ခဲယဉ်းသည့် ပွဲစဉ်တစ်ပွဲဖြစ်သည်။

မန်ချက်စတာ ဒါဘီပွဲစဉ်များယှဉ်ပြိုင်တိုင်း နှစ်ဖက်အသင်းတန်ဖိုးကြီး ကစားသမားများကြောင့် ပြိုင်ဆိုင်မှု အပြင်းထန်ဆုံး ပြိုင်ပွဲအဖြစ် မီဒီယာများက အသားပေးဖော်ပြကြရာ ဘောလုံးပရိသတ်အများစု၏ အာရုံကို ပိုမိုလှုပ်နှိုးစေနိုင်ခဲ့သည်။ သို့သော် ပေါ့ဘာကမူ သမိုင်းကြောင်းအရ ကြည့်လျှင်ပင် မန်ယူ-လီဗာပူးတို့ ပွဲစဉ်မှာ မန်ချက်စတာဒါဘီထက် ပိုမိုကြီးကျယ်ခမ်းနားပြီး အနိုင်သုံးမှတ်ရယူနိုင်ရန် အင်မတန်ခက်ခဲကြောင်း ဘီဘီစီသတင်းဌာန၏ ရုပ်သံအစီအစဉ်တစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

မန်ယူအသင်းသည် လောလောဆယ်တွင် အကောင်းဆုံး ပုံစံတစ်ရပ်ရရှိနေပြီး ပြိုင်ပွဲစုံ ၁၅ ပွဲဆက်တိုက်ရှုံးပွဲမရှိခဲ့သလို ပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း ဒုတိယနေရာမှ လီဗာပူးနှင့် ငါးမှတ်သာ ကွာဟတော့သည်။ လီဗာပူးသည်လည်း ဇယားထိပ်မှ ချယ်လ်ဆီးနှင့် ငါးမှတ်အထိ ကွာဟဆဲဖြစ်ရာ ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ကစားနိုင်ပါမှ ပရီမီယာလိဂ် ချန်ပီယံဆုကို စိန်ခေါ်နိုင်မည့် အနေအထားကို ဆက်လက်ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။ နှစ်သင်းစလုံးသည် ကြားရက်တွင် အီးအက်ဖ်အယ်လ်ဖလား အကြိုဗိုလ်လုပွဲစဉ်များ အသီးသီးယှဉ်ပြိုင်ခဲ့ရသော်လည်း အဓိက ကစားသမားသမားများ အနားပေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ယခုယှဉ်ပြိုင်မည့် မန်ယူ-လီဗာပူး ပွဲစဉ်အပေါ် မည်မျှအာရုံစိုက်ထားသည်ကို တွေ့ကြရမည်ဖြစ်သည်။ **(ရွှင်ယန်ဟောင်)**

## ကံကောင်းလို့ အကောင်းဆုံး သွင်းဂိုးတစ်ဂိုးကို သွင်းယူနိုင်ခြင်းဖြစ်ဟု ပွတ်စ်ကပ်စ်ဆုရှင် ဆူဘာရီပြောကြား

ဖီဖာ အကောင်းဆုံးဘောလုံးဆုချီးမြှင့်ပွဲမှာ အလှပဆုံး သွင်းဂိုးဆု(ပွတ်စ်ကပ်စ်ဆု)ရရှိခဲ့သူ ဆူဘာရီက အဆိုပါ သွင်းဂိုးကို သွင်းယူနိုင်ခြင်းမှာ ကံကောင်း၍ဖြစ်ပြီး ၎င်းကိုယ်တိုင်ကမူ အလှပဆုံး သွင်းဂိုးအတွက် နေမာ၏ သွင်းဂိုးကိုသာ မဲပေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။



မလေးရှား တိုက်စစ်မှူး ဆူဘာရီက မက်ဆီနှင့် နေမာတို့ကို ကျော်ဖြတ်၍ ၂၀၁၆ ခုနှစ် အလှပဆုံးသွင်းဂိုးဆုရှင်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ဆူဘာရီက "ကျွန်တော့်ကို ယုံချင်ယုံ၊ မယုံချင်နေပါ။ ကျွန်တော့်အနေနဲ့ ဒီလိုပုံစံမျိုး တစ်ထပ်တည်း ကန်သွင်းဖို့ အမြဲတမ်းကြိုးပမ်းခဲ့ဖူးပါတယ်။ ဒီတစ်ခါတော့ ကံကောင်းပြီး ဘောလုံးက ဒုံးကျည်သွား လမ်းကြောင်းနဲ့ ဂိုးပေါက်ထဲဝင်သွားခဲ့တာဖြစ်ပါတယ်။ ဒီဂိုးက တကယ့်ကို အံ့အားသင့်ဖွယ်ကောင်းတဲ့သွင်းဂိုးဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ ဗီလာရီးယဲလ်နှင့် ပွဲစဉ်တွင် ဘာစီလိုနာစတား နေမာ သွင်းယူခဲ့သည့် သွင်းဂိုးမှာလည်း ဆူဘာရီ၏ သွင်းဂိုးနှင့်နှင့်အပြိုင် ပွတ်စ်ကပ်စ်ဆု ရရှိရန် ရေပန်းစားခဲ့သည့် သွင်းဂိုးဖြစ်ခဲ့ပြီး ဆူဘာရီက သူကိုယ်တိုင်ပင် နေမာ၏ သွင်းဂိုးကိုသာ အကောင်းဆုံးဂိုးအဖြစ် မဲပေးခဲ့သည်ဟု ဆိုသည်။ ယခင်က မထင်မရှား ကစားသမားတစ်ဦးဖြစ်တဲ့ ဆူဘာရီအနေဖြင့် ပွတ်စ်ကပ်စ်ဆုရှင်ဖြစ်လာပြီးနောက် ကမ္ဘာ့အားကစားမီဒီယာများသာမက ကမ္ဘာ့ဘောလုံး ပရိသတ်များ၏ အာရုံစိုက်မှုကိုပါ အထူးရရှိလာခဲ့သည်။ ဆူဘာရီက ယခုကဲ့သို့ ဂုဏ်သိက္ခာကြီးမြင့်သည့် ဆုကို ရယူနိုင်ခဲ့ခြင်းကြောင့် အနာဂတ်တွင် ဘောလုံးလောကအတွက် ပိုမိုအာရုံစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရွှင်ယန်ဟောင်)**

## တိုက်စစ်မှူး ဘန်တီကီအား ရောင်းချမည်မဟုတ်ဟု နည်းပြဆမ်အလာဒိုက်စ်ပြောကြား

ခရစ္စတယ်ပဲလေ့စ်အသင်းသည် တိုက်စစ်မှူး ဘန်တီကီအား ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ရောင်းချမည်မဟုတ်ကြောင်းနှင့် အသင်းအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြဆမ်အလာဒိုက်စ်က ပြောကြားခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘန်တီကီသည် ပြီးခဲ့သည့်ဩဂုတ်လအတွင်းက လီဗာပူးအသင်းမှ ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းမှာမူ ယခုနှစ်ဘောလုံးရာသီ၌ တန်းဆင်းရမည့်အနေအထားသို့ ရောက်သွားပါက ဘန်တီကီ၏ အနာဂတ်သည်လည်း ပြောင်းလဲမှုတစ်စုံတရာဖြစ်သွားနိုင်ကြောင်း သိရသည်။

"ဘန်တီကီနှင့်ပတ်သက်လို့ ဘယ်တော့မှ ဆိုတဲ့ စကားလုံးကို မပြောလိုပေမယ့် အခုလောလောဆယ်တော့ ခရစ္စတယ်ပဲလေ့စ်အသင်းမှာပဲ ဆက်ရှိနေမှာပါ။ ဇန်နဝါရီအပြောင်းအရွှေ့ကုန်တဲ့အထိတော့ ခရစ္စတယ်ပဲလေ့စ်အသင်းမှာပဲ ဆက်ရှိနေမှာပါ"ဟု အင်္ဂလန်လက်ရွေးစင်အသင်း၏ နည်းပြဟောင်းတစ်ဦးဖြစ်သူ ဆမ်အလာဒိုက်စ်က ပြောကြားခဲ့သည်။

**(ငွေကြယ်)**

## ပါယက်မှာ ဝက်စ်ဟမ်းအတွက် ပြဿနာတစ်ရပ်ဟုပင် နေးလ်အက်ရှ်တန်စွပ်စွဲ

ဝက်စ်ဟမ်းကြယ်ပွင့် ပါယက်သည် ဝက်စ်ဟမ်းအသင်းကို ချစ်ခင်မြတ်နိုးစိတ်ဖြင့် ကစားနေသူမဟုတ်ဘဲ အသင်းမှ ထွက်ခွာရန်သာ ကြိုးပမ်းနေသည့်အတွက် ဝက်စ်ဟမ်းအတွက် ပြဿနာတစ်ရပ်ပင် ဖြစ်နေသူဟု The Sun သတင်းဌာနအားကစားဆောင်းပါးရှင် နေးလ်အက်ရှ်တန်က စွပ်စွဲပြောကြားလိုက်သည်။




ပါယက်အား ချယ်လ်ဆီး၊ မန်ယူနှင့် အာဆင်နယ်တို့ကဲ့သို့ ပရီမီယာလိဂ်အသင်းကြီးများက အလိုရှိနေသလို သူ၏ အသင်းဟောင်း မာဆေးလ်ကလည်း ပြန်လည်ခေါ်ယူလိုသည်ဟု တရားဝင်ထုတ်ဖော်ပြောကြားထားပြီး ဖြစ်သည်။ ထို့ကြောင့် ပါယက်က တန်ဆင်းဇုန်အန္တရာယ်ရှိနေသည့် ဝက်စ်ဟမ်းအတွက် ဝင်ရောက်ကစားပေးရန်ထက် အသင်းပြောင်းရွှေ့လျှင် ဒဏ်ရာကင်းစင်ရေးအတွက်သာ ဆန္ဒရှိနေရာ ခရစ္စတယ်ပဲလေ့စ်နှင့် ယှဉ်ပြိုင်မည့် ပရီမီယာလိဂ်ပွဲစဉ်ကို ဝင်ရောက်ကစားရန်ပင် ငြင်းဆိုထားကြောင်း သိရသည်။

မန်စီးတီးအသင်းအား ငါးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် ပါယက်ကို အရန်ခုံတွင်သာ လူစားလဲကစားသမားအဖြစ် ထည့်သွင်းခဲ့ရခြင်းမှာလည်း ပါယက်၏ သဘောထားအတိုင်း လိုက်လျောခဲ့ရခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်း ဒုတိယဥက္ကဋ္ဌ ကာရန်ဘရက်ဒီက ပါယက် ဝက်စ်ဟမ်းမှ ထွက်ခွာမည်မဟုတ်ဟု အတည်ပြုထားပြီးဖြစ်သော်လည်း ဇန်နဝါရီဈေးကွက်အတွင်းမှာပင် ဝက်စ်ဟမ်းမှ ထွက်ခွာတော့မည်ဟု သတင်းထွက်နေပြီဖြစ်သည်။ **(ရွှင်ယန်ဟောင်)**

### ဇန်နဝါရီ ၁၄ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၂၁**

| | |
|---|---|
| စပါး - ဝက်စ်ဘရွန်း | ည-၇း၀၀ |
| ဘန်လေ - ဆောက်သမ်တန် | ည-၉း၃၀ |
| ဟားလ်စီးတီး - ဘုန်းမောက် | ည-၉း၃၀ |
| ဆန်းဒါးလန်း - စတုတ်စီးတီး | ည-၉း၃၀ |
| ဆွမ်ဆီး - အာဆင်နယ် | ည-၉း၃၀ |
| ဝက်ဖို့ဒ် - မစ်ဒယ်ဘရော့ | ည-၉း၃၀ |
| ဝက်စ်ဟမ်း - ခရစ္စတယ်ပဲလေ့စ် | ည-၉း၃၀ |
| လက်စတာ - ချယ်လ်ဆီး | ည-၁၂း၀၀ |

**လာလီဂါ ပွဲစဉ် - ၁၈**

| | |
|---|---|
| လီဂါနက် - ဘီဘာအို | ည-၆း၃၀ |
| ဘာစီလိုနာ - လက်စ်ပါးမက်စ် | ည-၉း၄၅ |
| အက်သလက် - ဘက်တစ် | ည-၁၂း၀၀ |
| ဒီပို့တီဗို - ဗီလာရီးယဲလ် | နံနက်-၂း၁၅ |

**စီးရီးအေ ပွဲစဉ် - ၂၀**

| | |
|---|---|
| ခရိုတုန်း - ဘိုလော့နာ | ည-၁၁း၃၀ |
| အင်တာမီလန် - ချီယေဗို | နံနက်-၂း၁၅ |

**မောင်မောင်ဇော်**

## လိုက်လှဲစွာအထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်း၊ ၇၈လမ်းကြားနေ

### ဒေါ်တင်မေလတ်

### ကံ့ကော်ဆေးရုံ(ရန်ကုန်၊ မန္တလေး)

အား **သုဓမ္မသီဂီဘွဲ့တံဆိပ်** ချီးမြှင့်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နောက်နောင်တွင်လည်း အမျိုး ဘာသာ၊ သာသနာအတွက် သက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ကံ့ကော်ဆေးရုံ၊ ဆေးခန်း ဝန်ထမ်းများက ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**YHC ကံ့ကော်ဆေးခန်း(ရန်ကုန်)**
**ကံ့ကော်ဆေးရုံ(မန္တလေး)**


## "ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

မှ

Myanmar National Tele & Communications Co.,Ltd (MNTC) သို့ (၁၂-၁-၂၀၁၇)ရက်နေ့တွင်

စတုတ္ထမြောက် နိုင်ငံအဝှမ်းဆက်သွယ်ရေး Operator လိုင်စင်အား ပေးအပ်ချီးမြှင့်ခဲ့မှုအပေါ်

အထူးဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝှမ်းပြည်သူလူထုအကျိုးကို

အကောင်းဆုံးဝန်ဆောင်မှုပေးစွမ်းနိုင်သော Operator တစ်ခုအဖြစ်

ထမ်းဆောင်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

The VOICE weekly



အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

သင်္ချာကျော်ဖိုးနီ M.Sc. (Maths). Final.
၁၀တန်း: သင်္ချာနှင့်ဘာသာစုံ(၂)လပြတ် (၉-၁-၂၀၁၇)စမည်
ဂေဇက် (၃)လပြတ်နှင့် ပုံမှန်တန်း (၃-၃-၂၀၁၇)စမည်။
၇၊၈၊၉၊၁၀တန်း သင်္ချာနှင့်ဘာသာစုံ ဝိုင်းနှင့် ဘော်ဒါ
မဟာကျော် ရာထူးဝင်ခွင့်များအားလုံး
L.O, J.O, PPTT, PGDMA (၁၁-၁-၂၀၁၇)စမည်
အမှတ်-၃၅၃၊ဒုထပ်၊မဟာဗန္ဓုလလမ်း၊(ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

ajruufu&mif;rnf

နေပြည်တော်စည်ပင်ရိပ်သာဘေး၊ အောင်ဇမ္ဗူရပ်ကွက်၊ ပျဉ်းမနား တောင်ညိုလမ်း(ဂုတ်ကွက်)၊ ဇမ္ဗူသီရိဆေးရုံ၊ ရောဝတီဘဏ်၊ ACE Villa တို့နှင့် မျက်နှာချင်းဆိုင်၊ ပေ(၆၀'×၆၀') ပတ်လည်ထောင့်ကွက်၊ စီးပွားရေးလုပ်ရန်အလွန်နေရာကောင်း။ **ဖုန်း-၀၉-၂၅၀၀၆၄၅၇၁**

tdrfESifhajr&mif;rnf

ပုသိမ်မြို့လယ်ကောင် မြေကွက်နာရီစင် သစ်တောရုံးအစိုးရမူကြိုကျောင်းအနီး၊ GEC လမ်းနှင့် ကုန်သည်လမ်းထောင့်၊ REC ဘော်ဒါဆောင်ဘေး ရှေ့မျက်နှာစာ(၇၈)ပေ နောက်အရှည်(၁၆၅)ပေ နှစ်ထပ်ဆင်ဝင်အိမ်တစ်လုံးပါသည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၈၅၅၀၂၁၅၊ ၀၄၂-၂၅၁၀၈၊ ၀၉-၄၅၂၄၂၈၃၁၉**
**ညို့နှင်းဈေး**

azmif;uaysmuf

ယာဉ်အမှတ် 3D/9280 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

ရောင်းမည်

Bagan Royal Star Construction Co.,Ltd ၏သာဓုကန်သို့လှောင်ရုံရှိ 4"×4" MS Hollow တန် ၃၀ခန့် ရောင်းရန်ရှိသည်။ စိတ်ဝင်စားသူများ (၁)ပတ်အတွင်း ဆက်သွယ်ပါ။
ဖုန်း-၀၁-၆၈၅၃၂၆၊ ၀၉-၇၃၁၂၅၉၀၆၊ ၀၉-၄၂၀၃၈၈၆၂

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ခေတ်မှီကားမျိုးစုံဖြင့် Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

အမည်မှန်

ရန်ကုန်မြို့၊ ES4E ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပထမတန်း $A_4$ မှ (ဘ) ဦးဖြိုးဝေဝင်း၏သမီး မသံသာဟန်အား ယနေ့မှစ၍ မဟေသီဝေဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မဟေသီဝေဝင်း**

Taxi iSrnf

(Probox)

စပေါ် ၃သိန်း-လစာ ၃သိန်း
ကျောက်မြောင်း-တာမွေဦးစားပေး
Ph-09-5406607, 01-548209

အမည်ပြောင်း

ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ပထမတန်း (N) မှ ဦးသက်နောင် (၇/ပခန(နိုင်)၂၂၁၀၉၅)၏ သားဖြစ်သူ မောင်အောင်မြင့်မြတ်အား ယနေ့မှစ၍ မောင်မြတ်ကျော်သူဟုပြောင်းလဲခေါ်ဆိုပါရန်။ မောင်မြတ်ကျော်သူ

ရောင်းမည်/ငှားမည်
(60x80) 2RC, ပါကေး၊ 3 AC,Ph (ပြင်ဆင်ပြီး) ၂ထပ်ဆောင်အပါ၊ ကျောင်းနီး၊ City Mart နီး ကားပါကင်၅စီးခန့်ကျယ်ဝန်းသောမြေကွက်၊ ရန်ကုန်မြို့ (ပွဲစားမလို) (ကြော်ငြာတောင်းခြင်းများလက်မခံ)
**09260199357, 09975979389**

uefYuGufEdkifaMumif;aMunm

ရန်ကုန်မြို့၊ အမှတ်(၉/၁၁)၊ ဗဟိုလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်မှ မြေညီထပ် အလယ် (၁၆'×၅၀'×၁၄' အမြင့်) တစ်ခန်းကို အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုသူ ဦးသိန်းလွင် [၆/မအရ(နိုင်)၀၃၁၃၀၃]ထံမှ ဒေါ်ခင်အေးသိန်း[၁၂/လမတ(နိုင်)၀၂၃၀၁၁]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ၁၆-၁-၂၀၁၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ဤသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူသူက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်ခင်အေးသိန်း**
**အမှတ်(၉၇)၊ 3A၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၁၅၂၅၈၉**

ပညာမြည်ဝ နလုံးလှ ရင်ဝေသွေးရတနာများ၊ မွေးဖွားသန့်စင်ရာ... ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - တတ/၁၃/၁၀/၂၂၈

DHS
ဒဂုံကိုယ်ပိုင်အထက်တန်းကျောင်း
နှင့် အဆင့်မြင့်ဘော်ဒါ
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဂုဏ်ထူးရကျောင်းသားများ
၁၁အ- ၀၅၀ မောင်စည်သူကောင်းဆက် မြန်မာ၊သင်္ချာ၊ဓါတု၊ရူပ၊ဇီဝ
၁၁အ- ၀၆၃ မောင်ကောင်းထက်နိုင် ဓါတု၊ရူပ၊ဇီဝ
၁၁အ- ၀၇၅ မသဇင်မှုးသွယ် ဓါတု၊ဇီဝ
၁၁အ- ၀၅၂ မောင်ဘုန်းဝေယံကျော် ဇီဝ
၁၁အ- ၀၅၅ မဆုဝတီငြိမ်းချမ်း ဇီဝ
၁၁အ- ၀၆၄ မမြတ်နိုးနိုင် ဇီဝ
၁၁အ- ၂၅၃ မောင်အောင်မိုးဦး ဓါတု


တသင်ခန်း တစ်ခန်းလျှင် ကျောင်းသားဦးရေ အကန့်အသတ်ဖြင့်ထားရှိသင်ကြားပေးပါသည်။

သီးသန့်ဘော်ဒါ လူဦးရေနည်းနည်းဖြင့် တည်ထောင်သူကိုယ်တိုင်အနီးကပ်ကြီးကြပ်အုပ်ချုပ်သည်။
(စာသင်+စာကျက်+စာဖြေ)အားလုံးကိုကျောင်းတွင်တစ်နေရာတည်း ပြီးပြည့်စုံအောင်ဆောင်ရွက်ပေးမည်။
Guide နှင့် ကျူရှင်တက်ရန်မလိုပါ။
(၈၊၉၊၁၀) တန်းများကို မတ်လဆန်းမှစ၍ ဖွင့်လှစ်မည်။
ခြံအမှတ်(၈၄)၊နဝရတ်နှင်းဆီလမ်း၊ရွှေပင်လုံအိမ်ရာအပိုင်း(၃)(Rose-Park-3)၊ရောဝတီဘဏ်အနီး၊မြောက်ဒဂုံ။
Phone: 01-583 655, 09-731 21 329,09-798 407123


**သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက်ရွှေတိုက်ကိုစိုး**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ဒစ်ဂျစ်ထယ်(လ်) စိတ်ကြွဆေးအန္တရာယ်

ဆူဒိုနင်

### နိဒါန်း

"ကိုယ့်ကလေး ကွန်ပျူတာ၊ အိုင်ပက်(ဒ်)၊ ဖုန်းစတာတွေကို ငယ်ငယ်နဲ့ ကိုင်တတ်တာ ဂုဏ်ယူစရာမဟုတ်ဘူး။ ရှက်စရာပါ။ ကိုယ်စနစ်တကျ မပျိုးထောင်ခဲ့လို့။ ကိုယ်တိုင်လည်း ကလေးကိုပျိုးထောင်နည်းတွေ မဖတ်မမှတ်ခဲ့တဲ့ ခပ်ပေါ့ပေါ့မိဘမို့ပါ"

ဩစတေးလျနိုင်ငံမှာ နေထိုင်တဲ့ အသက် ၃၀ ကျော်အရွယ် မြန်မာလူမျိုးသားသည်မအေ ဆရာဝန်မလေးတစ်ယောက် စာအုပ်မျက်နှာစာမှာ ရေးထားတဲ့ စာထဲက ကောက်နုတ်ချက်ကလေးပါ။ သူရေးထားတာလေးက စိတ်ဝင်စားစရာကောင်းနေတာမို့ ကျွန်တော်လည်း သူ့စာကို စာအုပ်မျက်နှာစာပေါ်မှာ ပြန်လည်လက်ဆင့်ကမ်းပေးရင်း သည်အကြောင်းနဲ့ ပတ်သက်လို့ စာတစ်ပုဒ်လောက်ရေးဖို့ စိတ်ကူးလိုက်မိပါတယ်။

ရေးမယ်လို့ ကြံနေတုန်းမှာ နောက်ထပ်မိတ်ဆွေတစ်ယောက်က နျူးယော့(ခ်) ပို့(စ်)(ထ်)သတင်းစာပါ ဆောင်းပါးတစ်ပုဒ်ကို စာအုပ်မျက်နှာစာပေါ်မှာပဲ လက်ဆင့်ကမ်းလာပါတယ်။ ဆောင်းပါးကိုရေးသူက အမေရိကန်နိုင်ငံရဲ့ ထိပ်တန်း ပြန်လည်ထူထောင်ရေးဆေးရုံရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ နစ်ခလာ့(စ်) ခယ်(န်)ဒါရာ(စ်)ဖြစ်ပါတယ်။ သူက ကုခန်းစိတ်ပညာပါမောက္ခဟောင်းတစ်ဦးလည်းဖြစ်ပါတယ်။ သူ့ဆောင်းပါးလေးက ပြည့်စုံနေတာမို့ အဲဒီဆောင်းပါးကိုပဲ ဆီလျော်အောင် ပြန်ဆိုပေးဖို့ ရည်ရွယ်လိုက်ရပါတော့တယ်။

### နည်းပညာနဲ့ ပညာရေးအကျိုးကျေးဇူး

အမေရိကန်နိုင်ငံရဲ့ ပညာရေးစနစ်က ခေတ်နဲ့တစ်ပြေးညီမို့ ကျောင်းတွေမှာက နည်းပညာဆရာဆိုတာလည်း ရှိပါတယ်။ အဲဒီနည်းပညာဆရာတွေရဲ့ အလိုအရ ပါးနပ်ချက်ချာတဲ့ ဖုန်းတွေ၊ သင်ပုန်းကွန်ပျူတာတွေ၊ ကွန်ပျူတာတွေဟာ ပညာရေးအတွက် အကျိုးများလှကြောင်း ရေပက်မဝင် ပြောတတ်ကြပါတယ်။ ဒါနဲ့ပဲ ကျောင်းတွေမှာ အဲဒါတွေကို အတန်းငယ်ငယ်၊ အသက်ငယ်ငယ်မှာ သုံးကြရင်း ပထမဆင့် (သူငယ်တန်း) ကျောင်းသားလေးကို အိုင်ပက်(ဒ်) ဝယ်ပေးတဲ့ မိဘတွေပေါ်လာပါတော့တယ်။ အဲဒီမိဘတွေထဲက တစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ မူရင်းဆောင်းပါးကို စဖွင့်ထားပါတယ်။

အဲဒီကလေးက အစတုန်းက စာဖတ်တာ၊ ဘောလုံးကစားတာတွေကို သဘောကျခဲ့ပါတယ်။ အိုင်ပက်(ဒ်)နဲ့ကျတော့ ပညာရေးနဲ့ သက်ဆိုင်တဲ့ ကစားနည်း အမျိုးမျိုးကစားတာကို မအေကလည်း ခွင့်ပြုထားခဲ့တယ်။ အဲသလိုနဲ့ မိုင်း(န်)ခရာ့(ဖ်)(ထ်)ဆိုတဲ့ ကစားနည်းကို ကလေးကတွေ့သွားတယ်။ နည်းပညာဆရာကလည်း ပြောတယ်။ အဲဒီကစားနည်းက တစ်ခုနဲ့တစ်ခု ချိတ်ဆက်လို့ရသော ရောင်စုံပလတ်စတစ်တုံးကလေးတွေနဲ့ လိုရာကို ဆောက်ယူတဲ့ "လီဂို" ကစားနည်းနဲ့ သိပ်မကွာပါဘူးတဲ့။ ဒါနဲ့ မအေလုပ်တဲ့သူကလည်း ခြောက်နှစ်အရွယ် သူ့သားကလေး နေ့ခင်းပိုင်းမှာ အိုင်ပက်(ဒ်)နဲ့ အဲဒါ ကစားနေတာကို ခွင့်ပြုထားခဲ့ပါတယ်။

### အကျင့်ပြောင်းလာခြင်းအစ

သားလုပ်တဲ့သူကလည်း အဲဒီကစားနည်းကို သဘောကျပုံရနေသလို သူတို့ကျောင်းမှာ အဲဒီကစားနည်းအတွက် ကလပ်အသင်းတောင်ရှိတာဆိုတော့ မအေလည်း သိပ်မပူမိဘူးပေါ့။ သည်ကြားထဲကပဲ သားလုပ်တဲ့သူ ပြောင်းလာတာကိုတော့ သတိထားမိနေတယ်။ သားဟာ ကစားနည်းအပေါ်မှာ ပိုပိုအာရုံများလာသလို ဘောလုံးလည်း မကစားတော့၊ စာလည်း မဖတ်တော့တဲ့အပြင် အိမ်ဗာဟီရတွေကိုလည်း အရင်လို မလုပ်တော့ဘူး။ အိပ်မက်ထဲမှာတောင် ကစားနည်းထဲက လေးထောင့်တုံးလေးတွေကို ထည့်မက်တယ်လို့ ပြောတဲ့အခါလည်း ပြောလာရဲ့။

သည်လိုနဲ့ သားရဲ့ အမူအရာလေးတွေ ပြောင်းသထက် ပြောင်းပြောင်းလာတော့ မအေကလည်း အိုင်ပက်(ဒ်)ကို ပြန်သိမ်းဖို့ ကြိုးစားပါရော။ ဟား-ဘယ်ပြောကောင်းမလဲ။ သားလုပ်တဲ့သူ ဝုန်းဒိုင်းကြဲပါလေရောလား။ သားပေါက်ကွဲနေတာက တအားကို ပြင်းထန်လွန်းတာနဲ့ နောက်ဆုံးမှာ အမေကပဲ အလျှော့ပေးလိုက်ပါတယ်။ ပညာရေးအတွက် အကျိုးရှိတဲ့ ကစားနည်းတွေပါလေလို့ သူ့ကိုယ်သူ ဖြေတွေးနေရတာပေါ့။

အဲသလိုနဲ့ တစ်ညကျတော့ သားလုပ်တဲ့သူဟာ အိပ်ချိန်မှာ မအိပ်ဘဲ အိပ်ရာပေါ်မှာ မျက်လုံးအကြောင်သားနဲ့ ငုတ်တုတ်ကြီး ထိုင်နေတာကို တွေ့လိုက်ရပါတယ်။ သူ့အိုင်ပက်(ဒ်)ကတော့ အိပ်ရာပေါ်မှာ ပွင့်လျက်သား။ သားကတော့ အဝေးတစ်နေရာကို ကယောင်ကတမ်းကြည့်နေတယ်။ မအေလည်း သားကိုမနည်းလှုပ်ပြီး သတိပြန်ဝင်လာအောင် လုပ်ယူရပါတော့တယ်။ ဘယ်လို ဖြစ်တာလဲ။ အရင်တုန်းက ကျန်းကျန်းမာမာနဲ့ စိတ်လက်ပေါ့ပေါ့ပါးပါး ရှိနေတတ်မြဲ ကလေးဟာ သတိလစ် မိန်းမောနေတဲ့အထိ ကစားနည်းကို တအားစွဲနေတော့တာကို နားမလည်နိုင်လောက်အောင် ဖြစ်သွားရပါတော့တယ်။

### ဘေးထွက်ဆိုးကျိုးတွေ

နည်းပညာ ရေးဆွဲသူတွေ၊ နည်းပညာအင်ဂျင်နီယာတွေဟာ နည်းပညာကို သတိအထားဆုံး မိဘတွေ ဖြစ်နေတာ အကြောင်းရှိပါတယ်။ နာမည်ကျော် ပန်းသီးကွန်ပျူတာတွေ၊ ဖုန်းတွေကို ထုတ်ခဲ့တဲ့ စထိ(ဗ်)ဂျော့(ဘ်)(စ်)ဆိုရင် နည်းပညာ အဆန့်ကျင်ဆုံး မိဘအဖြစ် နာမည်ဆိုးနဲ့ ကျော်ကြားပါတယ်။ ဆစ်လစ်ခန် တောင်ကြားလို့ခေါ်တဲ့ အမေရိကန်နိုင်ငံရဲ့ ကမ္ဘာ့နည်းပညာကုမ္ပဏီကြီးများ တည်ရှိရာက နည်းပညာဆိုင်ရာ အမှုဆောင်တွေ၊ အင်ဂျင်နီယာတွေဟာဆိုလည်းပဲ သူတို့ရဲ့ သားသမီးတွေကို နည်းပညာမသုံးတဲ့ ကျောင်းတွေမှာ အပ်ကြတယ်။ ဂူဂဲ(လ်)တည်ထောင်သူ၊ အမေဇုန် ဖန်တီးသူ၊ ဝစ်ခီဖီးဒီးယားတည်ထောင်သူတွေလည်း အလားတူပါပဲ။

မိဘအတော်များများဟာ နေရာတကာမှာတွေ့နေရသော တောက်ပတဲ့ ရောင်စုံဖန်သားပြင်တွေဟာ ကလေးတွေအပေါ် မကောင်းတဲ့ သက်ရောက်မှုတွေ ရှိနေမှန်း စိတ်ထဲက အလိုလိုသိနေကြပါတယ်။ အဲဒါတွေ သုံးနေကျ ကလေးတွေကို မသုံးအောင် တားလိုက်တာနဲ့ ရန်လိုပြီး ဝုန်းဒိုင်းကြဲကုန်တတ်ကြတာလည်း မြင်နေရပါတယ်။ သုံးနေကျ ကလေးတွေမှာ မသုံးရတော့ဘူးဆိုတာနဲ့ ငြီးငွေ့လွယ်ကုန်တာ၊ ဘာကိုမှ စိတ်မဝင်စားတော့တာတွေလည်း တွေ့ကြရပါတယ်။ အလွန်ကို နှိုးဆွနိုင်စွမ်းများလှတဲ့ အဲဒီကိရိယာတွေက နှိုးဆွမထားဘူးဆိုတာနဲ့ အာရုံစိုက်လို့မရ ဖြစ်ကုန်ကြတာလည်း အသေအချာပါ။

### စိတ်ကြွဆေး

ပိုဆိုးတာကတော့ အဲဒီသင်ပုန်းကွန်ပျူတာတွေ၊ ချက်ချာတဲ့ဖုန်းတွေဟာ ဒစ်ဂျစ်ထယ်(လ်) မူးယစ်ဆေးတစ်မျိုးဆိုတာ သိလာကြရပါပြီ။ ဦးနှောက်ကို ပုံရိပ်ရိုက်ကူးတဲ့နည်းနဲ့ ပြုလုပ်တဲ့သုတေသနအရ သိလာရတာကတော့ အဲဒီကိရိယာတွေဟာ ဦးနှောက်ရဲ့ ရှေ့ပိုင်းအပြင်လွှာကို ကုတ်ကင်းဆိုတဲ့ မူးယစ်ဆေးဝါးနည်းတူ ရိုက်ခတ်ပါတယ်။ အဲဒီအလွှာက စေ့ဆော်မှု(ဆန္ဒ)ကို ထိန်းချုပ်တာ အပါအဝင် အဓိကကျလှတဲ့ လုပ်ငန်းရပ်များကို ထိန်းချုပ်နေပါတယ်။ နည်းပညာက နှိုးဆွနိုင်စွမ်း သိပ်ကိုကြီးမားလွန်းလေတော့ကာ ဒိုပါမီး(န်)လို့ခေါ်တဲ့ ဦးနှောက်ထဲက အာရုံကြောဆီပို့လွှတ်တဲ့ဓာတ်တွေကို တိုးပွားလာစေပါတယ်။ လှုပ်လှုပ်ရှားရှားရှိနေရင်ကို အလကားနေရင်း နေလို့ကောင်းစေတဲ့ဓာတ်ပေါ့။

ယူဆီအယ်(လ်)အေဆိုတဲ့ လော့ဆဲ(န်)ဂျလိ(စ်) ခယ်လစ်ဖိုးနစ်ယား တက္ကသိုလ် အာရုံကြောသိပ္ပံညွှန်ကြားရေးမှူးကတော့ အဲဒီဖန်သားမျက်နှာပြင်တွေကို "အလက်ထရောနစ်(ခ်) ကုတ်ကင်း" လို့ ခေါ်ဆိုပြီး တရုတ်သုတေသီတွေကတော့ "ဒစ်ဂျစ်ထယ်(လ်)ဘိန်းဖြူ" လို့ ခေါ်ပါတယ်။ ကွန်ပျူတာကစားနည်းတွေ၊ ဗွီဒီယိုကစားနည်းတွေဟာ ကလေးတွေရဲ့ ဦးနှောက်ကို မူးယစ်ဆေးများ၊ စိတ်ကြွဆေးများနည်းတူ ဒုက္ခပေးပါတယ်။ ရာနဲ့ထောင်နဲ့ချီနေတဲ့ ကုခန်းလေ့လာချက်တွေအရလည်း အဲဒီဖန်သားပြင်တွေဟာ စိတ်ဓာတ်ကျတာ၊ သောကရောက်တာ၊ ရန်လိုတာများဖြစ်စေတဲ့အပြင် စိတ်ဝေဒနာတွေကိုပါ ဖြစ်စေနိုင်တယ်ဆိုတာ ပြဆိုနေပါတယ်။

### ကြိုတင်ကာကွယ်တားဆီးရေး

ကြိုတင်ကာကွယ်တာဟာ ဖြစ်မှကုတာထက် ပိုကောင်းပါတယ်။ နည်းပညာကို ဘိန်းစွဲသလို စွဲသွားတဲ့အခါ ကုယူဖို့ အင်မတန်ခက်ခဲသွားတတ်ပါတယ်။ အဲဒီဆောင်းပါးရေးသူရဲ့ အတွေ့အကြုံအရဆိုရင် ဗွီဒီယိုဂိမ်း(မ်) စွဲနေသူတွေ၊ စာအုပ်မျက်နှာစာစွဲနေသူတွေထက် ဘိန်းဖြူ စိတ်ကြွဆေး [မက်သယ်(မ်)ဖက်ထမီး(န်)]စွဲနေသူတွေကို ကုရတာပိုလွယ်ပါသေးတယ်တဲ့။

အမေရိကန်နိုင်ငံ ကလေးအထူးကုဆရာဝန်များ တက္ကသိုလ်ရဲ့ ၂၀၁၃ ခုနှစ် မူဝါဒ စာတမ်းအရဆိုရင် အသက် ၈ နှစ်မှ ၁၀ နှစ်အရွယ်တွေဟာ ဒစ်ဂျစ်ထယ်(လ်)မီဒီယာအမျိုးမျိုးကို တစ်နေ့ ၈ နာရီသုံးနေကြပြီး ဆယ်ကျော်သက်တွေဆိုလည်း အဲဒီဖန်သားပြင်တွေနဲ့ တစ်နေ့ကို ၁၁ နာရီလောက်နေကြပါတယ်တဲ့။ ကလေးသုံးယောက်မှာ တစ်ယောက်နှုန်းလောက်ဟာ စကားမတတ်ခင် ကတည်းက သင်ပုန်းကွန်ပျူတာကိုဖြစ်စေ၊ ချက်ချာတဲ့ ဖုန်းကိုဖြစ်စေ သုံးနေကြပါပြီတဲ့။ အင်ထနက်သုံးနေတဲ့ တက္ကသိုလ်တက်စ အရွယ်တွေရဲ့ ၁၈ ရာခိုင်နှုန်းကလည်း အင်ထနက်စွဲနေကြပါတယ်တဲ့။

ဘိန်းပဲဖြစ်ဖြစ်၊ စိတ်ကြွဆေးပဲဖြစ်ဖြစ်၊ ဒစ်ဂျစ်ထယ်(လ်)နည်းပညာကိုပဲဖြစ်ဖြစ်၊ တခြားဘာပဲဖြစ်ဖြစ် တစ်ခုခုကို အကြီးအကျယ်စွဲပြီဆိုတာနဲ့ ဘာနည်းနဲ့မှ မကုခင် အရင်ဆုံးလုပ်ရတာက အဆိပ်ပြယ်အောင် လုပ်ရတာပါ။ နည်းပညာနဲ့ကျတော့ ကွန်ပျူတာ၊ ချက်ချာတဲ့ဖုန်း၊ သင်ပုန်းကွန်ပျူတာ စတာတွေကို လုံးဝမသုံးဘဲ နေရပါတော့မယ်။ လိုအပ်ရင် ရုပ်မြင်သံကြားတောင် ပေးမကြည့်သင့်တော့ပါဘူး။ ပညာရှင်တွေ ညွှန်ကြားထားတဲ့ ကာလကတော့ ရက်သတ္တလေးပတ်ကနေ ခြောက်ပတ်အထိပါ။ အဲသလို လုပ်လိုက်တော့မှ လိုသည်ထက်ပိုပြီး နှိုးဆွခံထားရတဲ့ အာရုံကြောစနစ်က ပုံမှန်ကို ပြန်ရောက်မှာပါ။

ပြောရတာကတော့ လွယ်ပါတယ်။ လူတစ်ယောက်ဟာ မူးယစ်ဆေးနဲ့ဖြစ်ဖြစ်၊ အရက်နဲ့ဖြစ်ဖြစ် ဝေးအောင်နေမယ်ဆို လွယ်နိုင်ပါသေးတယ်။ ခုလိုခါမှာ ဒစ်ဂျစ်ထယ်(လ်)နည်းပညာနဲ့ ဝေးအောင်ရှောင်ဖို့က အလွန်ခက်နေတာလည်း အမှန်ပါပဲ။ နေရာတကာမှာ တွေ့နေရတာမျိုးဖြစ်နေပြီကိုး။

### မိဘတွေ ဘာလုပ်ကြမလဲ

ဒါဖြင့်ရင် ကိုယ့်ကလေးကို မူးယစ်ဆေးနဲ့ အလားတူလှတဲ့ ဒစ်ဂျစ်ထယ်(လ်) ဘိန်းမစွဲအောင် ဘယ်လိုလုပ်ကြမလဲ။

အဓိကကတော့ ၄ နှစ်ကနေ ၈ နှစ်အရွယ်အထိ ကလေးတွေ အဲဒီဖန်သားပြင်တွေကို စွဲမနေအောင် အရင်ဆုံး လုပ်ကြရမှာပါ။ ဆိုလိုတာက ဗွီဒီယိုကစားနည်းတွေအစား တုံးကလေးတွေ၊ တခြားကစားစရာတွေနဲ့ ကစားဖြစ်အောင်၊ သင်ပုန်းကွန်ပျူတာတွေအစား စာအုပ်တွေကြည့်ဖြစ်အောင်၊ ရုပ်မြင်သံကြားအစား သဘာဝလောကပတ်ဝန်းကျင်နဲ့ အားကစားတွေ ကြည့်ဖြစ်လုပ်ဖြစ်အောင် လုပ်ရမှာပဲဖြစ်ပါတယ်။ သင်ပုန်းကွန်ပျူတာနဲ့ ပညာရေးအစီအစဉ်တွေဆိုဦးတောင်မှ အဖွင့်ဆုံး ကလေး ၁၀ နှစ် အထိ (တချို့ဆို ၁၂ နှစ်အထိတောင် ပြောပါတယ်) ခွင့်မပြုတာ အကောင်းဆုံးပါပဲ။

ဘာကြောင့် သူတို့ဖန်သားပြင်ကြည့်ချိန်ကို ကန့်သတ်ထားရတယ်ဆိုတာလည်း ကလေးတွေကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပြသင့်ပါတယ်။ မိသားစု ညစာစားတဲ့အခါကျရင်လည်း ထမင်းဝိုင်းမှာ လူကြီးတွေကိုယ်တိုင် အပါအဝင် ဘယ်သူမှ ချက်ချာတဲ့ဖုန်းတွေ သုံးတာမျိုးမလုပ်မိအောင် ထမင်းစားပွဲမှာ အဲဒါတွေ လုံးဝမထားသင့်ပြန်ဘူး။ လူမှုရေးအရ သင်ယူတဲ့ သဘောတရားအရ အမြင်နဲ့ တတ်မကုန်၊ အတုခိုးမကုန်အောင် လူကြီးတွေကိုယ်တိုင်က ကလေးတွေရှေ့မှာ ဖုန်းပွတ်တာ၊ သင်ပုန်းကွန်ပျူတာ ပွတ်တာတွေ မလုပ်သင့်ပါဘူး။

### လက်ဦးဆရာတွေရဲ့ အခန်းကဏ္ဍ

ကိုယ့်ကလေးတွေကို ပြောပြတဲ့အခါ တချို့ကလေးတွေဆို သင်ပုန်းကွန်ပျူတာတွေ၊ ချက်ချာတဲ့ဖုန်းတွေ အသုံးလွန်သွားပြီး မထိန်းနိုင်တော့တဲ့အတွက် သူတို့ဘဝက အရေးကြီးတာတွေ လွတ်ကုန်ကြပုံကို ရှင်းပြသင့်ပါတယ်။ ဘောလုံးလို ကစားခုန်စားတွေလည်း သိပ်မလုပ်ဖြစ်တော့၊ စာအုပ်တွေလည်း မဖတ်ဖြစ်တော့၊ သိပ္ပံသဘောတရားနဲ့ သဘာဝတရားကိုလည်း သိပ်စိတ်မဝင်စားတော့တဲ့အပြင် တကယ့်အပြင်လောကက သူငယ်ချင်းတွေနဲ့လည်း အဆက်အဆံ မလုပ်ဖြစ်တော့ဘဲ တစ်ချိန်လုံး ဖုန်းနဲ့၊ သင်ပုန်းကွန်ပျူတာနဲ့သာ မျက်နှာအပ်နေတဲ့ ကြောင်တောင်တောင်လေးတွေ ဖြစ်လာတတ်တာမို့ အဲသလို မဖြစ်ရလေအောင် သူတို့ကို ကန့်သတ်ရတာ ဖြစ်ကြောင်းမျိုးကို ပြောပြသင့်ပါတယ်။ အဲသလိုဆိုရင် သူတို့ပတ်ဝန်းကျင်မှာ တကယ်ဖြစ်နေတဲ့ အနေအထားကို မြင်လာပြီး သိပ်များများ ပြောစရာမလိုတော့ဘဲ အလွယ်တကူ လိုက်နာလာကြတော့မှာပါ။

အရေးကြီးတဲ့အချက်တစ်ချက်ကတော့ အထီးကျန်နေတဲ့၊ ဖယ်ကြဉ်ခံထားရတဲ့၊ ရည်ရွယ်ချက်မဲ့နေတဲ့၊ ငြီးငွေ့နေတဲ့ ကလေးတွေဟာ အဲသလို တစ်ခုခုမှာ စိတ်နှစ်ထားခြင်းနည်းနဲ့ ထွက်ပေါက်ရှာတတ်ကြစမြဲမို့ ဖန်သားပြင်နဲ့ မျက်နှာမခွာတမ်း စွဲနေတာမျိုးအပါအဝင် စိတ်ကိုပြောင်းလဲစေတတ်တဲ့ နည်းကလည်း သူတို့အတွက် ထွက်ပေါက်ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် အဓိပ္ပာယ်ရှိတဲ့ ဘဝအတွေ့အကြုံတွေ၊ ချစ်ခင်ယုယမှုတွေကို ပေးသွားဖို့လိုသလို တကယ့်ဓိဌမ္မလောကနဲ့ ထိစပ်နေနိုင်အောင် လုပ်ပေးကြရပါမယ်၊ စိတ်ကူးစိတ်သန်းကောင်းတွေ ထွက်လာစေမယ့် စာဖတ်ခြင်းလို နည်းမျိုးတွေနဲ့ ထွက်ပေါက်ရှာတတ်အောင် လေ့ကျင့်ပေးကြရပါလိမ့်မယ်။

ဆောင်းပါးအစက ကလေးအတွက်တော့ သူ့မိခင်က နောက်ဆုံးမှာ ကလေးလက်ထဲက သင်ပုန်းကွန်ပျူတာကို အပြီးတိုင် ဖယ်ရှားလိုက်ပါတော့တယ်။ အတော်တော့ ခဲခဲယဉ်းယဉ်း လုပ်ယူရတာပါ။ ကလေးရဲ့ ဝုန်းဒိုင်းကြဲတဲ့ ဒဏ်ကိုလည်း ခံရင်းပေါ့။ ကလေးကို အများကြီးပံ့ပိုးပေးရင်း၊ အားပေးရင်းနဲ့ နောက် ၄ နှစ်အကြာမှာတော့ ကနေ့အခါမှာ အဲဒီကလေးက အခြေအနေအတော်ကောင်းလာပါပြီ။ အခုဆို စားပွဲတင်ကွန်ပျူတာကို ကလေးက ကောင်းကောင်း သုံးတတ်နေပါပြီ။ ဘောလုံးလည်း ပြန်ကစားလာ၊ အလယ်တန်းကျောင်းမှာလည်း သူငယ်ချင်းတွေနဲ့ ရင်းရင်းနှီးနှီးရှိလာသလို အပြင်စာတွေလည်း ဖတ်လာပါပြီ။ ဒါပေသည့် တစ်ခုခုကို စွဲမိထားသူတစ်ယောက်ဟာ စွဲခဲ့တာ ပြတ်တယ်ဆိုဦးတောင် စိတ်အားငယ်တဲ့ အချိန်မျိုးမှာ ပြန်စွဲလွယ်တတ်တဲ့ သဘာဝရှိတာကို သိထားတဲ့ သူ့အမေကတော့ စိုးရိမ်စွာနဲ့ သတိကြီးကြီးထားနေဆဲပါပဲ။ ကလေးရဲ့ အိပ်ခန်းထဲမှာ ကွန်ပျူတာ လုံးဝမထားသလို ညစဉ် မိသားစုထမင်းဝိုင်းမှာလည်းပဲ ဘာနည်းပညာမှမပါအောင် ဂရုထားတဲ့နည်းနဲ့ ဖြေရှင်းနေပါသတဲ့။

(ရည်ညွှန်း - https://goo.gl/DxJsqr)

### နိဂုံး

အတိုချုပ် ပြောမယ်ဆိုရင်တော့ အောက်ပါအတိုင်း အနှစ်ချုပ်လို့ ရမယ်ထင်ပါတယ်။

- အသက် နှစ်နှစ်အောက် ကလေးတွေဟာ ဖန်သားပြင်ပါတဲ့ ချက်ချက်ချာချာ ဖုန်းတွေကိုပဲဖြစ်ဖြစ်၊ တခြား အလက်ထရောနစ်(ခ်) ကိရိယာတွေကိုဖြစ်ဖြစ် လုံးဝမသုံးသင့်ပါဘူး။
- ကလေးတွေနဲ့ အတူကစားတာ၊ မျက်နှာချင်းဆိုင် ပြောကြဆိုကြတာတွေ လုပ်သင့်ပါတယ်။
- ကစားတာ၊ လူတွေနဲ့ ရောနှောဆက်ဆံတာတွေ လုပ်နိုင်တဲ့ အခွင့်အရေးကို ဖန်သားပြင်ပါတဲ့ အလက်ထရောနစ်(ခ်) ကိရိယာတွေက အနှောင့်အယှက်မပေးအောင် လုပ်ကြရပါမယ်။
- တစ်နေ့ကို နှစ်နာရီအထိပဲ ဖန်သားပြင်တွေ သုံးခွင့်ပြုသင့်ပါတယ်။ ဖန်သားပြင်ဆိုရာမှာ ချက်ချာတဲ့ဖုန်းတွေ၊ ရုပ်မြင်သံကြားတွေ၊ ကွန်ပျူတာတွေ အားလုံးပါဝင်ပါတယ်။
- အထူးအခွင့်အရေးအနေနဲ့ တစ်ခါတလေ ဖန်သားပြင်သုံးခွင့်ပေးတာ ပြဿနာ မရှိပါဘူး။
- ကိုယ်ကိုယ်တိုင်လည်း ဖန်သားပြင်သုံးတဲ့အခါမှာ စနစ်တကျ အကန့်အသတ်နဲ့ သုံးတဲ့နမူနာကို ပြသင့်ပါတယ်။
- မိသားစု ထမင်းဝိုင်း၊ မိသားစု ဝိုင်းဖွဲ့စကားပြောတာတွေ ပုံမှန်လုပ်ပေးသင့်ပါတယ်။
- ဖန်သားပြင်သုံး အစီအစဉ်တွေထဲမှာ ဝေါဟာရကြွယ်စေ၊ သင်္ချာစွမ်းရည်တက်စေ၊ စာတတ်စေ၊ သိပ္ပံသဘောတရားတွေကို သိမြင်လာစေတဲ့ အစီအစဉ်မျိုးကို ရှာဖွေပေးသင့်ပါတယ်။
- ကလေးတွေရဲ့ အိပ်ခန်း၊ အိပ်ရာမှာ ဘာဖန်သားပြင်မှ မထားသင့်ပါဘူး။
- ညအိပ်ရာဝင် ပုံပြင်ပြောတာ၊ စာဖတ်ပြတာများကို မှန်မှန် လုပ်သွားခြင်းအားဖြင့် ကလေးနဲ့လည်း ပိုနွေးနွေးထွေးထွေး ဆက်ဆံလာနိုင်တဲ့အပြင် စာဖတ်ဝါသနာထုံလာအောင် လေ့ကျင့်ပေးရာရောက်တယ်ဆိုတာကိုလည်း သတိထားသင့်ပါတယ်။

ခုကာလမှာ ကျေးလက်နေ လူထုတောင်မှ အင်ထနက်တွေ၊ ချက်ချာတဲ့ဖုန်းတွေကို လက်လှမ်းမီနိုင်နေကြပြီမို့ တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တဲ့ ကလေးငယ်များအတွက် ပစ္စုပ္ပန်မှာ သတိကြီးကြီး ထားကြရတော့မယ့် အခြေအနေလို့ မြင်မိရတဲ့အတွက် သည်စာကို ရေးလိုက်ပါတယ်။ စာဖတ်သူလူကြီးမင်းဟာ တိုင်းပြည်ရဲ့ အနာဂတ်ကို တန်ဖိုးထားသူဖြစ်ပါရင် ကျွန်တော် ပြန်ဆို ရေးသားတင်ပြခဲ့တာတွေ သင့်၏ မသင့်၏ တဆိတ် ဆင်ခြင်တော်မူပေးစေချင်ပါတယ်။ ကျွန်တော်ပြောတာ နည်းလမ်းကျတယ်ဆိုရင်တော့ သည်စာကို လူအများလက်ထဲပျံ့သည်ထက်ပျံ့အောင် ဖြန့်ပေးတော်မူပေးကြပါလို့ မရဲတရဲ မေတ္တာရပ်ခံလိုက်ပါရစေလားခင်ဗျာ။

အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားမယ်လို့ မျှော်လင့်နေမိရပါတယ်ခင်ဗျား။ ။

# ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်       )**
**၁၃၇၈ ခုနှစ်       လ       ရက်**
**( ၂၀၁၇ ခုနှစ်     လ     ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍တစ်နေရာမှတစ်နေရာသို့ စီးဆင်းနေသော ရေစီးကြောင်းကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **မြစ်**ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကိုဆိုသည်။"

(ဂ) ပုဒ်မခွဲ (စ) ၏ အောက်ပါစကားရပ်ကို ပယ်ဖျက်ရမည် -

"(စ) ပုဒ်မခွဲ (စ) ၏ ဒုတိယဝါကျဖြစ်သော"သို့ရာတွင် ကုန်းနှင့် တစ်ဆက်တည်း တည်ရှိသော ကျွန်းများ မပါဝင်"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) **ကမ်းနားနယ်**ဆိုသည်မှာ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းနားနယ်မြေနယ်နိမိတ်ကို ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန်အမြင့်ဆုံးပုံမှန်ရေမြင့်အမှတ်ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကမ်းနား နယ်မြေနယ်နိမိတ်ကိုဆိုသည်။"

(င) ပုဒ်မခွဲ ( ဍ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဍ) ပုဒ်မခွဲ (ဍ) ပါ "မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းရန်" ဆိုသည့်စကားရပ် နောက်တွင် "နှင့်ဖွံ့ဖြိုးတိုးတက်စေရန်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(စ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) ပုဒ်မခွဲ (ဎ) ပါ "ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ" ဆိုသည့် စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန"ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ) အဖြစ် ပြောင်းလဲ အမှတ်စဉ်တပ်ရမည်။

(ဆ) ပုဒ်မခွဲ(ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရေကြောင်းပြခ၊ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ဆိပ်ကမ်းမြေနေရာအသုံးပြုခ၊ မြစ်ချောင်း ရေအသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများသတ်မှတ်ခြင်း။"

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ)မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

(ခ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ပုဒ်မခွဲ (ဇ) ပါ " ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက်" ဆိုသည့် စကားရပ် ရှေ့၌ "မြစ်ချောင်းများတွင်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။"

(ဂ) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ ( ဍ - ၁ ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

" (ဍ-၁) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ဆိပ်ကမ်းမြေနေရာအသုံးပြုခ၊ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများကောက်ခံခြင်း။"

၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ကမ်းထိန်း အဆောက်အအုံများ၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ လမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်၍ ရေသွယ်ယူခြင်း၊ မြစ်ရေအား အခြားနည်းဖြင့်အသုံးပြုခြင်း၊ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊ တံတားများ ဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့် လျှောက်ထားခြင်းတို့အပေါ်စိစစ်ပြီး သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

(ဂ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ)မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းတို့အား စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်း နည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်း ဆောင်ရွက်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်းရှိမရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

(င) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ပုဒ်မခွဲ (ဇ) ပါ "မြစ်ချောင်းများအတွင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။"

(စ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့်လျှောက်ထားခြင်းအပေါ်စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဆ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည)မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအား ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။"

၆။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၇ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိလက်အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီးဦးစီးမှူးရုံးများ၊ မြို့နယ်ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ -

"(က)လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဖောတ်တား၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ ယာယီမြစ်ကူး ချောင်းကူးတံတား ဆောက်လုပ်ခြင်းမပြုရ။"

"(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်း မပြုရ။"

၈။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၃ ကို

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)ပုဒ်မခွဲ (က) ပါ "ပို့ဆောင်ရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို"ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) "ပုဒ်မခွဲ (ခ) ပါ "ဆောက်လုပ်ခြင်းမပြုရ" ဆိုသည့် စကားရပ်ကို "လမ်းများနှင့် ကမ်းထိန်းအဆောက်အအုံများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောက်ရွက်ခြင်းမပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ)ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ ရေကြောင်းအသုံးပြုခနှင့် မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများ ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ တိမ်းရှောင်ခြင်း၊ အခြားနည်းလမ်းများနှင့် အခွန်ငွေမပေးဆောင်ရအောင် ကြံရွယ်ဆောင်ရွက်ခြင်း၊ အခွန်ငွေကောက်ခံသူ ဝန်ထမ်းအား ရိုင်းပျစွာ ဆက်ဆံ၍ မထီမဲ့မြင်ပြုခြင်း၊ အခွန်ငွေပေးဆောင်ရန် ငြင်းဆိုခြင်း၊ ပျက်ကွက်ခြင်း၊ ရန်ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းမပြုရ။"

၉။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၅။ ပုဒ်မ ၂၅ ပါ "ကျပ် ၅၀၀၀၀ ထက် မပိုသော ငွေဒဏ် "ဆိုသည့် စကားရပ်ကို" အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၆ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၆။ ပုဒ်မ ၂၆ ပါ "ပြဋ္ဌာန်းချက်"ဆိုသည့် စကားရပ်ကို "တားမြစ်ချက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ၊ "ကျပ် ၃၀၀၀၀ ထက် မပိုသော ငွေဒဏ်"ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ခုနစ်သိန်း ထက်မပိုသော ငွေဒဏ် "ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။"

၁၁။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၇ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ ပုဒ်မ ၂၇ ပါ "ကျပ် ၁၀၀၀၀ ထက် မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ငါးသိန်း ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၁၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၃။ The Obstructions in Fairways Act, 1881၊ The Defile Traffic Act, 1907 ၊The Ports Act, 1908 ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ (၂၀၁၅ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ )၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁) တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

## စဉ်ဆက်မပြတ် ဆေးပညာဟောပြော

**ပုသိမ် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရှိ ဝန်ထမ်းများနှင့် အထွေထွေရောဂါကု ဆရာဝန်များ၏ ဆေးပညာ ဗဟုသုတ တိုးတက်ပွားများစေရန်နှင့် ဆေးကုသစောင့်ရှောက်မှု အရည်အသွေး တိုးတက်မြင့်မားလာစေရန်၊ စဉ်ဆက်မပြတ် ဆေးပညာဟောပြောခြင်း (Special CME) ကို မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်) အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၉ ရက်က ကျင်းပရာ Australia (ဩစတြေးလျ) နိုင်ငံ Sydney (ဆစ်ဒနီ) တက္ကသိုလ်မှ ဟောပြောဆွေးနွေးမည့် ပါမောက္ခ Kirsty Foster နှင့် အဖွဲ့၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ဝင်းဝင်းခိုင်၊ ပုသိမ်ဆေးရုံအုပ် ဒေါက်တာ ဒေါ်စုစုလှိုင်၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုအုပ် ဒေါ်မာစီနှင့် သူနာပြုဆရာမကြီးများ၊ ပုသိမ်အထွေထွေရောဂါကုဆရာဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်နုနုလှိုင်နှင့် အထွေထွေရောဂါကုဆရာဝန်များတက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး) အထွေထွေအတွင်းရေးမှူး ဒေါက်တာဦးကြည်ဖေ (အကြောအရိုးကု) က ဧရာဝတီတိုင်းဒေသကြီး၌ လူဦးရေ ခြောက်သန်းရှိပြီး ဝန်ထမ်းဆရာဝန် ၄၇၀ နှင့် အထွေထွေရောဂါကုဆရာဝန် ၁၉၀ ရှိသည်။ စိတ်ကျန်းမာရေးဆရာဝန်ကြီး နှစ်ဦးသာရှိ၍ အထွေထွေရောဂါကု ဆရာဝန်များအား စိတ်ကျန်းမာရေး ပညာအကြောင်း ဟောပြောဆွေးနွေးပေးသည့် အတွက် စိတ်ရောဂါ ဝေဒနာရှင်များအား ကုသရာ၌ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားပါသည်။

Professor Kirsty Foster – Dean ( International ) of Globel Health – Sydney University Dr.Narekke Shadbolt-Co-head of Disicipliue of Geverd Practice Sydney University, Dr.Fiona Robinson နှင့် Ms.Senice So တို့မှ စိတ်ကျန်းမာရေးလူနာများကို ကုသနည်းနှင့် စိတ်ကျရောဂါ ကုထုံးများကို အကျယ်တဝင့် ဆွေးနွေးကြကြောင်း သိရသည်။

**မောင်မောင်မြင့်(မြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ပရီမီယာလိဂ်ရင်ခုန်သံ - ၂၁

# ပွဲကောင်းများစွာနဲ့ အကြိတ်အနယ်ရှိမယ့် ပရီမီယာလိဂ်

ပရီမီယာလိဂ်ပွဲစဉ် ၂၁ ကို ဇန်နဝါရီ ၁၄၊ ၁၅ ရက်နေ့တို့မှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ် မှာတော့ မန်ယူနဲ့ လီဗာပူး၊ အဲဗာတန်နဲ့ မန်စီးတီး၊ လက်စတာနဲ့ချယ်လ်ဆီးတို့ ဆုံတွေ့တဲ့ပွဲတွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းမွန်နေသလို အကြိတ်အနယ်ရှိလာနိုင်ပါတယ်။

ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | | |
|---|---|---|
| ကော်စတာ(ချယ်လ်ဆီး) | - | ၁၄ဂိုး |
| အီဗရာဟီမိုဗစ်(မန်ယူ) | - | ၁၃ဂိုး |
| ဆန်းချက်ဇ်(အာဆင်နယ်) | - | ၁၃ဂိုး |
| ဂျာမိန်းဒီဖိုး(ဆန်းဒါးလန်း) | - | ၁၁ဂိုး |
| အဂူရို(မန်စီးတီး) | - | ၁၁ဂိုး |




ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၂၀ | ၁၆ | ၁ | ၃ | ၄၂ | ၁၅ | ၂၇ | ၄၉ |
| ၂ | လီဗာပူး | ၂၀ | ၁၃ | ၅ | ၂ | ၄၈ | ၂၃ | ၂၅ | ၄၄ |
| ၃ | စပါး | ၂၀ | ၁၂ | ၆ | ၂ | ၃၉ | ၁၄ | ၂၅ | ၄၂ |
| ၄ | မန်စီးတီး | ၂၀ | ၁၃ | ၃ | ၄ | ၄၁ | ၂၂ | ၁၉ | ၄၂ |
| ၅ | အာဆင်နယ် | ၂၀ | ၁၂ | ၅ | ၃ | ၄၄ | ၂၂ | ၂၂ | ၄၁ |
| ၆ | မန်ယူ | ၂၀ | ၁၁ | ၆ | ၃ | ၃၁ | ၁၉ | ၁၂ | ၃၉ |
| ၇ | အဲဗာတန် | ၂၀ | ၈ | ၆ | ၆ | ၂၈ | ၂၃ | ၅ | ၃၀ |
| ၈ | ဝက်စ်ဘရွန်း | ၂၀ | ၈ | ၅ | ၇ | ၂၈ | ၂၄ | ၄ | ၂၉ |
| ၉ | ဘုန်းမောက် | ၂၀ | ၇ | ၄ | ၉ | ၂၉ | ၃၄ | -၅ | ၂၅ |
| ၁၀ | ဆောက်သမ်တန် | ၂၀ | ၆ | ၆ | ၈ | ၁၉ | ၂၅ | -၆ | ၂၄ |
| ၁၁ | စတုတ် | ၂၀ | ၆ | ၆ | ၈ | ၂၄ | ၃၂ | -၈ | ၂၄ |
| ၁၂ | ဘန်လေ | ၂၀ | ၇ | ၂ | ၁၁ | ၂၂ | ၃၁ | -၉ | ၂၃ |
| ၁၃ | ဝက်စ်ဟမ်း | ၂၀ | ၆ | ၄ | ၁၀ | ၂၃ | ၃၅ | -၁၂ | ၂၂ |
| ၁၄ | ဝက်ဖို့ဒ် | ၂၀ | ၆ | ၄ | ၁၀ | ၂၃ | ၃၆ | -၁၃ | ၂၂ |
| ၁၅ | လက်စတာ | ၂၀ | ၅ | ၆ | ၉ | ၂၄ | ၃၁ | -၇ | ၂၁ |
| ၁၆ | မစ်ဒယ်ဘရော့ | ၂၀ | ၄ | ၇ | ၉ | ၁၇ | ၂၂ | -၅ | ၁၉ |
| ၁၇ | ခရစ္စတယ်ပဲလေ့စ် | ၂၀ | ၄ | ၄ | ၁၂ | ၃၀ | ၃၇ | -၇ | ၁၆ |
| ၁၈ | ဆန်းဒါးလန်း | ၂၀ | ၄ | ၃ | ၁၃ | ၁၉ | ၃၇ | -၁၈ | ၁၅ |
| ၁၉ | ဆွမ်းဆီး | ၂၀ | ၄ | ၃ | ၁၃ | ၂၃ | ၄၅ | -၂၂ | ၁၅ |
| ၂၀ | ဟားစီးတီး | ၂၀ | ၃ | ၄ | ၁၃ | ၁၇ | ၄၄ | -၂၇ | ၁၃ |

## စပါး - ဝက်စ်ဘရွန်း

ည ၇း၀၀ (၁၄-၁-၁၇)

ပရီမီယာလိဂ် အိမ်ကွင်းရှုံးပွဲ မရှိသေးတဲ့ စပါးက နောက်ဆုံးအိမ်ကွင်းပွဲမှာလည်း ချယ်လ်ဆီးလို ပြိုင်ဘက်ကောင်းကိုအနိုင်ယူနိုင်ခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းအကောင်းဆုံး အနေအထားမှာ ရှိနေမှာပါ။ ဝက်စ်ဘရွန်းက နောက်ဆုံး အဝေးကွင်းပွဲမှာ ဆောက်သမ်တန်ကို နိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအရ အသာစီးရယူနိုင်မှုမရှိခဲ့သလို တိုက်စစ်စွမ်းဆောင်ရည်လည်းအားနည်းတယ်။ စပါးက နှစ်ဂိုးအသာနဲ့ နိုင်မှာပါ။

## ဟားစီးတီး - ဘုန်းမောက်

ည ၉း၃၀ (၁၄-၁-၁၇)

နောက်ပိုင်းပွဲတွေမှာ ဟားစီးတီးရဲ့ တိုက်စစ်က ဂိုးသွင်းခြေ အနည်းငယ်ပြန်လည်ကောင်းမွန်လာပေမယ့်ခြေစွမ်းပိုင်းသာမန်သာရှိတယ်။ ဒီပွဲမတိုင်ခင်လိဂ်ဖလားပွဲမှာ မန်ယူနဲ့ ရင်ဆိုင်ခဲ့ရလို့ ဟားစီးတီးပွဲပန်းလာနိုင်တယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းရော တိုက်စစ်ပါကောင်းမွန်နေတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဘုန်းမောက်ပဲ နိုင်ပွဲရသွားမှာပါ။

## ဆွမ်ဆီး - အာဆင်နယ်

ည ၉း၃၀ (၁၄-၁-၁၇)

ဆွမ်ဆီးရဲ့အိမ်ကွင်းစွမ်းဆောင်ရည်အားနည်းမှုရှိနေတာကြောင့် အခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲမှာ အိမ်ကွင်းနိုင်ပွဲနှစ်ပွဲသာ ရယူထားနိုင်သေးတယ်။ လော်ရန်တီဦးဆောင်တဲ့ တိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေမရှိဘူး။ အာဆင်နယ်က နောက်ဆုံးအဝေးကွင်းပွဲမှာ ဘုန်းမောက်ကို သရေသာကစားနိုင်ခဲ့တယ်ဆိုပေမယ့် အသင်းလိုက်ခြေ စွမ်းနဲ့တိုက်စစ်က ထက်မြက်မှု ရှိနေတယ်။ အာဆင်နယ်ပဲ နိုင်ပွဲရမှာပါ။

## ဝက်စ်ဟမ်း - ပဲလေ့စ်

ည ၉း၃၀ (၁၄-၁-၁၇)

နှစ်သင်းစလုံးခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေပေမယ့် အိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းမွန်တတ်တဲ့ ဝက်စ်ဟမ်းကို ပဲလေ့စ်အသင်း ယှဉ်နိုင်ဖို့ခက်တယ်။ ဝက်စ်ဟမ်းရဲ့ ခံစစ်ကလည်းအိမ်ကွင်းမှာ ကစားပုံ ကောင်းမွန်တတ်တာကြောင့် ပဲလေ့စ်တိုက်စစ်ကို အခက်တွေ့စေမှာပါ။ ဒါပေမယ့် ပဲလေ့စ်ရဲ့ အသင်းလိုက် ခြေစွမ်းပိုင်းလည်းမဆိုးဘူး။ အထူးသဖြင့် ပဲလေ့စ်က အမှတ်လိုအပ်နေတာကြောင့် အားစိုက်လာရင် ဝက်စ်ဟမ်းမထင်မှတ်ဘဲအခက်တွေ့နိုင်တယ်။

## အဲဗာတန် - မန်စီးတီး

ည ၈း၀၀ (၁၅-၁-၁၇)

အဲဗာတန်က အိမ်ကွင်းမှာ အာဆင်နယ်ကို အနိုင်ယူနိုင်ခဲ့သလို လီဗာပူးကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် နောက်ဆုံးမိနစ်မှပေးခဲ့ရတဲ့ ဂိုးကြောင့်သာရှုံးနိမ့်ခဲ့ရတာဖြစ်တယ်။ ဒါပေမယ့် အဲဗာတန်ရဲ့ ခံစစ်ကတော့ အနည်းငယ်အားနည်းမှုရှိနေတယ်။ မန်စီးတီးရဲ့အဝေးကွင်းခြေစွမ်းကလည်း ကောင်းမွန်မှုရှိပြီး နောက်ဆုံးအဝေးကွင်းပွဲမှာ လီဗာပူးကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အကောင်းဆုံး ရင်ဆိုင်နိုင်ခဲ့တယ်။ မန်စီးတီး ကပ်နိုင်မှာပါ။

## ဘန်လေ - ဆောက်သမ်တန်

ည ၉း၃၀ (၁၄-၁-၁၇)

ဘန်လေဟာအိမ်ကွင်းမှာ နိုင်ပွဲခုနစ်ပွဲရရှိသည်အထိ ရလဒ်ပိုင်းကောင်းမွန်ပေမယ့် အသင်းလိုက် ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမရှိလို့ ဆောက်သမ်တန်ကို ပွဲချိန်ပြည့် ခြေစွမ်းအသာနဲ့ကစားနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဒါပေမယ့်ဘန်လေရဲ့ တိုက်စစ်က အိမ်ကွင်းမှာ စွမ်းဆောင်ရည်ကောင်းမွန်မှုရှိပြီး ဆောက်သမ်တန်တိုက်စစ်ကတော့အဆုံးသတ်ပိုင်း အားနည်းနေတယ်။ ဒါကြောင့်လည်း ဘန်လေသာ ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ တုန့်ပြန်လာရင် ဆောက်သမ်တန်တို့ကစားရခက်နိုင်တယ်။ သရေကျဖို့များနေတယ်။

## ဆန်းဒါးလန်း - စတုတ်

ည ၉း၃၀ (၁၄-၁-၁၇)

ဆန်းဒါးလန်းရဲ့ ခြေစွမ်းကမတည်ငြိမ်ဘူးဆိုပေမယ့် နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာတော့ ရုန်းအားကောင်းနေသလို လီဗာပူးကိုတောင် သရေကစားနိုင်ခဲ့တယ်။ စတုတ်ကလည်း အသင်းလိုက်ရုန်းကန်အား ကောင်းမွန်ပြီး ကစားသမားကောင်းတွေရှိနေတာမို့ ဆန်းဒါးလန်းကို အကောင်းဆုံးရင်ဆိုင်နိုင်မှာပါ။ ဒါပေမယ့်အဝေးကွင်းမှာ စတုတ်ရဲ့ တိုက်စစ်နဲ့ ခံစစ်ကအားနည်းတတ်တယ်။ ဆန်းဒါးလန်းရဲ့ ရုန်းအားကြောင့် သရေရလဒ်ထွက်ပေါ်လာနိုင်တဲ့ပွဲပါ။

## ဝက်ဖို့ဒ် - မစ်ဒယ်ဘရော့

ည ၉း၃၀ (၁၄-၁-၁၇)

ဝက်ဖို့ဒ်အသင်းဟာ အိမ်ကွင်းမှာ စွမ်းဆောင်ရည်မဆိုးဘူး။ ဒါပေမယ့် နောက်ပိုင်း အိမ်ကွင်းပွဲတွေမှာ ဝက်ဖို့ဒ်အသင်း တိုက်စစ်ပိုင်းအားနည်းမှုရှိနေလို့ ကစားပုံမာကျောတဲ့ မစ်ဒယ်ဘရော့ခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ ဒါပေမယ့် မစ်ဒယ်ဘရော့ကလည်း နောက်ပိုင်း အဝေးကွင်းပွဲတွေမှာ စွမ်းဆောင်ရည် အနည်းငယ် အားနည်းနေတယ်။ အထူးသဖြင့် မစ်ဒယ်ဘရော့ရဲ့တိုက်စစ်က ဂိုးသွင်းခြေပုံမှန်မရှိဘူး။ အိမ်ရှင်ဝက်ဖို့ဒ် ကပ်နိုင်သွားနိုင်တယ်။

## လက်စတာ - ချယ်လ်ဆီး

နံနက် ၀၀း၀၀ (၁၅-၁-၁၇)

လက်စတာဟာအိမ်ကွင်းမှာအဲဗာတန်၊ ဝက်စ်ဟမ်းတို့လို အသင်းတွေကိုတောင် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရတယ်။ အသင်းရဲ့ အဓိက တိုက်စစ်ကစားသမားတွေကလည်း ဂိုးသွင်းခြေရဖို့ရုန်းကန်နေရလို့ ချယ်လ်ဆီး ခံစစ်ကို ဖိအားပေးနိုင်ဖို့ ခက်တယ်။ ချယ်လ်ဆီးကလည်း အဝေးကွင်းမှာ ခြေစွမ်းပိုင်း အနည်းငယ်အားနည်းတတ်တယ်။ လက်စတာရဲ့ ကစားအားကြောင့် ချယ်လ်ဆီး ရုန်းကန်ရနိုင်ပေမယ့် ကပ်နိုင်သွားနိုင်တယ်။

## မန်ယူ - လီဗာပူး

ည ၁၀း၃၀ (၁၅-၁-၁၇)

မန်ယူကဒီပွဲမတိုင်ခင် လိဂ်ဖလားဆီမီးဖိုင်နယ်ပွဲကစားခဲ့ရပေမယ့် ဟားလ်စီးတီးနဲ့ သာရင်ဆိုင်ခဲ့ရလို့ပွဲပန်းမှု သိပ်မရှိနိုင်ဘူး။ မန်ယူရဲ့ အဓိကကစားသမားတွေ ခြေစွမ်းပိုင်း ကောင်းမွန်နေပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိတယ်။ လီဗာပူးကလည်း ဆောက်သမ်တန်နဲ့ လိဂ်ဖလားပွဲကစားခဲ့ရတာကို သတိပြုရမယ်။ မာနေးကိုလည်း အာဖရိကနိုင်ငံများဖလားကြောင့် လီဗာပူးတို့ဒီပွဲမှာ အသုံးပြုနိုင်မှာမဟုတ်ဘူး။ ဒါကြောင့်လည်း လီဗာပူးရဲ့ခြေစွမ်းမဆိုးပေမယ့် အိမ်ရှင်မန်ယူသာ ကပ်နိုင်သွားနိုင်တယ်။

# ဇန်နဝါရီဈေးကွက်ကာလအတွင်း တောင်ပံတိုက်စစ်ကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူမည့် လီဗာပူး

လီဗာပူးအသင်းသည် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း တောင်ပံကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူမည်ဖြစ်ရာ အဆိုပါနေရာတွင် ကစားနိုင်မည့် ကစားသမားခြောက်ဦးအထိ ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။

လီဗာပူးရဲ့ လက်ရှိနည်းဗျူဟာအရ တိုက်စစ်ကစားသမား သုံးဦးရှိမှသာ အဆင်ပြေမည်ဖြစ်ရာ မာနေးအား အာဖရိကဖလားပွဲသို့ စေလွှတ်ခဲ့ရခြင်းကြောင့် တောင်ပံတိုက်စစ်ကစားသမားတစ်ဦးမဖြစ်မနေ ခေါ်ယူရန် လိုအပ်နေခြင်းဖြစ်သည်ဟု နည်းပြ ဂျာဂန်ကလော့က မှတ်ချက်ပြုခဲ့သည်။

လီဗာပူးအသင်း၏ ပစ်မှတ်ကစားသမား ခြောက်ဦးတွင် အာဆင်နယ်ကစားသမား ချိန်ဘာလိန်၏ အမည်ပါဝင်လျက်ရှိနေပြီး ချိန်ဘာလိန်အပြင် လက်ပ်ဇစ် တိုက်စစ်မှူး ဖော့စ်ဘာ့ဂ်၊ ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး ဂျက်စီရိုဒရီဂွက်ဇ်၊ လေဗာကူဆင်ကစားသမား ဘရန့်၊ စပါးတပ်စ်မော်စကို တိုက်စစ်မှူး ပရိုမက်စ်နှင့် အင်တာမီလန် အသင်းမှ ဘော်ရိုဆာတို့ကိုလည်း ချိတ်ဆက်နေသော်လည်း ဂျက်စီရိုဒရီဂွက်ဇ်သည်သာ လီဗာပူးသို့ ပြောင်းရွှေ့ရန် အနီးစပ်ဆုံးအနေအထားတစ်ရပ် ရောက်ရှိနေကြောင်း သိရသည်။

ဂျက်စီရိုဒရီဂွက်ဇ်သည် ရီးယဲလ်မက်ဒရစ် လူငယ်အကယ်ဒမီမှ ပေါ်ထွက်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ရီးယဲလ်တွင် ပုံမှန်ပွဲထွက်ခွင့်မရရှိခြင်းကြောင့် ပြီးခဲ့သည့် နွေရာသီက ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၁သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။သို့သော် ပီအက်စ်ဂျီတွင်လည်း ထင်သလောက် ခြေစွမ်းပြနိုင်ခြင်း မရှိရာ ဇန်နဝါရီ ဈေးကွက်အတွင်း ပီအက်စ်ဂျီမှ ထွက်ခွာရန်သေချာသလောက်ရှိနေသည်ဟု ပီအက်စ်ဂျီနည်းပြ အမ်မရီက အတည်ပြုခဲ့ပြီးဖြစ်သည်။

**မေလှဲ့သင်း**

ကြေးမုံ
ဇန်နဝါရီ ၁၄၊ ၂၀၁၇

# ဘကြည် တစ်ကြည်တည်းရှိတယ်

ပန်းချီလှတင်ထွန်း

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလဆန်းက နေပြည်တော် အမျိုးသားလွှတ်တော်စာကြည့်တိုက် ဒုတိယညွှန်ကြားရေးမှူး ကျွန်တော့်တူမလေး ယုယုမွန်ဖုန်းဆက်သည်။ ပန်းချီဆရာကြီး ဦးဘကြည်ရေးဆွဲတဲ့ ပန်းချီကားအကြောင်း သိချင်လို့၊ ရန်ကုန်ရုံးခွဲ ရှေးဟောင်းဌာနက သူ့သူငယ်ချင်းအရာရှိက သူ့ကို ဖုန်းဆက်လို့တဲ့။ ကျွန်တော့်တူမလေးကလည်း ဘာကိုမေးမှန်းသိပုံမရ။ ယဉ်ကျေးမှုဝန်ကြီးဌာန "လိုဂို" ကိန္နရီရုပ်ကလေးကို ဘယ်တုန်းက ဆရာကြီး ဦးဘကြည်ဆွဲခဲ့တာလဲဆိုတာ သိချင်တာလား မသိဘူးတဲ့။ ဘုမသိ ဘမသိဖြစ်နေသော ကျွန်တော့်တူမလေးကို ဘာသိချင်တာလဲပြန်မေးပြီး ငါ့ကို တိုက်ရိုက်ဆက်ခိုင်းလိုက်ဟု ပြောလိုက်ရပါသည်။

**ပညာရေးတက္ကသိုလ်အဝင်ပန်းချီကားနှစ်ချပ်**

ဒီတော့မှ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာနက တစ်ဆင့် သူ့ကိုမေးခိုင်းသည့်ကိစ္စကို ရန်ကုန်ရုံးခွဲက အရာရှိမက ရှင်းပြပါသည်။ ပညာရေးတက္ကသိုလ်အဝင်မုခ်နံရံနှစ်ဖက်တွင် ပန်းချီဆရာကြီး ဦးဘကြည် ဘယ်နှစ်က ဆွဲတာလဲ၊ ခုကျောင်းဆေးသုတ်၍ မြုပ်နေသော ထိုပန်းချီကားကြီးနှစ်ကားကို ပြန်လည်ဖော်ထုတ်ဖို့ နည်းလမ်းရှိသလားတဲ့။ သိချင်လို့မေးတာက နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်ဖြစ်ပါတယ်တဲ့။ အံ့သြစရာဗျာ။ ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုလုံး ကျွန်တော့်လိပ်စာ ဖုန်းနံပါတ်ကအစ အကုန်သိပါသည်။ ကျွန်တော့်ဆီ တိုက်ရိုက်မမေးဘဲ နှစ်ဆင့်သုံးဆင့်ဝေ့ဝိုက်ပြီး ယခုလို မေးတတ်ပါသည်။ ပန်းချီပန်းပုကျောင်း ညနေသင်တန်းတွေ ဘယ်တုန်းကစဖွင့်တာလဲ၊ ပန်းချီ၊ ပန်းပုကောင်စီ ရိုးရာပန်းအစည်းအရုံး သမိုင်းတွေသိချင်တယ်၊ စစ်ကြိုခေတ်ပန်းချီကျောင်းအုပ်နဲ့ နည်းပြဆရာနာမည်တွေ သိချင်တယ်ဟု ယခုလို တစ်ဆင့်စကားနှင့် မကြာမကြာ ကျွန်တော့်ကို လှမ်းမေးလေ့ရှိပါသည်။ တိုက်ရိုက်မေးလေ့မရှိပါ။

**သမိုင်းဝင်ပန်းချီကားနှစ်ချပ်**

ယခုပညာရေးတက္ကသိုလ် ဆင်ဝင်အောက်နံရံပန်းချီကားကိစ္စကို နိုင်ငံတော်သမ္မတကြီးက သိချင်တာဖြစ်ပါလျက် ကျွန်တော့်ဆီ တိုက်ရိုက်မမေးပါဘဲ အမျိုးသားလွှတ်တော်စာကြည့်တိုက်မှူး တူမလေး သူ့သူငယ်ချင်း ရန်ကုန်ရုံးခွဲ ရှေးဟောင်းဌာနက အရာရှိမလေးကို သေသေချာချာပြန်မေးတော့မှ ကျွန်တော်က အကြောင်းစုံသိရသည့်ကိစ္စဖြစ်သည်။ ပန်းချီဆရာကြီး ဦးဘကြည် ရာပြည့် (၁၉၁၂-၂၀၁၂) အထိမ်းအမှတ် ကျွန်တော်ရေးသားပြုစုသည့် "ပန်းချီဦးဘကြည်-ဘဝနှင့်သူ့လက်ရာ" စာအုပ်ကို ၂၀၁၂ ခုနှစ် ဇူလိုင် ၁၆ ရက်က ထုတ်ဝေခဲ့သည်။ ဆရာဦးဘကြည်ရာပြည့်ပွဲ ဆွမ်းကျွေးအလှူတွင် ဆရာ့မိသားစုက အုပ် ၃၀၀ လှူဒါန်းလက်ဆောင်ပေးပါသည်။ ဆွမ်းကျွေးပွဲ ကြွရောက်သူတိုင်း ရကြပါသည်။ ကျွန်တော်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လက်ဆောင်ပေးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်က ငါးအုပ်ဝယ်ယူပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ အမျိုးသားစာကြည့်တိုက်က ဝယ်ယူစုဆောင်းထားရဲ့လားမသိပါ။ ထိုစာအုပ်သည် အဌမအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု(စာပဒေသာ)ဆုရခဲ့ပါသည်။ ထိုစာအုပ်ထဲတွင် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော် သိချင်သည်ဆိုသော နံရံပန်းချီကားကြီးနှစ်ကားအကြောင်း အပြည့်အစုံပါပါသည်။ သမိုင်းဝင်ပန်းချီကားနှစ်ကားဖြစ်ပါသည်။

**ဆေးသုတ်ခံရ**

ယခု နိုင်ငံတော်သမ္မတကြီး သိချင်နေသော ပညာရေးတက္ကသိုလ်အောက်ထပ် အဝင်ဝနှစ်ဖက်ရှိ နံရံပန်းချီကားကြီးများကို B.Ed ကျောင်းသား၊ ကျောင်းသူဟောင်းကြီး နိုင်ငံတော်သမ္မတကတော် ဒေါ်စုစုလွင် အပါအဝင်တို့လောက်သာ သိနိုင်ပါသည်။ ပါမောက္ခချုပ် ဒေါက်တာရဲအောင် လက်ထက်လား၊ ဆရာကြီး ဦးသောင်းထွဋ်(နောင်ပညာရေးဒုဝန်ကြီး) လက်ထက်လား ကျောင်းကြီးကို ဆေးသုတ်ရာတွင် အနုပညာတန်ဖိုးမသိသူများ၏ လက်ချက်ကြောင့် သမိုင်းဝင်နံရံပန်းချီကားကြီးနှစ်ကား နံရံပေါ်မှ ပျောက်ကွယ်ခဲ့ရသည်ဟု ယူဆကြပါသည်။ ဒေါက်တာရဲအောင် လက်ထက်ဖြစ်ဖို့များပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး ဦးသောင်းထွဋ်လက်ထက်က ဆရာကြီးဦးဘကြည် ပင်စင်သွားပြီးနောက် ကျွန်တော်ကိုယ်တိုင် ဆရာ့ရာထူးအမွေ (ပညာရေးတက္ကသိုလ်ပန်းချီကထိက)ကို ဆက်ခံတာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။

ထိုစဉ်က ကျောင်းသွား၊ ကျောင်းပြန် နံရံပန်းချီကားကြီးနှစ်ကားကို အမြဲငေးမောကြည့်ခွင့်ရခဲ့ပါသေးသည်။ ဓာတ်ပုံမှတ်တမ်း မရိုက်ခဲ့မိသည့်အတွက် ယူကျုံးမရခံစားရပါသည်။ ယခုကဲ့သို့ ဆေးသုတ်ခံရမည်ဟုလည်း မယူဆခဲ့ပါ။ ၁၉၈၂ ခုနှစ်က ကျွန်တော် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနအောက်ရှိ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းအုပ်တာဝန် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ချိန်မှစ၍ ယင်းနံရံပန်းချီကားကြီးနှစ်ကားနှင့်ပတ်သက်၍ မျက်ခြည်ပြတ်သွားခဲ့ပါသည်။

ဆရာကြီး ဦးဘကြည် ရာပြည့်အထိမ်းအမှတ် စာအုပ်ရေးသားသည့်အခါ ပညာရေးတက္ကသိုလ်သို့ ဓာတ်ပုံမှတ်တမ်းရိုက်ယူရန် သွားသည့်အခါကျမှ နံရံပန်းချီကားနှစ်ကား ဆေးသုတ်ရာတွင်ပါသွားကြောင်း သိရပါသည်။ ထိုပန်းချီကားနှစ်ကား ကျွန်တော့်စာအုပ်ထဲတွင် ပါမသွားနိုင်ခဲ့တော့ပါ။ ပညာရေးတက္ကသိုလ်စာကြည့်တိုက်၊ ရုပ်မြင်သံကြားအခန်း နဝဒေးဆောင်ညှော့ခန်းက ယခင်ပညာရေးမဟာဌာန ကျောင်းပုံပန်းချီကားကြီးများကိုသာ ရိုက်ယူနိုင်ပြီး ကျွန်တော့်စာအုပ်ထဲတွင် ထည့်သွင်းဖော်ပြနိုင်ခဲ့သည်။

**လေဆိပ်နံရံပန်းချီကားများနှင့် တစ်ချိန်တည်းဆွဲ**

သမ္မတကြီး သိချင်နေသော ပညာရေးတက္ကသိုလ်အဝင် နံရံပန်းချီကားနှစ်ကားမှာ ၁၉၅၇ ခုနှစ်က ရေးဆွဲခဲ့သော မင်္ဂလာဒုံလေဆိပ် နံရံပန်းချီကားများနှင့် တစ်ချိန်တည်းဆွဲခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဆရာဦးဘကြည်မှာ ပညာရေးမဟာဌာန(ယခုပညာရေးတက္ကသိုလ်)ပန်းချီကထိက၊ ဆရာ့ဇနီး ဒေါ်တင်မေမှာ မဟာဌာနစာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်နေသည်။ ကျောင်းအုပ်ကြီးမှာ စည်သူ ဒေါက်တာဦးဘဖြစ်သည်။ ၁၉၅၇ ခုနှစ်က စတုရန်းပေ ၃၀၀၀ အရွယ်ရှိ မင်္ဂလာဒုံလေဆိပ်နံရံပန်းချီကားကြီးရေးဆွဲနေစဉ် ပညာရေးမဟာဌာန ငွေရတုသဘင်ဆင်နွှဲချိန်ဖြစ်ရာ ဆရာကြီးဦးဘက ဆရာဦးဘကြည်ကို ပညာရေးမဟာဌာန ဆင်ဝင်မုခ်နံရံတွင် ပန်းချီရေးဆွဲရန် တာဝန်ပေးခဲ့သည်။ ပညာရေးမဟာဌာန ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲနှင့် ပညာရေးပြပွဲကို ပေါင်းပြီးကျင်းပမည့်ပွဲသို့ ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ကြွရောက်ဖွင့်လှစ်ပေးရန်စီစဉ်ထားသည်ဟုဆိုပါသည်။

ဆရာကြီးဦးဘ တာဝန်ပေးထားသော ပန်းချီကားနှစ်ကားမှာ "ထွန်တုံးမှထိပ်ဆုံးသို့" (လယ်သမားပညာရှိပဒေသရာဇဇာတ်) ပန်းချီကားနှင့် အခြားတစ်ဖက်တွင် "ဆရာ" ၏ဂုဏ်ကို သရုပ်ဖော်မည့် "ဂုတ္တိလ" စောင်းဆရာကြီးနှင့် တပည့် "မုသိလ" စောင်းသမားတို့ စောင်းတီးပြိုင်ပွဲပုံဖြစ်ပါသည်။ ထိုအချိန်က လေဆိပ်နံရံပန်းချီကားကြီးနှင့် နပန်းလုံးနေရသည့်အချိန်ဖြစ်၍ ငွေရတုပွဲကျင်းပရန် တစ်ရက်သာလိုတော့သည့်အချိန်ထိ ပညာရေးမဟာဌာနက ပန်းချီလုပ်ငန်းမစနိုင်သေး။ ပန်းချီလုပ်ငန်း ဘာမျှမစရသေးတာကိုမြင်သွားသော ဆရာကြီးဦးဘက ဒေါ်သူပုန်ထကာ ဆရာ့ဇနီး အန်တီဒေါ်တင်မေကိုခေါ်၍ ဦးဘကြည်ကို မတွေ့တွေ့အောင်ရှာ၊ ငွေရတုဖွင့်ပွဲအမီ ပန်းချီလာဆွဲရန်ပြော၊ မပြီးပါက နှစ်ယောက်လုံး အလုပ်ဖြုတ်ပစ်မည်ဟု ရာဇသံပေးလိုက်ပါသည်။ ဆရာကတော်သည် မင်္ဂလာဒုံလေဆိပ်သို့ ချက်ချင်းလိုက်သွားပြီး အကျိုးအကြောင်းပြောပြရာ လေဆိပ်ပန်းချီကားရေးဆွဲနေရင်း ဆရာဦးဘကြည်သည် ခပ်အေးအေး အမူအရာနှင့် မကြာခင်လာခဲ့မယ်၊ ဝိုင်းကူညီနိုင်မယ့် တပည့်အချို့ (ထိုတပည့်အချို့တွင် ဦးသောင်းထွဋ်-ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် နောင်ပညာရေးဒုဝန်ကြီး ပါဝင်သည်) ကို စုထားရန်မှာလိုက်ပါသည်။

**တစ်ကြည်တည်းရှိ**

ထို့နေ့ညနေ ၃ နာရီခန့်တွင် ဆရာဦးဘကြည်ရောက်လာပြီး အေးအေးလူလူပင် မီးသွေးတစ်ချောင်းနှင့် Out Line စကောက်ပါတော့သည်။ နံရံပန်းချီကောက်ကြောင်းများကို အကွက်လိုက် ခွဲတမ်းချ၍ တပည့်များကို ဘယ်အကွက်ကိုဘာ အရောင်ခြယ်ဆိုပြီးမှာပြီး မင်္ဂလာဒုံသို့ ပြန်သွားပြန်ပါသည်။ ထိုညတစ်ညလုံး အပြီးဆွဲရန်ဖြစ်၍ အောက်လင်းဓာတ်မီးတစ်လုံး ရှာထားရန်လည်း မှာသွားပါသည်။ မကြာမီ ဆရာကြီးဦးဘရောက်လာပြီး ဒေါပွပြန်သည်။ "ဘကြည်ဘယ်မလဲ မနက်ဖွင့်ပွဲမမီရင်တော့ အလုပ်ထုတ်ပစ်မယ်ပြောလိုက်"ဆိုပြီး ဒေါနှင့်မောနှင့် ဆရာကြီးဦးဘ ပြန်သွားပါသည်။ ညနေ ၆ နာရီလောက် ဆရာဦးဘကြည် ပြန်ရောက်လာသောအခါ တပည့်ဦးသောင်းထွဋ်တို့က အကျိုးအကြောင်းပြောပြရာ ဆရာဦးဘကြည်က ရယ်ရယ်မောမောနှင့် "ဘကြည်တစ်ကြည်တည်းရှိတယ်ဆိုတာ ဆရာဘမသိလို့နေမှာပါကွာ"ဟု ပြောပြီး ဆေးစထွင်းပါတော့သည်။

**တစ်ညလုံး လက်စွမ်းပြရေးဆွဲ**

ည ၁၀ နာရီ ဆရာကြီးဦးဘ ပြန်ရောက်လာပြန်ရာ နံရံပန်းချီကားကြီးနှစ်ကားလုံး ဆေးပြည့်သလောက်ဖြစ်နေသည်ကိုမြင်ရ၍ ဆရာကြီးဦးဘ လေသံပြောင်းသွားသည်ဟု ဆိုပါသည်။ "မောင်ဘကြည် အချိန်မီပါ့မလားကွဲ့၊ ဖြစ်ကတတ်ဆန်းတော့ မဆွဲနဲ့ကွ၊ ဒါသမိုင်းဝင်မယ့်ကားကွ" ဟုပြောပြီး တပည့်များကို ငွေ ၂၀၀ ထုတ်ပေးပြီး မောင်ဘကြည်ဆာရင် တစ်ခုခုဝယ်ကျွေးဖို့ပြောပြီး ပြန်သွားပါတော့သည်။ ဆရာကြီးဦးဘ ဦးဘကြည်အစွမ်းကို သိသွားပါပြီ။

ဆရာဦးဘကြည်သည် ပညာရေးမဟာဌာနအဝင်မုခ်နှစ်ဖက်က "ထွန်တုံးမှ ထိပ်ဆုံးသို့"နှင့် ဆရာ"ဂုတ္တိလ" နှင့် တပည့် "မုသိလ"တို့ စောင်းပြိုင်ပွဲကားကြီး နှစ်ကားကို ကျွမ်းကျင်ပိုင်နိုင်သော စုတ်ချက်များဖြင့် တစ်ညလုံး လက်စွမ်းပြရေးဆွဲရာ နံနက် ၄ နာရီတွင် လက်စသတ်ပြီးသွားခဲ့ပါသည်။ နောက်နေ့နံနက် ပညာရေးမဟာဌာန ငွေရတုပွဲဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်လာသော ဝန်ကြီးချုပ်ဦးနုအား ဒီပန်းချီကားကြီးနှစ်ကားကို ပန်းချီကထိက မောင်ဘကြည်ရေးဆွဲတာပါဟု ဆရာကြီးဦးဘက ဝင့်ကြွားဂုဏ်ယူစွာပြောပြခဲ့သည်ဟု ဆိုပါသည်။

**ပန်းချီကားရှေ့ကမခွာနိုင်**

ဆရာဦးဘကြည်သည် "ဘကြည်တစ်ကြည်တည်းရှိတယ်ဆိုတာ ဆရာဘ မသိလို့နေမှာပါကွာ"ဟု ကြုံးဝါးပြီး ညလုံးပေါက်လက်စွမ်းပြရေးဆွဲသွားခဲ့သော နံရံပန်းချီကားကြီးနှစ်ကားအနက် စောင်းဆရာကြီး ဂုတ္တိလနှင့် တပည့် မုသိလတို့ နန်းတွင်းစောင်းပြိုင်ပွဲလက်ရာမှာ ရသမြောက်လှသဖြင့် ပညာရေးမဟာဌာန ငွေရတုသဘင်ပွဲဖွင့်ပွဲ ကြွရောက်ဖွင့်လှစ်ပေးခဲ့သည့် ဝန်ကြီးချုပ်ဦးနုနှင့် ဧည့်သည်တော်များ ပန်းချီကားရှေ့က မခွာနိုင်ကြဟု သိရပါသည်။ နန်းတွင်းစောင်းပြိုင်ပွဲရှုခင်းမှာ ခံ့ညားလှပသည်နှင့်အမျှ စောင်းသံကြား၍ ကခုန်နေကြသော နတ်သမီးကလေးများ၏ ကကြိုးမှာလည်း လှပနွဲ့နှောင်းလှသည်ကို တွေ့ရသူတိုင်း စွဲလမ်းနှစ်သက်ခဲ့ရသည့် နံရံပန်းချီကားများဖြစ်ပါသည်။

**ယခုအခါမရှိတော့**

ယခုအခါ ဆရာကြီးစည်သူဒေါက်တာ ဦးဘလည်းမရှိတော့။ ပန်းချီဆရာကြီး ဦးဘကြည်လည်း မရှိတော့။ ပညာရေးတက္ကသိုလ် အဝင်နံရံနှစ်ဖက်က ရသမြောက် သမိုင်းဝင်ပန်းချီကားကြီးနှစ်ကားလည်းမရှိတော့။ ၁၉၅၇ ခုနှစ် လွန်ခဲ့သောနှစ်ပေါင်း ၆၀ က တစ်ညတည်းနှင့် လက်စွမ်းပြခဲ့သော လက်ရာကဲ့သို့ပင် ၁၉၅၇ ခုနှစ်က တစ်ချိန်တည်းရေးဆွဲခဲ့သော ပန်းချီဆရာကြီးဦးဘကြည်၏ မင်္ဂလာဒုံလေဆိပ် ကမ္ဘာကျော်နံရံပန်းချီကားကြီး နှစ်ကား (စတုရန်းပေ ၃၀၀၀ အရွယ်)မှာလည်း လေဆိပ်အသစ်ကြီးတည်ဆောက်ရာတွင် ဖျက်ဆီးခြင်းခံရသည်။ မူလက လေဆိပ်အသစ်ကြီး၏ Public Area တွင် ထားရစ်နိုင်ရန် စီစဉ်တော့မလိုလို ကြားရသည်။ အစည်းအဝေး အကြိမ်ကြိမ်ထိုင်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်တွေလည်း ပါဝင်တက်ရောက်သည်ဟု သိရပါသည်။ ထိုစဉ်က ကျွန်တော်လည်း နေပြည်တော်တွင် အလုပ်တစ်ခုနှင့်ရောက်နေ၍ လေဆိပ် ပန်းချီကားကြီးများကို မူလအတိုင်း ရွှေ့ပြောင်းနိုင်ရန် ကျွန်တော်ကိုယ်တိုင် သွားရောက်လေ့လာခဲ့ဖူးသော အီတလီနိုင်ငံရောမမြို့ရှိ I.C.C.R.O.N (International Centre for Conservation of Art) ဗဟိုဌာနသို့ ယူနက်စကိုမှတစ်ဆင့် အကူအညီတောင်းသင့်ကြောင်း အကြံဉာဏ်ရယူသင့်ကြောင်း ဆောင်းပါးတစ်စောင် ၁-၁၂-၂၀၁၀ နေ့ထုတ် "ကြေးမုံ" တွင် ရေးသားခဲ့ဖူးပါသည်။

သို့သော်လည်း ကျွန်တော် "ကြေးမုံ" မှနေ၍ ရေးသားအကြံပြုချက်သည် အရာရောက်ခဲ့ပုံမပေါ်ပါ။ ယခုတော့ ခြောက်ပေ၊ ခုနစ်ပေအရွယ် အတုံးလိုက် အတစ်လိုက် ဖျက်ဆီးခံရသော ကမ္ဘာကျော်လေဆိပ်နံရံပန်းချီအစိတ်အပိုင်းများကို ရန်ကုန်နှင့် နေပြည်တော်အမျိုးသားပြတိုက်က ပိုက်ဘောမိထားပါသည်။ ယခင်အစိုးရယဉ်ကျေးမှုဝန်ကြီးက ယင်းအတုံးအတစ်ပန်းချီကားအပိုင်းပိုင်းများကို ပြန်ဆက်ပြီး ဂုဏ်ယူပြသမည်ဟုဆိုရာ ထိုပန်းချီကား အတုံးအတစ်များကို ပကတိအကောင်းပြန်ဖြစ်အောင် သိကြားမင်း ဆင်းဆက်တာတောင် မရနိုင်။

ယဉ်ကျေးမှုဌာနတွင်ရှိသော ပန်းချီကားထိန်းသိမ်းရေးပညာရှင် ကိုကျော်ရှင်နောင်လည်း တစ်ယောက်တည်းရှိပြီး သိပ္ပံနည်းကျ ဓာတ်ခွဲခန်းလည်းမရှိ (အမျိုးသားပြတိုက်ကြီး ဖွင့်ခဲ့တာလည်း အနှစ် ၆၀ ကျော်ပြီ) ၍ မဖြစ်နိုင်။ **ယခုလို အတုံး**တုံးအပိုင်းပိုင်း အင်္ဂတေတုံးကြီးများကို ပြသမည်ဆိုလျှင်လည်း ဂုဏ်ရှိဖို့ဝေးစွ၊ ဂုဏ်သိက္ခာအတုံးလိုက်အတစ်လိုက်ကျဖို့ပဲရှိ၍ ပြသဖို့ပင် မသင့်တော်ကြောင်း ကျွန်တော်ဆောင်းပါးရေးဖူးပါသည်။

**စာမျက်နှာ ၂၀ သို့**



**ဆရာကြီး ဦးဘကြည်၏ သမိုင်းဝင်လက်ရာ စတုရန်းပေ ၃၀၀၀ အရွယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ် နံရံပန်းချီကားကို လေဆိပ်သစ်ဆောက်ရန် မဖျက်မီက မှတ်တမ်းရိုက်ကူးခဲ့သောလက်ရာ။**

# မွေးဖွားမှုနှင့် သေဆုံးမှုများသည် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၌ အဓိကကျ



**ဆိပ်ဖြူ ဇန်နဝါရီ ၁၃**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

ဒေသအတွင်းနေထိုင်သည့် ဒေသခံပြည်သူအများ မွေးဖွားမှု၊ သေဆုံးမှုများသည် လူ့စွမ်းအား အရင်းအမြစ်ကဏ္ဍ၌ အဓိကကျသော အခန်းကဏ္ဍများတွင်တည်ရှိနေပြီး မွေးဖွားမှု၊ သေဆုံးမှုများသည် ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံကျသော အရေးကြီးကဏ္ဍများတွင် ပါဝင်နေပြီး မွေးဖွားမှု သေဆုံးမှု စာရင်းများ မှတ်ပုံတင်ခြင်းကို ရာနှုန်းပြည့် လွှမ်းခြုံမှုရရှိအောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးအကောင်ထည်ဖော်နိုင်ရေးအတွက် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့် Bloomberg Philanthropies တို့မှပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပေးခဲ့ပြီး ဗဟိုစာရင်းအင်းအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ကြူကြူခိုင်က မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ်ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ Bloomberg Philanthropies မှ Country Coordinator ဒေါ်ခင်စန္ဒာဘိုက မွေးဖွားမှုသေဆုံးမှု စာရင်းများ မှတ်ပုံတင်ခြင်းကို ရာနှုန်းပြည့် လွှမ်းခြုံမှုရရှိအောင် ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးလက် ကျန်းမာရေးဌာနမှူးများနှင့် ဆရာမများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းစနစ်ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**စိုးလင်းနိုင်** (IPRD)

# ချောင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီး ကွင်းဆင်းစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၃**
ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ပဲခူးမြို့နယ် ရွှေတန်ကျေးရွာအနီး ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကလိချောင်းတူးဖော်ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အတူ တောင်ငူခရိုင် တောင်ငူမြို့နယ်ရှိ ဝက်ခေါက်စိန်ကျေးရွာ (Biomass Power Plant Project ) တည်ဆောက်မည့်နေရာ၊ ဇရပ်ကွင်း-ဝက်ခေါက် စိန် ဆက်သွယ်ရေးလမ်းအား ဂဝံလမ်းခင်းခြင်းလုပ်ငန်း၊ သဖန်းပင်ကျေးရွာတွင် သဖန်းပင် လျှပ်စစ်မြစ်ရေတင် ရေပေးဆောင်ရွက်နေမှု၊ ရေတာရှည်မြို့နယ်၌ အင်ဒိုင်းလျှပ်စစ်မြစ်ရေတင်မှ ပြည်သူများအား ရေပေးဝေမှုအခြေအနေနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညောင်ပင်သာကျေးရွာအနီး ညောင်ပင်သာရိုးအား မိုးမတိုင်မီတူးဖော်ခဲ့ခြင်းကြောင့် မိုးစပါးဖြစ်ထွန်းအောင်မြင်နေမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဝန်ကြီးနှင့် အဖွဲ့သည် ဒေသခံများနှင့် တွေ့ဆုံ၍ အစိုးရ၏ မူဝါဒများ၊ ပြည်သူ့အပေါ်ထားရှိသည့် လုပ်ဆောင်မှုများ၊ လွှတ်တော်၊ ဌာနဆိုင်ရာများ၏ ဒေသအကျိုးဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားပြီး ပြည်သူများဘက်မှလည်း ဒီမိုကရေစီစနစ်နှင့်အညီ လုပ်ဆောင်ရမည့် တာဝန်များအား ရှင်းလင်းပြောကြားခဲ့သည်။

**သူရအောင်(ပြည်)**

# ဓမ္မစေတီလမ်းမကြီးတွင် ညအချိန်၌ များပြားသည့်အမှိုက်များ လာရောက်စွန့်ပစ်

**ဗဟန်း ဇန်နဝါရီ ၁၃**
ဗဟန်းမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မြို့နယ်အတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရန် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်၊ အထုပ်ကောက် အမှိုက်သိမ်းစနစ်များဖြင့် မိဘပြည်သူများ အမှိုက်စွန့်ပစ်မှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

သို့သော် ဇန်နဝါရီ ၈ ရက် နံနက်က ဓမ္မစေတီလမ်းနှင့် ရွှေဂုံလမ်းအနီးတွင် စည်းကမ်းမဲ့စွာဖြင့် အမှိုက်များ မော်တော်ယာဉ်ဖြင့် လာရောက်စွန့်ပစ်ထားသောကြောင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးသူနိုင်ဦးဆောင်ကာ မိဘပြည်သူ လမ်းသွားလမ်းလာများ အဆင်ပြေစွာသွားလာနိုင်ရေး ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။

"ဒီလို စည်းကမ်းမဲ့အမှိုက်ခိုးပစ်တာ မလုပ်သင့်ပါဘူး။ ဒီလိုခိုးမပစ်ရင်လည်း နီးစပ်ရာ ရေနုတ်မြောင်းထဲ စွန့်ပစ်မယ်လို့ထင်ပါတယ်။ အမှိုက်စည်းကမ်းမဲ့စွန့်ပစ်နေသူကို တွေ့ရှိရင် ဖုန်း-၀၉-၂၀၀၄၈၅၁ သို့ တိုင်ကြား သတင်းပေးခြင်းဖြင့် ကူညီပေးစေလိုကြောင်း" တာဝန်ခံက ပြောသည်။

**၁၉၇**





&xm;&wyfUrSf12wyf wyfkSwyfUumif;av;wyfkS'ktykoef;at;0ppao wyfUl100DwBnf;efuef;wBfa'oUD*kUDpf(ajrmufykd)rdkU, frdOapwDwmfqk awmif;ynfbk;ücH, fm;ruyfif;&Sfvif;aqmifufLuef0g&D2&ufeHuf aqmif;uf;humif;foeonf owif;EShwyfk118

# ဖေဖော်ဝါရီလမှစတင်ကာ ကြက်ငှက်တုပ်ကွေးသုတေသနလုပ်ငန်း စမ်းသပ်လုပ်ဆောင်သွားရန်ရှိနေ

**ရေး ဇန်နဝါရီ ၁၃**
ဖေဖော်ဝါရီလမှစတင်ကာ ဧပြီလအထိ ကြက်ငှက်တုပ်ကွေး သုတေသနလုပ်ငန်း စမ်းသပ်ခြင်းကို ( FAO ) ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းကာ မြန်မာတစ်နိုင်ငံလုံးတွင် မြို့နယ် ၁၄ မြို့နယ်ထဲ၌ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့နှင့် ရေးမြို့နယ်တွင် စမ်းသပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သော သွေးရည်ကြည်စုဆောင်းခြင်းကို ဘဲများတွင် အဓိကစမ်းသပ်မည်ဖြစ်ကြောင်း၊ ရေးမြို့နယ်တွင် အစင်၊ ဓမင်းဆိပ်ကျေးရွာများရှိ ဘဲမွေးမြူရေးခြံများကို အဓိက စမ်းသပ်သွားရန်ရှိကြောင်း ရေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာသန်းထွဋ်အောင်က ပြောသည်။

အဆိုပါ ဘဲများတွင် ကြက်ငှက်တုပ်ကွေးပိုးရပ်စ်ပိုးမွှား တွေ့ရှိနေပါက ရောဂါကာကွယ်တားဆီးရေး လိုက်နာရမည့် အချက်များကို အသိပညာပေးလုပ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းကာ ရောဂါကူးစက်ခြင်းမပျံ့နှံ့နိုင်ရန်အတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာသန်းထွဋ်အောင်က ဆက်လက်ပြောကြားခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်မီ မလုပ်နိုင်ပါက ကြက်၊ ဘဲတို့မှ တစ်ဆင့် တခြားအိမ်မွေးတိရစ္ဆာန်များကို ရောဂါကူးစက်နိုင်သည့်အပြင် လူများကိုလည်း ကူးစက်နိုင်မည်ဖြစ်ကာ သေဆုံးသည်အထိ ရောဂါအန္တရာယ်ရှိကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**
ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ သန်းဖြင့် 'တော်ဝင်လင်း' ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော နေပြည်တော်မြို့ပတ်လမ်းနှင့် သရက်ခုန်(အနောက်)ကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်း ၁/သုည ဒသမ ၉၄ မိုင်၊ သစ်ကိုးပင်-ပေါင်းလောင်း လက်ဝဲတူးမြောင်း ဆက်သွယ်သောလမ်းပေါ်ရှိ ပေ ၅၀ တံတား၊ ရသေ့ချောင်းနှင့် စမတောင်ကားလမ်းဆက်သွယ်ထားသော လမ်းပေါ်ရှိ Box Culvert ငါးစင်း လုပ်ဆောင်နေမှုများကို ဇန်နဝါရီ ၁၀ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒက္ခိဏခရိုင်နှင့် လယ်ဝေးမြို့နယ်တို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက Quality Control နှင့် Workdone ကွင်းဆင်းစစ်ဆေးကြသည်။ **ဟိန်းအောင်(နေပြည်တော်)**

စာမျက်နှာ ၁၈ မှ

အနုပညာမြတ်နိုးတန်ဖိုးသိသော ကမ္ဘာလှည့်ခရီးသည်တွေ မြင်သွားပါက ဘယ်အိုင်အက်စ် အကြမ်းဖက်သမားတွေလာဖျက်ဆီးသွားတာလားဟု မေးခွန်းထုတ်မည်ဆိုလျှင် ပြတိုက်မှူးတွေ အဖြေရှာထားရလိမ့်မည်ဟုလည်း ဆောင်းပါးတွင် ကျွန်တော်ဖော်ပြခဲ့ပါသည်။

**အကူအညီကောင်းများရနိုင်**

ယခု သမ္မတကြီး ဦးထင်ကျော် သိချင်နေသော ပညာရေးတက္ကသိုလ်အဝင်ဝ နံရံပန်းချီကားကြီးနှစ်ချပ်ကိစ္စမှာတော့ (၁) ယင်းနံရံပန်းချီကားနှစ်ချပ်ကို ဆရာကြီးဦးဘကြည် ၁၉၅၇ ခုနှစ်က ရေးဆွဲခဲ့ပါသည်။ (၂) တက္ကသိုလ်ကြီး ဆေးသုတ်ရာတွင် ပါသွားသည့် ပန်းချီကားကြီးများကို ပြန်ဖော်ရန် ကျွန်တော်အကြံပြုဖူးသည်။ ရောမမြို့ရှိ ICCRON ဗဟိုဌာနရှိ ပန်းချီကားထိန်းသိမ်းရေးပညာရှင် မွန်စီယာပီရှာ (ပုဂံဘုရား ပုဂံလျှော်ဒဏ်ခံရစဉ် လာရောက်ကူညီလျက်ရှိသူ)နှင့် တိုင်ပင်၍ ယူနက်စကိုဌာန၏ အကူအညီရယူမည်ဆိုလျှင် ကောင်းမွန်သော အဖြေတစ်ခုနှင့် အကူအညီကောင်းများ ရနိုင်မည်ဟု ယူဆပါကြောင်း ဖော်ပြရပါသည်။

ဆရာဦးဘကြည် သက်ရှိထင်ရှားရှိနေစဉ်က ပညာရေးတက္ကသိုလ်အဝင် နံရံပန်းချီကားကြီးနှစ်ကား ဆေးသုတ်ခံရစဉ်က သူ့နှလုံးသွေးနှင့် ရေးခဲ့သော ရသမြောက်လက်ရာများ ပျောက်ကွယ်သွားသဖြင့် စိတ်မချမ်းမသာ ခံစားရကြောင်း ကျွန်တော်တို့ကို ပြောပြပါသည်။ ပထမဦးဆုံး ပြည်လမ်း လိပ်ခုံးကြီးမျက်နှာစာရှေ့က ဧရာမဒေါင်းရုပ်ပန်းချီကားကြီး ဖျက်ဆီးခံရစဉ်ကလည်း စိတ်ဆင်းရဲခဲ့ရဖူးကြောင်း ကျွန်တော်တို့ ပန်းချီတပည့်တွေကိုတွေ့တိုင်း ရင်ဖွင့်ဖူးပါသည်။ မင်္ဂလာဒုံလေဆိပ် ပြည်ပထွက်ခွာခန်းမမှ "ပျံသန်းခြင်း" (Flight)အမည်ရှိ ပန်းချီကားကြီးနှင့် အပေါ်ထပ်စားသောက်ခန်းမရှိ ပြည်တွင်းထွက်ကုန်၊ စိုက်ပျိုးရေး၊ ရေနံ၊ သယံဇာတ၊ ရိုးရာယဉ်ကျေးမှု၊ ပန်းချီ၊ ဂီတ၊ အက သရုပ်ဖော်ပန်းချီကားကြီးများ ဖျက်ဆီးခံရတာကိုတော့ ဆရာသိသွားခွင့်မရခဲ့ပါ။ တမလွန်ရောက် ဆရာကြီးဦးဘကြည်သာ သိသွားခဲ့မည်ဆိုလျှင် ဆရာတစ်ယောက်ရင်ကွဲနာကျနေရော့မည်ဟုကျွန်တော် ခံစားရပါသည်။

**သတိတရ ပြန်လည်ဖော်ထုတ်**

ယခုအခါပညာရေးတက္ကသိုလ်အဝင်ဝက ဆရာ ညလုံးပေါက် လက်စွမ်းပြခဲ့သော ပန်းချီကားနှစ်ချပ်ကို အနုပညာမြတ်နိုးသော၊ ပန်းချီအနုပညာကိုတန်ဖိုးထားသော နိုင်ငံတော်သမ္မတကြီးက သတိတရ ပြန်လည်ဖော်ထုတ်ဖို့ ဆန္ဒရှိကြောင်းကိုသာ ဆရာသိခွင့်ရမည်ဆိုလျှင် တမလွန်ရောက်ဆရာတစ်ယောက်ဝမ်းမြောက်နုမော် သာခုအကြိမ်ကြိမ်ခေါ်နေပေလိမ့်မည်ဟုလည်း ယုံကြည်မိနေပါသည်။

ယခုအချိန်ထိ ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ရှိသူများ ကျွန်တော့်ကို တိုက်ရိုက်မေးမြန်းစုံစမ်းခြင်းမရှိသေးပါ။ နိုင်ငံတော်သမ္မတဦးထင်ကျော် ဂယနဇ သိရှိနိုင်ရန် လမ်းညွှန်ရန်အတွက် ရေးသားဖော်ပြရပါသည်။ ကျွန်တော်ပြုစုသည့် "ပန်းချီဦးဘကြည် ရာပြည့်အထိမ်းအမှတ်စာအုပ်၊ ပန်းချီဦးဘကြည် ဘဝနှင့် သူ့လက်ရာ" ကိုလည်း သမ္မတကြီးထံ အရောက်ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝန်ခံချက်**

တစ်ညတည်းနှင့်အပြီး ဆရာဦးဘကြည် လက်စွမ်းပြခဲ့သည့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ နံရံပန်းချီကားနှစ်ကားအကြောင်း အသေးစိတ်ကို ဆရာကြီးဦးသောင်းထွဋ်၏ ပညာရေးဒုဝန်ကြီး၏ နေ့စဉ်မှတ်တမ်းမှ ရရှိခဲ့ပါသည်။



## ကံကုန်း–မြင်းကဆိပ်လမ်းပိုင်း ကွန်ကရစ်ခင်းခြင်း အဆင့်မြှင့်တင်ဆောင်ရွက်

**ကန်ကြီးထောင့် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ လမ်းပိုင်းတွင်ပါဝင်သည့် ကံကုန်း-မြင်းကဆိပ် လမ်းပိုင်း (၁၃/၁-၁၄/၃)မိုင်မှ (၁၄/၅-၁၅/၃)မိုင်ရှိ ယခင် ကတ္တရာလမ်းဟောင်းပိုင်းအား အများပြည်သူသွားလာမှုလွယ်ကူစေရေးအတွက် ကွန်ကရစ်လမ်းခင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းပိုင်းအား ကန်ကြီးထောင့်မြို့နယ်လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေဖြင့် လမ်းအကျယ် ၁၈ ပေနှင့် လမ်းအမြင့် ရှစ်လက်မဒု ခင်းကျင်းနေခြင်းဖြစ်ကြောင်းသိရပြီး လမ်းအရည်အသွေးကောင်းမွန်စေရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီပြီးစီးနိုင်ရေးနှင့် လမ်းလုပ်သားများ လုပ်ငန်းခွင်အတွင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျဆောင်ရွက်သွားကြရန် တာဝန်ရှိသူများက လမ်းတာဝန်ခံများအား မှာကြားခဲ့သည်။

လုပ်ငန်းခွင်သို့ ဇန်နဝါရီ ၁၁ ရက်က ပုသိမ်ခရိုင်လမ်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးမိုးထွန်း၊ ဒေါ်ခင်စောမူနှင့် ဒေါ်ခိုင်ဇင်ဦးတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။ **နန်းထိုက်(ပြန်/ဆက်)**

## ကုန်းပြင်စံပြကျေးရွာ၌ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

**ငါးသိုင်းချောင်း ဇန်နဝါရီ ၁၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ကုန်းပြင်စံပြကျေးရွာအုပ်စု၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ ကျေးရွာအတွင်း ကွန်ကရစ်လမ်းအရှည်ပေ ၅၀၀၀ ခန့်အား ကျေးရွာအုပ်စုအတွင်းရှိ စေတနာရှင် ပြည်သူများ၏ စုပေါင်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအကျယ် ၁၆ ပေ၊ ဒု ကိုးလက်မနှုန်းဖြင့် စတင်ခင်းကျင်းလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် လမ်းအရှည်ပေ ၂၅၀၀ ကျော် ခင်းကျင်းပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းအား ဒေသခံပြည်သူများစုပေါင်း၍ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၁၀၀၀ သုံးစွဲရန်လျာထားခဲ့ပြီး ကျန်ရှိနေသောလမ်းပိုင်းအား ဧပြီလအတွင်း အပြီးသတ်ခင်းကျင်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေအောင်က ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မြန်မာ–ထိုင်း ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးတွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာနဝန်ကြီး H.E. Mrs. Kobkarn Wattanavrangkul၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Pisanu Suvanajata နှင့် ထိုင်းနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ အပါအဝင် စုစုပေါင်း ၇၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များက နှစ်နိုင်ငံခရီးသွားလုပ်ငန်းလုပ်ဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ပူပေါင်းဆောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနှင့်ထိုင်းနိုင်ငံတို့သည် ရှေးပဝေသဏီကပင် ရင်းနှီးချစ်ကြည်ပြီး အပြန်အလှန်နားလည်မှုရှိသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အပြင် ASEAN၊ ACMECS၊ GMS၊ BIM-STEC စသည့် ဒေသတွင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြောင်း၊ ပထမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်မှုဆိုင်ရာ သဘောတူညီချက်ကို ၁၉၉၈ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါသဘောတူညီချက်ကြောင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရှာဖွေမြှင့်တင်ရေး၊ အုပ်စုလိုက်မော်တော်ယာဉ်၊ စက်ဘီး၊ဆိုင်ကယ်၊ ရွက်တပ်စက်လှေများဖြင့် ခရီးသွားလာခြင်းများ၊ ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ ဆက်သွယ်မှုများ၊ ခရီးသည်များ နိုင်ငံဖြတ်ကျော်ဝင်ရောက်မှု လွယ်ကူစေရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ မူဘောင်များအတွင်း နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကြောင့် တိုးတက်မှု များစွာရရှိခဲ့ကြပါကြောင်း၊ ယခုအချိန်သည် နှစ်နိုင်ငံခရီးသွားလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းမှုများ တိုးတက်ရရှိစေသည့် လုပ်ငန်းများအား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် သဘောတူညီချက်အသစ် ပြန်လည်ပြင်ဆင်ရေးထိုးမည့် အချိန်ဖြစ်ပါကြောင်းနှင့် နားလည်မှုစာချွန်လွှာပါ အချက်အလက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံ အပြန်အလှန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူးများရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်၍ လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်မှုကို ပိုမိုခိုင်မြဲစေခြင်း၊ စာချုပ်ဝင်များအကြား ခရီးသွားကဏ္ဍတွင် လေးနက်၍ ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်စေ၍ နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံပြည်သူများအကြား သိရှိနားလည်မှု မြှင့်တင်ရေးတွင် ခရီးသွားလုပ်ငန်းသည် နှစ်နိုင်ငံလုံးအတွက် မရှိမဖြစ်အရေးပါသောကဏ္ဍအနေဖြင့် ရပ်တည်နေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ယင်းစာချွန်လွှာတွင် ကောင်းမွန်သော ခရီးသွားလုပ်ငန်းအုပ်ချုပ်မှု၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ တရားဝင်မူဘောင်များ၊ မဟာဗျူဟာကျသော စီမံကိန်းချမှတ်ခြင်း (Strategic Planning) အပါအဝင် မူဝါဒဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရန်၊ ပူးတွဲခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ဈေးကွက်ရှာဖွေရန်၊ ခရီးစဉ်ရေးဆွဲခြင်း အပါအဝင် ခရီးသွားထုတ်ကုန်များ အမျိုးအစားစုံလင်ရေးနှင့် ဖွံ့ဖြိုးရေးတို့တွင် နည်းပညာအကြံဉာဏ်နှင့် အကူအညီပေးရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် တစ်ဖက်နှင့်တစ်ဖက် အကူအညီပေးရန်၊ ခရီးသွားလုပ်ငန်း သတင်းအချက်အလက် ဗဟိုဌာနများထူထောင်ရာတွင် အကူအညီပေးရန်၊ သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအပါအဝင် သင့်လျော်သည့် အထူးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရာတွင် တွန်းအားပေးရန်၊ နားလည်မှုစာချွန်လွှာအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းအဖွဲ့တစ်ရပ်ထူထောင်ရန်နှင့် ၎င်းလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အလှည့်ကျ ကျင်းပရေးတို့ ဆောင်ရွက်ရန် စသည့်အချက်များပါဝင်ကြောင်းသိရသည်။

**(ကြေးမုံ)**

## မိခင်နှင့်ကလေးသေဆုံးမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးသေဆုံးမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာအသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီ ခွဲက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက တိုင်းဒေသကြီးအတွင်းရှိ မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော် မိခင်နှင့် မျိုးဆက်ပြန့်ပွားရေးကျန်းမာရေးဌာန ညွှန်ကြားရေးမှူးက မိခင်သေဆုံးမှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (MDSR System) နှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော် ကလေးကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်းက ကလေးသေဆုံးမှုနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (CDSR System) နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

မိခင်နှင့် ကလေးသေဆုံးမှုများကို ဆန်းစစ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက် ခြင်းများ ပြုလုပ်ခြင်းကြောင့် မိခင်နှင့်ကလေးသေဆုံးရသည့် အကြောင်းအရင်းကို ပိုမိုတိကျစွာ သိရှိလာနိုင်မည့်အပြင် နှောင့်နှေးခြင်းသုံးရပ်နှင့် ဆက်စပ်နေသော နောက်ခံအကြောင်းအရင်းများကို ဖော်ထုတ်နိုင်ခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို ရွေးချယ်နိုင်ပြီး မိခင်နှင့်ကလေးသေဆုံးမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပဲခူး (ခရိုင်ပြန်/ဆက်)**




## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

(အကျိုးဆောင်မလိုပါ)

Mini Condo ရှစ်ထပ်ခွဲတိုက်သစ် တိုက်ခန်းကျယ်၊ ၂၈ ပေခွဲ × ၅၄ ပေ အခန်းဖွဲ့ပြင်ဆင်ပြီး၊ ပ–ဒ–တ–စ အထပ်များ ဓာတ်လှေကား၊ အရန်မီးစက်၊ ထရန်စဖော်မာ သံသုမာလမ်းမအနီး၊ မြင်သာ/တောင်ဥက္ကလာပ

၀၉ ၇၇၂ ၇၀၀ ၅၅၂

(နှစ်ဦးအထူးဈေးနှုန်း/အရစ်ကျငွေချေမှု)

## မြေကွက်များဈေးကောင်းပေးဝယ်လိုသည်။

ဒဂုံမြို့သစ် ၊ ( အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ဆိပ်ကမ်း )

တို့တွင်မြေကွက်များဝယ်လိုသည်။

အိမ်အရောက်ငွေချေနိုင်၊ပွဲခပေးရန်မလို

Ph : 01-2339310, 01-2339355, 01-578044

## တိုကျော်နိုင် CAR RENTAL

မြို့တွင်း၊မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(ဖဲစတုံး)ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်။

09 25 358 2510, 09 515 8803

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| စာရေးမ | မ(၁) |
| Marketing | မ(၅) |

ဖုန်း-၀၉-၇၆၈၁၇၁၀၁၈
၀၉-၈၃၅၀၈၇၆

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁-၂၀၁၇ရက်စွဲပါ ကြေးမုံသတင်းစာ၌ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဖော်ပြထားသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဒု၊မြေကွက်အမှတ်-၅၁၁+ ၅၁၂ မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော လှိုင်သာယာမြို့နယ်၊ (၆) ရပ်ကွက်၊ သုခဖြတ်လမ်းအစား သုခမြတ်လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဇရစ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ်(၁၃၄)နေ ဦးသင်းစီ-ဒေါ်ခင်နု၊ ဦးထွန်းရွှေ-ဒေါ်တင်တင်ရီ(ရွှေဆိုင်)တို့၏မြေး၊ ဦးစံဝင်း(ရွှေစံအိမ်ဟိုတယ်)-ဒေါ်ရီရီထွေး(ခ)ဒေါ်အေးအေး (ရွှေတော်ဝင်-ရတနာဆိုင်)တို့၏ တစ်ဦးတည်းသောသား၊ ကိုအောင်ကျော်ဦး-မချောစုသန့်တို့၏မောင်

**မောင်သူရစိုး(ခ)သားသား**
**B.Sc(Chemistry)**


နှင့်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းမရပ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၆၂)နေ ဦးဂွင်ရှိန်(ခ)ဦးရှိန်-(ဒေါ်စိုးစိုးဝင်း)(အထပြ)-ဒေါ်စိုးစိုးသန်း(အလပြ)(အထက၊ မြောင်းပုလဲ)တို့၏ သမီး၊ မောင်ကောင်းဆက်(B.C.Tech)၊ မပုလဲဖြူဖြူတို့၏အစ်မ

**မခင်ဖြူဖြူ**
**B.C.Sc(Hons:)**

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ၂-၁-၂၀၁၇ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရစိုး-မခင်ဖြူဖြူ




စိတ်ဓာတ် စည်းကမ်း ပညာ

UZMA

# ဦးဇော်မျိုးအောင်

ရူပ ဓေ ဒ B.E [Civil]

## ကိုယ်ပိုင် အထက်တန်းကျောင်း

စာသင်ဝိုင်း နှင့် အဆင့်မြင့်သီးသန့်ဘော်ဒါ

(ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်ကျောင်းမှတ်ပုံတင်အမှတ် – ကကစ ၁၃/၁၁/၀၁၇)

- 80 % အောင်ချက်ကောင်းများနဲ့အစဉ်အလာ
- လိမ်မသင်ဘဲ တကယ်တတ်အောင်သင်တဲ့ စေတနာ
- ငွေကြေးကိုအဓိကမထားဘဲ ပီပီသားသမီးများကဲ့သို့ အုပ်ချုပ်ထိန်းသိမ်းပဲ့ပြင်တဲ့နေရာ
- အနာဂတ်မျိုးဆက်သစ်များအတွက် စိတ်အေးချမ်းသာစွာ ပညာသင်နားခိုရာ
- ပညာကိုတန်ဖိုးထား၍ အောင်မြင်မှုရရန် စည်းကမ်းတကျ ကြိုးစားချင်သော ကျောင်းသား/သူ တို့ အားထားရာ

ကိုယ်ပိုင်ကျောင်းမတက်သော ကျောင်းသား/သူများအတွက် ညနေပိုင်း ဝိုင်း မတ်လဆန်းဖွင့်မည်။

ကျောင်း/ဝိုင်း အပ် လက်ခံနေပြီ။

စာသင်ကျောင်း ။ ။ အမှတ်(၇၂၂/က) ကုန်းဘောင် (ဝမ်) လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပ။
စာသင်ဝိုင်း ။ ။ စာစစ်စာနယ်ဇင်းတိုက်၊ စာတိုက်လမ်းဆုံ၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပ။

09 515 3319, 0977 515 3319, 09 451 555 009, 09 401 555 009

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၅၊ လူနေရပ်ကွက်အမှတ် - သမိုင်း၊ မြေကွက်အမှတ်-(၁/ခ-၂၇၇) ဧရိယာ(၀. ၁၁၉)ဧက၊ (၅၁၉၇)စတုရန်းပေအကျယ်အဝန်းရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၉၇၂/ဘီ)ဟုခေါ်တွင်သည့် မြေနှင့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ဖြစ်သူ ဒေါ်မြမြသန့်စင်(၁၂/မဂတ(နိုင်)၀၈၀၁၅၅)၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် - ၂၆၉၇၃/၂၀၁၃ ဖြင့်ရရှိသူ ဦးမြင့်သန်း(၁၂/အစန(နိုင်)၁၃၅၉၆၄)ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကတရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဦးသန်းညွန့်( စဉ်- ၃၅၅၀) | ဦးအောင်နိုင်ဦး( စဉ် - ၄၂၇၂) | ဦးမျိုးညွန့်( စဉ် - ၅၁၄၂) | ဒေါက်တာဆွေဇင်သော်( စဉ်- ၉၃၀၁) |
| LL.B,C.P.T,C.J.T | LL.B | LL.B,D.B.L | LL.B,LL.M,M.Res,Ph.D |

အထက်တန်းရှေ့နေများ

| | |
|---|---|
| ဒေါ်လှိုင်ယဉ်မွန် ( စဉ် - ၄၀၆၄၈) | ဒေါ်အေးသူဇာ ( စဉ် - ၃၀၂၆၄) |
| LL.B | LL.B,D.B.L,D.I.L |

**" စိုင်း ခွန် နောင် " ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့်ဥပဒေအကြံပေးလုပ်ငန်း**

ရုံးချုပ် – အမှတ်(၁)၊ ပင်ရှေညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈



# အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်စွာဖြင့်ပူဇော်ခြင်း

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကမ္ဘာ့ဗုဒ္ဓသီတဂူတက္ကသိုလ်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ သီတဂူဆရာတော်ကြီး **ဒေါက်တာအရှင်ဉာဏိဿရ(D.Litt, Ph.D) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)**အား ၂၀၁၇ ခုနှစ် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သော **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်ကို လျှုဒါန်းဆက်ကပ်ပူဇော်ခဲ့ပါသည်။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိပဿနာဂုဏ်တို့နှင့် ထိုက်တန်သော ပူဇော်ဂုဏ်ပြုခဲ့ခြင်းအတွက် အထူးဝမ်းမြောက်စွာ ကြည်ညိုဂုဏ်ပြုအပ်ပါသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး သက်ရှည်၊ ကျန်းမာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာတော်ကြီး၏အကျိုးကို အဓွန့်ရှည်စွာဆောင်ရွက်နိုင်ပါစေကြောင်း ရိုသေစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်ဘုရား။

၁။ ဦးမြင့်စိန်-ဒေါ်လှအေး
သမီး-မစံပယ်(လှဆန်းယဉ်)
၂။ ဦးသောင်း-ဒေါ်ခင်ကြည်(ရွှေပြည်တန်)
၃။ ဦးငွေစန်း-ဒေါ်စန်းနွဲ့
၄။ ဦးတင်အေး-ဒေါ်သန်းသန်းအေး
၅။ ဦးသန်းလွင်-ဒေါ်ခင်ခင်ငြိမ်း
၆။ ဦးစောထွေးဇော်-ဒေါ်သက်သက်တင်
၇။ ဦးမြင့်အောင်-ဒေါ်စိုးမိုးကြည်
၈။ ဦးအောင်မြင့်သိန်း-ဒေါ်ရီရီခင်

အောက်မြန်မာပြည်သီတဂူသာသနာပြုအဖွဲ့

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ပညာသင်ဆု များလျှောက်ထားရယူနိုင်မည့်
MYANMAR SEARCH INT'L
10th Anniversary MSI Scholarship Exhibition 2017
အမေရိကန် - အင်္ဂလန် - ဩစတြေးလျ - ဆွစ်ဇာလန် - စင်္ကာပူ - မလေးရှား - ထိုင်း - တရုတ်နိုင်ငံ တို့မှတက္ကသိုလ်များပါဝင်သည်။

| ရန်ကုန်မြို့ | မန္တလေးမြို့ | တောင်ကြီးမြို့ |
|---|---|---|
| SATURDAY , 10:00AM - 1:00PM | SUNDAY , 1:00PM - 4:00PM | MONDAY , 1:00PM - 5:00PM |
| 21 JAN 2017 | 22 JAN 2017 | 23 JAN 2017 |
| Novotel Hotel (Pyay Conference Room) | Sedona Hotel (Ball Room) | Royal Star Hotel (Ball Room) |

MSI မှ ပညာသင်ဆုရကျောင်းသား/သူ ဦးရေ (၁၇၅) ကျော်ရှိပြီး!
Webster University, SIM Global Education, JCU Singapore, Monash University, Taylor's University, Kaplan, IMI, TMC Academy, INTI, KDU University College, SEGi University & Colleges, Curtin University, psb Academy, MDIS, Auston, Dimensions, HTMI, Xiamen University
Free Seminar
MSI Ph:01-250929,09-420037616, 09-402517549, 09-5103915

သာလွန်ကျော်
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph: 09-420780797
09-254285314

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက် ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ်(ဥ. ၆၀၃၂)၊ ဧရိယာ(   )ဧကရှိ ဒေါ်ခင်သူဇာ(ဘ)ဦးထွန်းစိန် [၁၀/မလမ(နိုင်)၀၂၉၄၁၉]၊ အမည်ပေါက်ပါမစ်မြေကွက်အား အမည် ဒေါ်မီမီထွန်း(ဘ)ဦးသိန်းထွန်း [၉/ပဘန(နိုင်)၀၀၀၄၂၄]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

မလိခူးလက်ရာ
Since 1999 MALIHKU Cuisine KEEP THE FAITH
ရှတ်ချွမ် | ဇော်ရခါးဥဟင်း | ရှတ်နော့ဖူ
တောအုန်းဆန်လှော် | | ကချင်ငါးပေါင်းထုပ်
ကျောက် ဂျင်းသုပ် | ငါးချဉ်စပ် Hot Pot | ကချင်ပူစီနံသုပ်
ပန်းဥထောင်း | | ငါးမျှစ်ချဉ်ခေါက်ဆွဲ
မှိုကစ်ထောင်း | | ဂျုံခေါက်ဆွဲချဉ်စပ်
စီပါ | မက်လင်ချဉ်ဖျော်ရည် | ခရုဆန်လှော်
အမှတ် ( R - 9 )၊ ကရဝိတ်ဥယျာဉ်ဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း - 09 25 990 50 50

ရောင်းမည်
သင့်တင့်သောဈေးဖြင့်အိမ်ရောင်းမည်။
အင်းစိန်၊ သီရိမင်္ဂလာလမ်း (ဂျပန်လမ်း)
လမ်းမကြီးမေးတင်(30'×50') နှစ်ထပ်တိုက်သစ်
1MBR ရေမီး၊ ဂရန် လုပ်ငန်းရ အသင့်နေနိုင်။
(4300) သိန်း
: 09: 30534567 , 09-260008899
09-795557775 , 09-49311555

ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌ ခန့်ထားရန်)
(၁) ကြီးကြပ်ရေးမှူး (နယ်၌ခန့်ရန်) ကျား/မ - ၆ ဦး
ဘွဲ့ရ၊ စိုက်ပျိုး/မွေးမြူရေးအတွေ့အကြုံရှိသူ။ အသက် ၂၅ နှစ်မှ ၄၀ နှစ်ကြား။
(၂) ရုံးဝန်ထမ်း (နယ်၌ခန့်ရန်) ကျား - ၃ ဦး
၁၀-တန်းအောင်၊ ခရီးသွားနိုင်ရမည်။ အသက် ၂၅ နှစ် မှ ၃၅ နှစ်ကြား။
(၃) ငါးကန်ဝန်ထမ်း (နယ်၌ခန့်ရန်) ကျား - ၅ ဦး
နယ်တွင်နေနိုင်ရမည်။ အသက် ၂၅ နှစ် မှ ၃၅ နှစ်ကြား။
(၄) ယာဉ်မောင်း ကျား - ၁ ဦး
ယာဉ်မောင်းသက် ၅ နှစ်အထက်။ High-way မောင်းနိုင်သူ။ အသက် ၂၅-၄၀ နှစ်။
ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ မိတ္တူများနှင့်မူရင်းတွဲ၍ (၁)ပတ်အတွင်း ကိုယ်တိုင်လျှောက်ထားရန်။
(၇၀/ONE)၊ ရွှေဂုံတိုင်လမ်းမ၊ ရွှေဂုံတိုင်မီးပွိုင့်အနီး။
၀၁ ၅၅၈ ၄၂၀ ၊ ၀၉ ၇၈၇၈ ၆၆၆ ၇၇

**"ကန့်ကွက်နိုင်ပါသည်"**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ် (၃၆ယ)၊ အင်းစိန်လမ်း၊ (၃)ရပ်ကွက်၊ အကျယ်အဝန်း(အလျား၂၂×အနံ၄၀)ပေ၊ ဧရိယာ(၀. ၀၂)ဧက၊ မြေပိုင်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးတင်ရုံမှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်း၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် ဦးကြည်ဆွေ(၁၂/မရက(နိုင်)၁၂၂၁၈၄)မှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ် စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| အထက်တန်းရှေ့နေများ | | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|---|
| ဒေါ်ဇင်မိမိစိုး | ဒေါ်နန်းဆင့်ဆင့်ထွန်း | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.M.L)(စဉ် ၄၁၄၀၀) | (LL.B)(စဉ် ၃၁၃၃၅) | (LL.B,D.B.L,D.M.L,D.I.L) WIPO,DL-101Switzerland(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) DL-101(WIPO)Geneva |

မိသားစု အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။
- 0973054542, 0973494343, 0973161672

Electrical Fire Safety: There's no second chance.

APQ Asia Power Quality Electric Co., Ltd.

ABB Authorized Distributor

Is Your home safe from electric shock?

Check Your Home !

$1.3 billion in property loss each year

51,000 home electrical fires each year

To prevent it, use ABB MCCB, MCB Sticked with Halogram that there is a guarantee for your property against electric shock.

အရည်အသွေးပြည့်မီပြီး Warranty ပါဝင်သော APQ Halogram ပါ ABB ပစ္စည်းအစစ်အမှန်များကို ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးနိုင်ပါသည်။
Halogram မပါရှိသောပစ္စည်းများအတွက် Warranty မရရှိနိုင်ပါ။






No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com, www.apq-electric.com

လူ့ဘဝဆိုတာတိုတောင်းပါတယ်။ ရှင်သန်စဉ်နေ့ရက်တိုင်းမှာ
တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသလောက်ဖြည့်စွက်ရန်ရည်ရွယ်၍ ....

စာသင်ကောင်း၍ စေတနာပါသော ဆရာ၊ ဆရာမများ စုစည်းမှုဖြင့်

ဒေါက်တာဟိန်းထွဋ်တည်ထောင်သော

ဘဝလမ်းဝိုင်း

၉ တန်း၊ ၁၀ တန်း (အဆောက် ၂၀ သီးသန့်) အထူးစာသင်ဝိုင်းများ

အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပတ်-၂ ကိုနှိပ်ပါ)၊
ဘဝလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၅၇၇၇၉၀၆၇၊ ၀၉ ၇၆ ၇၃၇၄၇၀၉

✸ အထူးကြပ်မတ် စာကျက်ဝိုင်းများ ✸

- မိမိရည်မှန်းထားသော အောင်မြင်မှုကို ရယူနိုင်ရန်အတွက် စနစ်ကျသော နည်းဗျူဟာလိုအပ်ပါသည်။ နည်းဗျူဟာနှင့် ချဉ်းကပ်ပုံ မမှန်ကန်ပါက မည်မျှပင် ကြိုးစားပါစေ မျှော်မှန်းသလောက် ရလဒ်မကောင်းနိုင်ပါ။
- ယခုစာကျက်ဝိုင်းတွင်ဒေါက်တာဟိန်းထွဋ်ကိုယ်တိုင်အနီးကပ်ကြီးကြပ်၍စနစ်ကျသော မှတ်တမ်းမှတ်ရာများ၊ နည်းလမ်းများဖြင့်ပုံမှန်လမ်းရိုး ၊ လမ်းပေါင်းမှ ခွဲထွက်ကာ ကလေးတစ်ဦးချင်းစီကို လက်တွဲခေါ်ပါမည်။
- အိမ်တွင် Guide ခေါ်ယူကြသောအခါ အချိန်မလုံလောက်မှုကြောင့် အဖြစ်များနေကြသော" လေ့ကျင့်ကျက်မှတ်သင်ယူမှုများတွင် ဟာကွက်ဖြစ်နေမှုများ "ကိုပါ အကောင်းဆုံးဖြည့်စွက် ထောက်ကူလေ့ကျင့် ကျက်မှတ်ပေးသွားပါမည်။
- လောကတွင်အရာရာကိုစိတ်ကဦးဆောင်ပါသည်။ အောင်မြင်ချင်စိတ်ကို ပိုင်ဆိုင်ထားသော ကလေးတစ်ယောက်အတွက် အောင်မြင်မှုက လက်တစ်ကမ်းအကွာတွင်သာရှိပါသည်။ ယခုစာကျက်ဝိုင်းတွင် ကလေးများကို အောင်မြင်ရေးဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပြုပြင်သင်ကြားပေးမှု (Motivation) များပါ သင်ကြားလေ့ကျင့်ပေးပါမည်။ (သင်ကြားလေ့ကျင့်ပေးမည့်ပုံစံများ ၊ စနစ်ကျသော မှတ်တမ်းမှတ်ရာများကို ကျောင်းခန်းမတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။)

ကျောင်းခန်းမလိပ်စာ
အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပတ်-၂ ကိုနှိပ်ပါ)၊
ဘဝလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၅၇၇၇၉၀၆၇၊ ၀၉ ၇၆ ၇၃၇၄၇၀၉

ကိုယ်တိုင်သင်ကြားစီစဉ်သည်။
မြင့်မားသည့်ရမှတ်များနှင့် ရည်မှန်းသွက်လက် ထူးချွန်ထက်မြက်သူ တို့စုဝေးရာ ကျောင်းမဟာ

မေခ

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက်
ဘာသာစုံစာသင်ဝိုင်းများ

၉တန်း ၊ ၁၀တန်း (တက္ကသိုလ်ဝင်တန်း)

မတ်လဆန်းစမယ်
'ဝိုင်း'ကြိုအပ်လက်ခံပြီ

ဓာတုဗေဒသီးသန့် (၁၀)တန်း
"နွေ" (၃)လပြတ်သင်တန်း(မတ်၊ဧပြီ၊မေ)
မတ်လဆန်းစမည်။ (ကျောင်းအပ်လက်ခံပြီ)
ကန့်သတ်(၃၀)ဦးသာ

H-2 မေခလမ်း၊ မေခအိမ်ယာ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း - ၀၁ - ၅၇၃၄၀၁၊ ၀၉ - ၅၁၄၃၁၁၆၊ ၀၉ - ၅၄၀၆၅၄၆

100% သံချေးမတက်သည့် Stainless Steel ဘလိပ်ဓားသွားဆူးကြိုးများကို
ဓော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ ဈေးနှုန်းချိုသာစွာ
ဖြင့်ရောင်းချတပ်ဆင်ပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ ( နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့ )၊ ပေါင်းမြို့နယ်။
Ph: 01-645531, 01-8603141, 09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph: 01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အမှတ်(S-6)၊ လေးထောင့်ကန်လမ်းမကြီး (ILBC) အနီး၊ တာမွေမြို့နယ်။
Ph: 09-5553323, 09-5103323
အရောင်းခန်းမ(၄) - အဆောင်(၁၁၇)အခန်း(၅)ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘဏ်ဘေးဓော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph: 01-642748, 09-5069101, 09-73152381

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ပဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၄) - အမှတ်(၁၁-ဘီ)၊ ပြည်လမ်းမ၊ အေ၀မ်းမှတ်တိုင်အနီး၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်။
Ph: 09-5091526, 09-5091527

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်ပွား (ထားဝယ်)
### အသက်(၉၅)နှစ်

ဒေါ်သိန်းသိန်းညွှန့် (ဌာနမှူး၊ ရေထွက် ငြိမ်း)၏ မိခင်ကြီးဒေါ်ကျင်ပွားသည် ၆-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား၊ကျောင်းသူဟောင်းများ၏ လူမှုကူညီရေးစောင့်ရှောက်မှုအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင် (ထားဝယ်)
### အသက်(၉၃)နှစ်
**အကောက်ခွန်ဦးစီးမှူး (ငြိမ်း)**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့် ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန) တို့၏ ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းလှနှင့် ညီအစ်ကိုမောင်နှမများ**
**Tun Tauk Sa Industry Co.,Ltd.**
**Lin Shwe Sin Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်း
### အသက် (၉၁) နှစ်

ကူမဲမြို့နေ ဦးသက်ဝင်း-ဒေါ်ကြည်ကြည်သန်း (ပိုင်စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)တို့၏မိခင် ဒေါ်သန်းသန်းသည် ၁၁-၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-ခုနှစ်၊ စီးပွားရေးတက္ကသိုလ်ကျောင်းသား/သူများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး
### အသက်(၈၃)နှစ်

ဦးခင်မောင်ရီ (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) - ဒေါ်ဥမ္မာကိုတို့၏ မိခင် ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းလှနှင့် ညီအစ်ကိုမောင်နှမများ**
**Tun Tauk Sa Industry Co.,Ltd.**
**Lin Shwe Sin Co.,Ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးညိုဝိုင်း
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၁၀၈၅)နေ ဗိုလ်ကြီးစန်းမြင့်လွင်(ငြိမ်း)-ဒေါ်ညိုညိုဝင်းတို့၏ဖခင်ကြီး ဦးညိုဝိုင်းသည် ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခဒေါက်တာဦးကံညွှန့်
### မျက်စိအထူးကုဆရာဝန်ကြီး
### (စာရေးဆရာမောင်မျက်စိ)
### အသက် (၇၂) နှစ်

မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကံညွှန့်သည် ၁၃-၁-၂၀၁၇ ရက်နေ့ နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိ ရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

**၁၉၆၉-ဆေးတက္ကသိုလ်-၁ သူငယ်ချင်းများ**

---

## ဦးမောင်မောင်(ခ)လူခီးလင်
### အသက် (၇၈) နှစ်

ဦးဝင်းကြည်-ဒေါ်ကျင်သွန်တို့၏သား၊ ဦးဘချစ်လှိုင်-ဒေါ်ညွှန့်တင်တို့၏ သားသမက်၊ ဒေါ်သိန်းမြင့်၏ ခင်ပွန်း၊ (ဦးမောင်မောင်ဦး)-ဒေါ်သန်းရင်၊ ဦးမောင်မောင်လေး-ဒေါ်မိုးမိုးဝင်း၊ ဦးညီညီ-ဒေါ်စုစုမြင့်၊ ဦးကျော်မျိုးရှိန်-ဒေါ်ချိုချိုမြင့်၊ ဒေါ်ဖြူဖြူမြင့်(ခ)ဌေးဌေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၃-၁-၂၀၁၇ (သောကြာနေ့) နံနက် ၈း၂၀ နာရီတွင် အမှတ်(၂၆၈)၊ နိဗ္ဗာန်လမ်း၊ ဆင်ပုနှစ်ရပ်၊ ထားဝယ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကူးတို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည်စိန် (ဥက္ကံ) (၈၉) နှစ်

ဥက္ကံမြို့အသင်း(ရန်ကုန်)၏နာယကကြီး ဦးကြည်စိန်သည် ၁၂-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် အမှုဆောင်များမှ အထူးပင်ကြေကွဲဝမ်းနည်းရပါသည်။၁၆-၁-၂၀၁၇ရက်နေ့ ညနေ ၃ နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် မေတ္တာရပ်ခံပါသည်။

အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းစန်းအေး(မြင်းခြံ)
### အသက်(၈၃)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် ဇနီးဒေါ်ဥမ္မာကိုတို့၏မိခင်သည် ၉-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်**
**Win& Win Group of Companies**

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်အုန်းကြိုင်
### အသက် (၈၂) နှစ်

ဇလွန်မြို့နေ ဦးဇော်ထွန်း-ဒေါ်သန်းသန်းအေးတို့၏မိခင် ဒေါ်အုန်းကြိုင်သည် ၇-၁-၂၀၁၇ ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-ခုနှစ်၊ စီးပွားရေးတက္ကသိုလ်ကျောင်းသား/သူများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်မောင်ဌေး(ခ)ဦးမျိုးညွှန့်(ပြွန်တန်ဆာမြို့)
### စာရေးဆရာကောင်းညွှန့်
### အသက်(၇၁)နှစ်

ကိုယ်တို့ရဲ့(Same Batch)သူငယ်ချင်းလည်းဖြစ် ချစ်သူငယ်ချင်း မငွေရည်(ခ)ရီလေး၏ ငယ်ချစ်ခင်ပွန်းလည်းဖြစ်သော ကိုခင်မောင်ဌေး(ခ) Ko Kaung Nyunt နှင့် ၁-၁-၂၀၁၇ရက်နေ့ ဆုံတွေ့ခဲ့ကြတာ၊ ၁၁-၁-၂၀၁၇ရက် ညနေမှာ မထင်မှတ်ဘဲ ကိုယ်တို့တစ်တွေကို ခွဲခွာသွားခဲ့ပြီ။ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ သူငယ်ချင်း ကိုခင်မောင်ဌေး ကောင်းရာသုဂတိလားပါစေ။

**၁၉၆၅-၆၉ခုနှစ် (ပထဝီဝင်)**
**သူငယ်ချင်းများ**
**ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထွေး
### အသက် (၇၅) နှစ်

ဦးတင်မျိုးသန့် (အင်ဂျင်နီယာမှူး၊ ကော့ကရိတ်ခရိုင်ယာ) - ဒေါ်အေးအေးအောင် တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ထွေး အသက် (၇၅) နှစ်သည် 9-1-2017 (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Asia General Electric Holding Co.,Ltd**

---

## ဦးစောထွန်းညို (စစ်တွေ)
### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် (၁၂၃)၊ ယာ(၂)မြေညီထပ်နေ ဦးစောဖြူ-ဒေါ်ညိုတို့၏သားငယ်၊ ဦးစောညို၏ညီ ဦးစောထွန်းညိုသည် ၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အာနိစ္စ

## ဒေါ်ရွှေပု
### (သာယာကုန်း-ရမ်းဗြဲမြို့)
### အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ သာယာကုန်းနေ (ဦးငပိန်ချေ)၏ဇနီး၊ ဦးဘဝင်း-(ဒေါ်ခင်သန်း)၊ ဦးအောင်စံဝင်း-ဒေါ်အောင်ကြည်၊ (ဦးရဲမြင့်)-ဒေါ်ဝင်းရီ၊ ဦးခင်မောင်ကျော်၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(၂)လမ်း၊ အမှတ်(၁၂၆)နေ ဦးဝင်းတင်-ဒေါ်နှင်းရည်ဦး၊ဦးလင်းထက်-ဒေါ်အေးအေးခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၁၂-၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၇(စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(၂)လမ်း၊ အမှတ်(၁၂၆)၊ ဦးဝင်းတင်-ဒေါ်နှင်းရည်ဦးတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မြိတ်မြို့နယ်အသင်း (ရန်ကုန်)
### ဦးလှသိန်း (မြိတ်)
### အသက် (၇၀)
### အသင်းဝင်အမှတ်(၂၅၃၈)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီး မြောက်/အရှေ့ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၃၀)၊ သုံးလွှာနေ ဒေါ်လွှမ်းရှိန်၏ ခင်ပွန်းသည် ၁၃-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
### ဦးသန်းဌေး
### (BC သမဝါယမဦးစီး-ငြိမ်း) ဟသ်ာတ
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အင်းဝလမ်း ၂၀၊ လမ်းသွယ်(၂)၊ အမှတ်-၁၅၅(က)နေ ဒေါ်နုနုအေး(ဒေါ်ထေရီ)၊ ဒေါ်နှင်းလှ၊ ဦးအောင်မြင့်-ဒေါ်ညွှန့်ညွှန့်တင်၊ (ဦးကျော်အုန်း)-ဒေါ်ခင်မေတို့၏ ညီ/မောင်၊ ဦးဝင်းဌေး - ဒေါ်အေးမြတ်မိုးတို့၏ ဦးလေး၊ ဒေါ်ခင်ဆွေ(သမဝါယမဦးစီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သူရထွန်း၊ (Norstar Ship Management Co.Ltd) ၏ ဖခင် ဦးသန်းဌေးသည်၁၂-၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်ပါ၍ ၁၄-၁-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရှိန်တင်(ခ)ဦးချိန်ရင်(ခ)
### ဦးပေါက်စ
### အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် (၆၄) နေ (ဦးညွှန့်ရွှေ-ဒေါ်ကျင်စိန်)တို့၏သားကြီး၊ ဒေါ်နုနုယဉ်၏ ခင်ပွန်း၊ ကိုမျိုးအောင်၊ ဦးဇော်မိုးအောင် - ဒေါ်အေးအေးအောင်၊မဇင်မာအောင်တို့၏ ဖခင်၊ မောင်ကျော်စွာလင်း၊မောင်ဝေယံလင်းတို့၏အဘိုး၊ ကိုကြင်လှိုင်-ဒေါ်မိမိခိုင်၊ ဦးခင်ဝေ-ဒေါ်မြထွေး၊ ဦးမောင်မြင့်-ဒေါ်သန်းသန်းဌေး၊ ဦးဝင်းမြင့်-ဒေါ်စိန်ဌေး၊ ဦးမြင့်ထွန်း-ဒေါ်သဲသဲ၊ ဦးသိန်းဦး-ဒေါ်အေးသန္တာစိုး၊ကိုအောင်ဝင်း-မလှလှထွေးတို့၏ အစ်ကိုသည် ၁၂-၁-၂၀၁၇ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဦးဥတ္တရ(ခ)ဦးအေးကို
### ဝါတော်(၆)ဝါ၊ အသက်(၆၁)နှစ်
### အသင်းဝင်အမှတ်-၂၉၅၄

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့ နန်းတောင်ရွာကျောင်းကြီးတိုက်အခန်းနေ ဦးဥတ္တရ(ခ)ဦးအေးကိုသည် ၁၂-၁-၂၀၁၇(ကြာသပတေးနေ့) နံနက်၁၁း၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ၁၄-၁-၂၀၁၇ (စနေနေ့) မွန်းတည့်၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးကြည်စိန်
### အသက် (၈၀)
### အငယ်တန်းအင်ဂျင်နီယာ၊ မြို့ပြ၊ ဒေသ-၆၊ ဗိုလ်တထောင်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်မြ)တို့၏သား၊ (ဦးသော်-ဒေါ်ငို)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၃၉၇/ခ)နေ ဒေါ်သန်းညွှန့်၏ခင်ပွန်း၊ (ဦးတင်ကြည်-ဒေါ်ခင်သိန်း)၊ (ဦးခင်မြင့်-ဒေါ်ကျင်နု)၊ ဒေါ်တင်မြင့်၊ (ဦးအေးလွင်)-ဒေါ်ခင်နွယ်ထွန်း၊ ဦးနေဝင်း-ဒေါ်သန်းအေး၊ ဦးလှဖေ-ဒေါ်ခင်သိန်းတို့၏အစ်ကို၊ ဦးညီသန်းရွှေ-ဒေါ်စန်းစန်းဦး၊ ဦးစိုးအောင်-ဒေါ်စန္ဒာမြင့်၊ (ဦးသက်လွင်)-ဒေါ်မြင့်မြင့်စိန်၊ ဦးအောင်စန်းယု-ဒေါ်နွယ်နွယ်အောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးကြည်စိန်သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဆရာမကြီးဒေါ်မြယဉ်
### (လမ်းညွှန်-ကျူရှင်)
### အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၆)လမ်း၊ အမှတ်(၁၄၂၅)နေ (ဦးဘိုးဆန်း-ဒေါ်အုံးရွှေ)တို့၏သမီး၊ ဆရာကြီး ဦးဘစန်း(လမ်းညွှန်-ကျူရှင်)၏ဇနီး၊ ဦးဇော်မင်း-ဒေါ်သက်နွယ်၊ ဦးကျော်ခိုင်ဦး-ဒေါ်အေးအေးမော်၊ ဦးတင်ထွဋ်-ဒေါ်စိုးစိုးမော်တို့ ၏မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် Pinlon Hospital (ICU)၌ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပါမောက္ခဒေါက်တာဦးကံညွှန့်
### မျက်စိအထူးကုဆရာဝန်ကြီး
### (စာရေးဆရာမောင်မျက်စိ)
### အသက် (၇၂) နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ကင်းမော်ရွာနေ(ဦးရန်ကြီးအောင်-ဒေါ်တင်တင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၁၁)၊ မင်္ဂလာလမ်း၊ ဘောက်ထော်နေ ပါမောက္ခဒေါက်တာကံညွှန့်သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးလှသိန်း(မြိတ်အသင်း)
### ဦးစီးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန
### ပြည်လုံးချမ်းသာစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊
### ရတနာဃရပဋ္ဌာန်းအဖွဲ့ဥက္ကဋ္ဌ
### အသက်(၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးမြောက်/အရှေ့ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၃၀)၊ သုံးလွှာနေ ဦးဘဦး-ဒေါ်ခင်စိန် တို့၏သား၊ ဦးကြည်ပို-ဒေါ်ခင်လေးတို့၏ သားသမက်၊ ဦးထွန်းမြင့်-ဒေါ်တင်ယုတို့၏ညီ၊ သူရဦးလှမြင့်သိန်း - ဒေါ်ယဉ်ယဉ်မြင့်ချိုတို့၏ အစ်ကို၊ ဦးအောင်သူရသိန်း-ဒေါ်သင်းချိုဇင်၊ (ဦးသက်ဝေသိန်း)၊ ဦးစည်သူအောင်-ဒေါ်မြင့်ထိုက်စံတို့၏ မွေးသဖခင်၊ မောင်ထက်ဇေယျ၊ မောင်ဘုန်းပြည့်မြတ်၊ မစိမ့်သီရိချိုတို့၏အဘိုး၊ ဒေါ်လွှမ်းရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှသိန်း (မြိတ်အသင်းဝင်)သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) နံနက်၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပုလောမြို့နယ်အသင်း (ရန်ကုန်)
### ဒေါ်လှကြည် (ပုလော/ရှပ်ပုံ)
### အသက်(၇၀)
### အသင်းဝင်အမှတ်-၅၈၄၂

တနင်္သာရီတိုင်းဒေသကြီး၊ ပုလော မြို့နယ်၊ ရှပ်ပုံရွာဝါးတန်းရပ်နေ ဒေါ်လှကြည်သည် ၁၁-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇(သောကြာနေ့) မွန်းတည့်၁၂နာရီတွင် နေအိမ်မှ ရှပ်ပုံရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရိပ်သာ ဒါယကာကြီး
### ဦးတင်ထွေးအောင်
### အသက် (၄၅)နှစ် (ပြည်ထောင်စု သက်န်းတိုက်)
**Bernhard Schulte Shipmanagement**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၁၂၉၆)နေ (ဦးအောင်စိန်ပု-ဒေါ်အုန်းကြည်)တို့၏ သားငယ်၊ အမှတ်(၂၅) နေ ဦးတင်အောင်-ဒေါ်သိန်းရင် (ပြည်ထောင်စုသက်န်းတိုက်)တို့၏ သားသမက်၊ ဦးအောင်မင်းသိမ်း-ဒေါ်သောင်းသောင်းအေး၊ ဦးစိုးနိုင်-ဒေါ်မြင့်မြင့်အေး၊ (ဦးကြည်ဝင်း)-ဒေါ်လှလှဝင်း၊ ဦးဉာဏ်လွင်-ဒေါ်တင်တင်အေး၊ ဦးကြည်အောင်-ဒေါ်ချိုချိုအောင်တို့၏ ညီ/မောင်၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းမကြီး၊ အမှတ်(၇/၈)နေ ဒေါ်ခင်သက်ရွှေ (ပြည်ထောင်စုသက်န်းတိုက်) ၏ ချစ်လှစွာသော ခင်ပွန်း၊ မသွန်းဆုတင်ထွေး(TTC)၊ မောင်ဝန်းရံတင်ထွေးတို့၏ မွေးသဖခင်၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၁၃-၁-၂၀၁၇ (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အောင်လအန်ဆန်နှင့် ဗစ်တာလီတို့ MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကစားသမားဘဝတွင် အမြင့်ဆုံးဖြစ်သည့် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်အတွက် ရည်မှန်းချက်ထား ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာကစားသမား အောင်လအန်ဆန်သည် ပထမဆုံးအကြိမ် ကမ္ဘာ့ချန်ပီယံလုပွဲ ယှဉ်ပြိုင်ထိုးသတ်ခွင့်ရရှိတော့မည်ဖြစ်သည်။ ဘက်စုံကိုယ်ခံပညာသုံး MMA အားကစားနည်းဖြင့် နာမည်ကျော်ကြားလာသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်၏ ပထမဆုံး ကမ္ဘာ့ချန်ပီယံလုပွဲကို ဇန်နဝါရီ ၁၄ ရက် ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်သည်။

အောင်လအန်ဆန်ယှဉ်ပြိုင်မည့် MMA ပြိုင်ပွဲတွင် တွဲဆိုင်းကိုးပွဲပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသားဗစ်တာလီဘစ်ဒက်ရှ်တို့၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို Main Event အဖြစ် ကျင်းပမည်ဖြစ်သည်။ မူလက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ဗစ်တာလီနှင့် အခြားကစားသမားတစ်ဦးယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သော်လည်း ပိုလန်ကစားသမားမှာ ဒဏ်ရာကြောင့် နုတ်ထွက်သွားသောကြောင့် အောင်လအန်ဆန်က အစားထိုးယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ရမည်ဖြစ်သော်လည်း ပိုလန်ကစားသမား၏ဒဏ်ရာကြောင့် စောစီးစွာထိုးသတ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် MMA ပြိုင်ပွဲ ၂၉ ပွဲမြောက်

**စာမျက်နှာ ၈ ကော်လံ ၅ သို့**





**မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများ၊ အကြံပြုချက်များ၊ တင်ပြချက်များကို လုပ်ထုံး လုပ်နည်းနှင့်အညီ အမြန်ဆုံး ကူညီဆောင်ရွက်ဖြေရှင်းပေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ပထမအကြိမ် ဆွေးနွေးပွဲတွင် ကဏ္ဍစုံပါဝင်သော်လည်း ယခုဒုတိယအကြိမ်၌ ပိုမိုထိရောက်စွာ တင်ပြနိုင်ရန်အတွက် ကဏ္ဍများခွဲ၍ ဆွေးနွေးနိုင်ရန် စီစဉ်ခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အောက်ခြေတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီငါးခုမှာ ဥပဒေနှင့်လုပ်ထုံး လုပ်နည်းဆိုင်ရာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# လမ်းညွှန်ဆိုင်းဘုတ်များ ဘတ်စ်ကားမှတ်တိုင်များတွင် တပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်များတွင် စနစ်သစ်ဖြင့် စတင်ပြေးဆွဲမည့် ယာဉ်လိုင်းနံပါတ်များနှင့် လမ်းကြောင်းခရီးစဉ်များပြ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်၏ ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို စတင်မည်ဖြစ်ပြီး ယာဉ်လိုင်းအမှတ် ၁ မှ ၆၁ အထိ သတ်မှတ်ယာဉ်လိုင်းလမ်းကြောင်းများအလိုက် စတင်ပြေးဆွဲရမည် ဖြစ်သည်။

ယင်းကြောင့် သတ်မှတ်နံပါတ်၊ အရောင်နှင့် ခရီးစဉ်လမ်းကြောင်းများကို လမ်းညွှန်ဆိုင်းဘုတ်များတွင် ဖော်ပြကာ ဘတ်စ်ကားမှတ်တိုင်များ၌ ဇန်နဝါရီ ၁၃ ရက်တွင် လိုက်လံတပ်ဆင်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၂ သို့**






လူကြီးမင်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင်အသုံးပြုလျက်ရှိသော Lable Sticker များအတွက်
သတင်းကောင်းလေး ပေးပါရစေ
LABEL PRINTING
SERVICE.

Lable Sticker ဆိုဒ်အမျိုးမျိုး နှင့် ဒီဇိုင်းပုံစံ အမျိုးမျိုးတို့ကို ဂျပန်နည်းပညာများကို အသုံးပြုပြီး ကောင်းမွန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ Lable Sticker များကို အလိပ်အနေဖြစ်ငှင်း အရွက်အနေဖြစ် ငှင်း လူကြီးမင်းတို့ စိတ်တိုင်းကျ ဒီဇိုင်း ပုံစံများအတိုင်း မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတကာစံနှုန်းမီ စတင် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

Main Label
Label Printing Services
No.38A, Ka Naung Min Thar Gyi Road, Hlaing Thar Yar Industrial Zone(1),
Hlaing Thar Yar Township,Yangon, Myanmar . Tel: +95 1 682034

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း**
**( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**ခုနှစ်၊ လဆန်း ရက်**
**( ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**

**စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

**အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို ရည်ညွှန်းဖော်ပြခြင်း၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

(က) ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(၁) **"သက်ဆိုင်ရာဥပဒေ"** ဆိုသည်မှာ နိုင်ငံတော်၏ အတည်ဖြစ်လျက်ရှိသော ဥပဒေများဖြစ်ပြီး သက်ဆိုင်ရာကိစ္စရပ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိသော ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် သို့မဟုတ် အခြားသောခွင့်ပြုမိန့် သို့မဟုတ် စာချုပ်စာတမ်း တစ်ရပ်ရပ်ကိုဆိုသည်။

(၂) **"တွဲဖက်လုပ်ကိုင်သူ"** ဆိုသည်မှာ

(ကက) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့်အခါတွင်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ဆက်စပ်သည့်အဖွဲ့အစည်း၊

(၃) ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးနှင့်

(၄) ကုမ္ပဏီကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသော ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ခခ) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး (ကုမ္ပဏီတစ်ခုအပါအဝင်) နှင့် သက်ဆိုင်သည့်အခါတွင်-

(၁) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်နေသူ တစ်ဦးဦး သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခြားနည်း တစ်ရပ်ရပ်ဖြင့် တရားဝင်သော် လည်းကောင်း၊ တရားမဝင်သော်လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက်ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၃) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် တစ်ဦးဦးကို ဆိုသည်။

သို့သော် အောက်ပါအကြောင်းကြောင့်မျှဖြင့် အပိုဒ်ခွဲငယ် (ကက) သို့မဟုတ် အပိုဒ်ခွဲငယ် (ခခ)အရ တွဲဖက်လုပ်ကိုင်သူတစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့် ကိစ္စရပ်တွင်မျှထည့်သွင်းခြင်းမပြုရ-

(၄) အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့ အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စားပြုလုပ် ဆောင်ရွက်ခြင်း သို့မဟုတ်

(၅) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီတွင်ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားအဖြစ် ခန့်အပ်ခံရခြင်း။

(၃) **"အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ"** ဆိုသည်မှာ ဤဥပဒေတွင် ပါရှိသော ကိစ္စရပ်အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန်အလို့ငှာ ပြည်ပကော်ပိုရေးရှင်းတစ်ခုက ခန့်အပ်ထားသော နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄) **"ဘုတ်အဖွဲ့" သို့မဟုတ် "ဒါရိုက်တာအဖွဲ့"** ဆိုသည်မှာကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့အဖြစ် အတူတကွလုပ်ကိုင် ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကိုဆိုသည်။ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာအဖွဲ့ဆိုသည်မှာထို ဒါရိုက်တာ တစ်ဦးကို ဆိုသည်။

(၅) **"ကုမ္ပဏီ"** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၆) **"ကြွေးမြီပေးဆပ်ရသူ"** ဆိုသည်မှာ ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ငွေကြေး ထည့်ဝင်ရန် တာဝန်ရှိသူများ အားလုံးကိုဆိုသည်။ ထို့ပြင် မည်သူများသည် ကြွေးမြီပေးဆပ်ရသူများဖြစ်သည် ဆိုသည်ကို ဆုံးဖြတ်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများနှင့် အပြီးသတ်ဆုံးဖြတ်ချက်မချမှတ်မီ တရားစွဲဆိုဆောင်ရွက်မှုများတွင် ကြွေးမြီ ပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု စွပ်စွဲဖော်ပြခံရသူများလည်း ပါဝင်သည်။

(၇) **"ကော်ပိုရေးရှင်း"** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤဥပဒေမှအပ အခြားနိုင်ငံတစ်ခုခု၏ ဥပဒေ တစ်ရပ်ရပ် အပါအဝင် အခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့၊ အဖွဲ့အစည်း တစ်ရပ်ကို ဆိုသည်။

(၈) **"တရားရုံး"** ဆိုသည်မှာ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကို ဆိုသည်။

(၉) **"ဒီဘင်ချာ"** ဆိုသည်မှာ ကုမ္ပဏီမှ ချေးယူထားသော ငွေအတွက် အဆိုပါကုမ္ပဏီမှ ထုတ်ပေးသော သက်သေခံလက်မှတ်ကိုဆိုသည်။ ယင်းတွင် ဒီဘင်ချာ စတော့ရှယ်ယာလည်း ပါဝင်သည်။

(၁၀) ဤဥပဒေတွင်ပါရှိသော ကိစ္စရပ်များအတွက် **"ဒါရိုက်တာ"** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အခြား အဖွဲ့အစည်း တစ်ခု၏ -

(ကက) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခံရသူဖြစ်ပြီး အဆိုပါရာထူးနေရာတွင် ထမ်းဆောင်နေသူ ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(ခခ) ဒါရိုက်တာ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခြင်း မခံရသော်လည်း အောက်ပါအတိုင်း ဆောင်ရွက်နေသူ တစ်ဦးဦးကိုဆိုသည်-

(၁) ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခြင်းခံရသကဲ့သို့ ထမ်းဆောင်နေသူ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများကို ၎င်း၏ ညွှန်ကြားချက် သို့မဟုတ် ဆန္ဒနှင့်အညီ လိုက်နာဆောင်ရွက်စေရန် သို့မဟုတ် ထိုသို့လိုက်နာ ဆောင်ရွက်စေရန် ညွှန်ကြားချက်ပေးသူ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်သူ သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုအား ထိန်းချုပ်သူ။

ပုဂ္ဂိုလ်တစ်ဦး၏ အတတ်ပညာဆိုင်ရာ လုပ်ငန်းတာဝန်များကို လျော်ကန်စွာ ဆောင်ရွက်၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြံပေးမှုကြောင့် သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်သည် ဒါရိုက်တာများ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုရှိခြင်းတို့ကြောင့် ဒါရိုက် တာ များက လိုက်နာ ဆောင်ရွက်သည်ဆိုသော အကြောင်းမျှဖြင့် ဤ ပုဒ်မခွဲ၏ အပိုဒ်ခွဲ(ခခ) အပိုဒ်ခွဲငယ်(၂)ပါ ပြဋ္ဌာန်းချက်အား ကျင့်သုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။

(၁၁) **"တည်ဆဲကုမ္ပဏီ"** ဆိုသည်မှာ ရုပ်သိမ်းခဲ့သည့် ဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၁၂) **"ကျွမ်းကျင်သူ"**ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် အင်ဂျင်နီယာ၊ တန်ဖိုး သတ်မှတ်သူ၊ စာရင်းကိုင်နှင့် ရေးသား ဖော်ပြချက်တစ်ရပ် ပြုစုရာတွင် အတတ်ပညာဆိုင်ရာ ခွင့်ပြုချက်ပေးရသူတစ်ဦးဦးကို ဆိုသည်။

(၁၃) **"ငွေကြေးအထောက်အပံ့"** ဆိုသည်တွင် ငွေချေးခြင်း၊ အာမခံလက်မှတ်ပေးခြင်း၊ အာမခံခြင်း၊ တာဝန်တစ်ရပ်ရပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ် အခြား တစ်ခုခုကို စွန့်လွှတ်ခြင်းအားဖြင့် ငွေကြေးအထောက်အပံ့ ပေးခြင်းတို့ ပါဝင်သည်။

(၁၄) **"နိုင်ငံခြားကုမ္ပဏီ"** ဆိုသည်မှာ ပြည်ပ ကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် ၎င်းတို့ ပေါင်းစည်းလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ သတ်မှတ်ဖော်ပြထားသည့် ပိုင်ဆိုင်မှု ပမာဏထက် ပိုမိုသည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီကိုဆိုသည်။

(၁၅) ကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်နေသည့် **"အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ"** ဆိုသည်မှာ ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏ အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကိုဆိုသည်။

(၁၆) **"ဝန်ကြီးဌာန"** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်အဖွဲ့အစည်း သို့မဟုတ်သက်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။

(၁၇) **"အရာရှိ (Officer)"** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ခုတွင် အောက်ပါတို့အား ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းအားလုံးကို လည်းကောင်း၊ အဓိကအပိုင်းကို လည်းကောင်း အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်သူ၊သို့မဟုတ်

(ခခ) ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာတောင့်တင်းမှုကို သိသာစွာ အကျိုးသက်ရောက်စေနိုင်သည့် ရာထူးနေရာအား ရရှိထားသူ။

(၁၈) **"အော့ပ်ရှင်(option)"** ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း သဘောတူညီထားသည့် ဈေးနှုန်းဖြင့် အစုရှယ်ယာများ သို့မဟုတ် သက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။

(၁၉) **"အများအားဖြင့် နေထိုင်သူ"**ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူ သို့မဟုတ် (၁၂) လတာ ကာလတစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက် နေထိုင်သူကိုဆိုသည်။ (၁၂)လတာ ကာလ ဆိုသည်-

(ကက) တည်ဆဲကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်း ဖြစ်ပါက ဤဥပဒေစတင်အာဏာသက်ရောက်သည့်နေ့မှ စတင်ရမည်၊

(ခခ) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖြစ်ပါက ဖွဲ့စည်းမှတ်ပုံတင်သည့် နေ့မှ စတင်ရမည်၊

(၂၀) **"သာမန်ဆုံးဖြတ်ချက်"** ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက် တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင် တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၂၁) **"ပြည်ပကော်ပိုရေးရှင်း"** ဆိုသည်မှာ နိုင်ငံတော် ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဆိုသည်။

(၂၂) **"ပိုင်ဆိုင်မှုအကျိုးခံစားခွင့်"** ဆိုသည်မှာ ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့် တစ်ရပ်ကို ဆိုသည်။ အောက်ဖော်ပြပါ နည်းလမ်းများ အပါအဝင်ကုမ္ပဏီ တစ်ခုတွင် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်များကို ရရှိနိုင်သည်-

(ကက) ဖော်ပြပါ ကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက် ပိုင်ဆိုင်ခြင်း၊ သို့မဟုတ်

(ခခ) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက် ပိုင်ဆိုင်ခြင်းဖြင့် ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း သို့မဟုတ်

(ဂဂ) ကုမ္ပဏီ၏ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသောသူအဖြစ် သဘောတူညီချက်ရှိခြင်း။

(၂၃) **"ပြစ်ဒဏ်ပမာဏ"** ဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးမှ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် ငွေဒဏ်ပမာဏ (၁)ခုအတွက် ကျပ်ငွေဖြင့် ပေးဆောင်ရမည့်ငွေကြေး ပမာဏကိုဆိုသည်။

(၂၄) **"သတ်မှတ်ဖော်ပြထားသည့်"** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ညွှန်ကြားချက်၊ ဇယား သို့မဟုတ် ပုံစံအရ ဖြစ်စေ၊ ယင်းတို့တွင်ဖြစ်စေ သတ်မှတ် ဖော်ပြထားသည့် အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်များ ထုတ်ပြန်ခြင်းကို ဆိုသည်။

(၂၅) **"သတ်မှတ်ဖော်ပြထားသည့် ပိုင်ဆိုင်မှုပမာဏ"** ဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးမှ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းတစ်ရပ်အဖြစ် ဖော်ပြထားသည့်ပမာဏကို ဆိုသည်။

(၂၆) **"ယခင်ဥပဒေ"** ဆိုသည်မှာ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ဆိုသည်။

(၂၇) **"အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ"**ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ၊ ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခု ကိုဆိုလိုပြီး

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

ယင်းသည် အောက်ပါ ကန့်သတ်ချက်များကို လိုက်နာရမည်-

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ် ခန့်ထားသူများ ပါဝင်ခြင်း မရှိသော ပါဝင်သူ ဦးရေ (၅၀) ဦးအထက် မပိုစေရ၊

(ခခ) ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရ၊

ဤအဓိပ္ပာယ်ဖော်ပြချက်အရ လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခု သို့မဟုတ် အစုရှယ်ယာများကို ပူးတွဲပိုင်ဆိုင်ကြလျှင် ၎င်းတို့အား ပါဝင်သူဦးရေ တစ်ဦးအဖြစ်သာ မှတ်ယူရမည်။

(၂၈) **"ကမကထပြုသူ"** ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုလုံးတွင် ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းတွင်ဖြစ်စေ မှားယွင်းတင်ပြသော သို့မဟုတ် မှန်ကန်မှုမရှိသော ရေးသားဖော်ပြချက်များ ပြုစုဆောင်ရွက်ရာတွင် ပါရှိသောသူတစ်ဦးဦးကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၂၉) **"ကုမ္ပဏီ၏အလားအလာညွှန်းတမ်း"** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများသို့မဟုတ် ဒီဘင်ချာများသို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ပေးချေဝယ်ယူရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာ ဖော်ပြချက် သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြားဖိတ်ခေါ်ချက် တစ်ရပ်ရပ်ကို ဆိုလိုသည်။ သို့သော် ယင်းတွင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်းကို တရားဝင်ပြုစုဆောင်ရွက်ထားသည့် အကြောင်းသာ ဖော်ပြထားသော ကြေညာချက်တစ်ရပ်ရပ် ပါဝင်ခြင်း မရှိစေရ။

(၃၀) **"အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ"** ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ သို့မဟုတ် ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းထားသော အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီကိုဆိုသည်။

(၃၁) **"မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များ"** ဆိုသည်မှာ အခန်း (၁၃)ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာရင်းတစ်ခုဖြင့် ကုမ္ပဏီမှရေးသွင်းပြုစုထားသည့် ငွေချေးသက်သေခံလက်မှတ် တစ်ရပ်ရပ်ကို ဆိုသည်။

(၃၂) **"မှတ်ပုံတင်ထားသောရုံး"** ဆိုသည်မှာ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် စီရင်ပိုင်ခွင့် ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာမတင်မီ တစ်ဆက်တည်းဖြစ်သော (၆)လ ကာလအတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးအဖြစ် ကာလအကြာရှည်ဆုံးရှိသည့် နေရာကို ဆိုသည်။

(၃၃) **"မှတ်ပုံတင်အရာရှိ"** ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီများအား မှတ်ပုံတင်ဆောင်ရွက်ခြင်း တာဝန်ကို ထမ်းဆောင်ရန်နှင့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့် အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၃၄) အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်) တစ်ခု၏ **"ဆက်စပ်သည့်အဖွဲ့အစည်း"** ဆိုသည်မှာ-

(ကက) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်

(ခခ) အဖွဲ့အစည်း၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်

(ဂဂ) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၃၅) **"ဆက်နွယ်သည့်ပုဂ္ဂိုလ်"** ဆိုသည်မှာ -

(ကက) ကုမ္ပဏီ အပါအဝင် အဖွဲ့အစည်းတစ်ခုနှင့် သက်ဆိုင်သည့်အခါ အဖွဲ့အစည်းကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်နှင့်

(ခခ) အဖွဲ့အစည်းအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့်အခါ -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခုမှအပ ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၊

(၂) ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ အိမ်ထောင်ဖက် သို့မဟုတ် မိဘ သို့မဟုတ် ကလေးတစ်ဦးဦး၊

(၃) အထက် အပိုဒ် (ကက) သို့မဟုတ် (ခခ) အပိုဒ်ခွဲငယ် (၁)နှင့် (၂) တို့တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဆိုသည်။

(၃၆) **"သတ်မှတ်စီစဉ်ထားသည့်ဘဏ်"** ဆိုသည်မှာ သက်ဆိုင်ရာ လုပ်ငန်းနှင့် ဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် ၂၀၁၆ ခုနှစ် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အသိအမှတ်ပြုထားသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးထားသည့် ဘဏ်တစ်ခုခုကို ဆိုသည်။

(၃၇) **"အာမခံအကျိုးခံစားခွင့်"** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ အပေါင်စာချုပ် ပေါင်နှံခြင်း သို့မဟုတ် အာမခံ အကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ရပ်ကို ဆိုသည်။

(၃၈) **"အစုရှယ်ယာ"** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ မတည်ငွေရင်းတွင် ပါဝင်သော အစုရှယ်ယာကို ဆိုလိုသည်။

(၃၉) **"ထိုးမြဲလက်မှတ်"** ဆိုသည်မှာ မှတ်ပုံတင်အရာရှိထံတင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့်စာရွက်စာတမ်းပေါ်တွင်မဆို အသိအမှတ်ပြုကြောင်း သေချာစေသည့် အမှတ်အသားကို ဆိုသည်။ ယင်းသည် စာရွက်ပေါ်တွင် မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန် မလိုအပ်ဘဲ မှတ်ပုံတင်အရာရှိမှ လက်ခံသည့် နည်းလမ်းဖြင့် အီလက်ထရွန်နစ်ပုံစံပေါ်တွင် လက်မှတ်ရေးထိုးသူ၏ အမည်ပါရှိနိုင်သည်။ ဤဥပဒေတွင်ပါရှိသော မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့်စာရွက်စာတမ်းပေါ်တွင်မဆို လက်မှတ်ရေးထိုးရန် ဆိုသည်မှာ ထိုးမြဲလက်မှတ်ကို ဆိုလိုသည်။

(၄၀) **"အသေးစားကုမ္ပဏီ"** ဆိုသည်မှာ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီမှအပ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိသောကုမ္ပဏီကိုဆိုသည် -

(ကက) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင် (၃၀) အထက် မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ဝန်ထမ်းအရေအတွက်အောက်တွင်ရှိခြင်း၊

(ခခ) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာဝင်ငွေစုစုပေါင်းသည်ကျပ်သိန်း(၅၀)အောက်တွင်ရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏအောက်တွင်ရှိခြင်း။

(၄၁) **"ကြွေးမြီစစ်ဆေးချက်"**ဆိုသည်မှာ အောက်ပါကိစ္စရပ် တစ်ခုစီတွင် အဆိုပါ ကုမ္ပဏီများနှင့် သက်ဆိုင်သည့် သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် စာရင်းကိုင်စံနှုန်းများနှင့်အညီ ဖြစ်စေရမည်-

(ကက) ကုမ္ပဏီသည် သာမန်စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် ပေးချေရမည်ဖြစ်သော ကြွေးမြီများကို ပေးချေနိုင်စွမ်းရှိခြင်းနှင့်

(ခခ) ကုမ္ပဏီ၏ ပိုင်ဆိုင်သော ပစ္စည်းများသည် ယင်း၏ ပေးရန်တာဝန်ရှိမှုများထက် ပိုနေခြင်း။

(၄၂) **"အထူးဆုံးဖြတ်ချက်"**ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ် အဖြစ်နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံထက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၄၃) **"လက်အောက်ခံကုမ္ပဏီ"** ဆိုသည်မှာ-

(ကက) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေ တစ်ခုခုနှင့် ကိုက်ညီလျှင် အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ ဖြစ်သည်-

(၁) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ ဘုတ်အဖွဲ့ ဖွဲ့စည်းမှုအား ထိန်းချုပ်ထားခြင်း၊ သို့မဟုတ်

(၂) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ တစ်ဝက်ထက်ပိုသည့် မဲများကိုအသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ်

(၃) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေး မရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီ၏ ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဝက်ထက်ကျော်လွန်သည့် အစုရှယ်ယာများကိုအခြားကုမ္ပဏီမှ ပိုင်ဆိုင်ထားခြင်း၊သို့မဟုတ်

(၄) အမြတ်ငွေသော် လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေး မရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

(ခခ) အထက်အပိုဒ်(ကက)ပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီမှ ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

(၄၄) **"ကူးပြောင်းကာလ"** ဆိုသည်မှာ ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်၍ (၁၂) လ ဖြစ်သောကာလကို ဆိုသည်။

(၄၅) ကုမ္ပဏီတစ်ခုနှင့် ဆက်နွယ်နေသည့် **"မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီ"** ဆိုသည်မှာ ဆက်နွယ်နေသော ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုကို ဆိုလိုပြီး ယင်းကုမ္ပဏီကိုယ်တိုင် ကုမ္ပဏီတစ်ခုခု၏ လက်အောက်ခံမဟုတ်သော ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(၄၆) **"နိုင်ငံတော်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(၄၇) **"ပြည်ထောင်စုဝန်ကြီး"** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသူ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄၈) **"ရောင်းချသူ"** ဆိုသည်မှာ ပုဒ်မ ၂၀၅ တွင်ဖော်ပြပါရှိသည့် ကိစ္စရပ်များအတွက် အောက်ပါအခြေအနေများတွင် အရောင်းအဝယ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ရွေးချယ်ဝယ်ယူခြင်း ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို ဖြစ်စေ ချုပ်ဆို ဆောင်ရွက်သည့် ပုဂ္ဂိုလ်အားလုံးကို ဆိုသည်-

(ကက) ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ထုတ်ဝေသည့် နေ့ရက်တွင် ကုမ္ပဏီကရယူမည့် ပစ္စည်းတစ်စုံတစ်ရာအတွက် ပေးချေရမည့်ငွေကို အပြည့်အဝ ပေးချေထားမှု မရှိသေးခြင်း၊ သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်စေရန် ကမ်းလှမ်း၍ ရရှိသည့် အကျိုးအမြတ်မှ ပေးချေရမည့်ငွေအား အပြည့်အဝ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားခြင်း သို့မဟုတ် ပေးချေရန် လက်ခံထားခြင်း၊ သို့မဟုတ်

(ဂဂ) အဆိုပါ ပဋိညာဉ်စာချုပ်သည် ယင်း၏ တရားဝင်မှု သို့မဟုတ် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုတို့သည် အလားအလာ ညွှန်းတမ်း (Prospectus) ဖြင့် ကမ်းလှမ်း၍ ရရှိသည့် အကျိုးအမြတ်ရလဒ်အပေါ်တွင် တည်မှီနေခြင်း။

## အပိုင်း (၂)

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အခွင့်အာဏာများ

### အခန်း (၂) ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ

**၂။ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်နိုင်သော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ**

အောက်ပါ ကုမ္ပဏီများကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်နိုင်သည်-

(က) အောက်ပါ အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအမျိုးအစား နှစ်ခုအနက်မှ တစ်ခု -

(၁) ကုမ္ပဏီ၏ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူဦးရေ (၅၀) ဦးထက် မပိုသည့်သူများ ပါရှိနိုင်သော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိ ပါရှိနိုင်သော အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ။

(ခ) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိသည့် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ။

(ဂ) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိသည့် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ။

**၃။ ဤဥပဒေအရ မှတ်ပုံတင်နိုင်သော အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများ**

အခန်း(၉) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဤဥပဒေအရသော်လည်းကောင်း၊ အခြားသော ဥပဒေများအရ သော်လည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသည့် အောက်ပါ အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများသည် ဤဥပဒေအရ မှတ်ပုံတင်နိုင်သည်-

(က) စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့၊

(ခ) ပြည်ပကော်ပိုရေးရှင်း၊

(ဂ) ဤဥပဒေအရ သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း ကုမ္ပဏီတစ်ခုအဖြစ် မှတ်ပုံတင်ခွင့်ရှိသည့် အခြားကော်ပိုရေးရှင်း တစ်ရပ်ရပ်နှင့်

(ဃ) အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အခြားသောအဖွဲ့အစည်းများ။

### အခန်း (၃) ကုမ္ပဏီများ၏ အခြေခံလိုအပ်ချက်နှင့် အခွင့်အာဏာများ

**၄။ ကုမ္ပဏီတစ်ခု၏ အခြေခံလိုအပ်ချက်များ**

(က) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသောကုမ္ပဏီသည် အောက်ပါအချက်များရှိရမည်-

(၁) အမည်၊

(၂) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊

စာမျက်နှာ ၃ သို့

# ဥပဒေကြစ်း

စာမျက်နှာ ၂ မှ

(၃) ထုတ်ဝေသည့်အစုရှယ်ယာအနည်းဆုံးတစ်ခုရှိခြင်း (သို့ရာတွင် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ မတည်ငွေရင်း ထားရှိရန် မလိုအပ်)၊

(၄) ပါဝင်သူ ဦးရေ အနည်းဆုံးတစ်ဦး၊

(၅) အပိုဒ်(၆) နှင့်အညီ အနည်းဆုံး ဒါရိုက်တာတစ်ဦးရှိရမည်ဖြစ်ပြီး ၎င်းသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး၊

(၆) ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါက အနည်းဆုံး ဒါရိုက်တာ(၃)ဦး ရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှတစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦးနှင့်

(၇) နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့် ရုံးခန်းလိပ်စာ တစ်ခု။

(ခ) ကုမ္ပဏီတစ်ခုသည် -

(၁) ကုမ္ပဏီအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်နိုင်သည့်အပြင် အများသုံးရုံးတံဆိပ်တစ်ခုလည်း ထားရှိနိုင်သည်။

**၅။ ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများ။**

(က) ကုမ္ပဏီသည်-

(၁) ၎င်းတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင်အခွင့်အရေးများရှိသည့် တရားဝင်အဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်း မပြုသရွေ့ အခွင့်အရေးများ၊ အခွင့်အာဏာများနှင့် အကျိုးခံစားခွင့်များ အပြည့်အဝ ဆက်လက်တည်ရှိရမည်။ ၎င်းပြင်

(၂) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့အရ နိုင်ငံတော် အတွင်း၌သော်လည်းကောင်း၊ ပြင်ပ၌သော်လည်းကောင်း အောက်ပါကိစ္စရပ်များအား ဆောင်ရွက်နိုင်ခွင့် အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ရန် တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိသည်-

(កက) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီတွင် အစုရှယ်ယာများအဖြစ်ပြောင်းလဲနိုင်သော အခြားငွေချေး သက်သေခံလက်မှတ်များကို ထုတ်ဝေခြင်း၊

(ခခ) ကုမ္ပဏီ၌ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ပိုင်ဆိုင်နိုင်သည့် အော့ပ်ရှင်(option)များပေးခြင်း၊

(ဂဂ) ကုမ္ပဏီပိုင်ပစ္စည်း တစ်ရပ်ရပ်အပေါ်တွင် အာမခံ အကျိုးခံစားခွင့် တစ်ရပ်ပေးခြင်း၊

(ဃဃ) ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင် ပါဝင်သူများအား ပစ္စည်းအနေဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ခွဲဝေပေးခြင်း။

(ခ) ကုမ္ပဏီ၏လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ အခွင့်အရေးများ၊ အခွင့်အာဏာများ သို့မဟုတ် အကျိုးခံစားခွင့်များကို ကန့်သတ်ထားရှိမှသာလျှင် ယင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိနိုင်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ပြီး လက်အောက်ခံကုမ္ပဏီ များစွာကို တည်ထောင်နိုင်သည့်အပြင် ယင်းတို့၏ အစုရှယ်ယာ များကိုလည်း ပိုင်ဆိုင်နိုင်သည်။

**အခန်း (၄) ဤဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း**

**၆။ ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်သည့်နည်းလမ်း**

(က) တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ သင်းဖွဲ့ဆောင်ရွက်ကြသူ များမှသော်လည်းကောင်း ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ရန်နှင့် မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားတင်ပြနိုင်သည် -

(၁) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ ဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအရ ၎င်းတို့ ထည့်ဝင်ထားသည့် အစုများအတွက် ပေးချေရန် ကျန်ငွေ တစ်စုံတစ်ရာရှိလျှင် ၎င်းအရေအတွက် အထိ ကန့်သတ်ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်

(၂) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ ဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ၎င်းကုမ္ပဏီဖျက်သိမ်းသည့်အခါ ၎င်းကုမ္ပဏီ၏ အခြေပစ္စည်းအဖြစ် ကူဝင်ထောက်ပံ့ရန် အသီးသီးတာဝန်ခံကြသည့် ငွေပမာဏအထိ ကန့်သတ် ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်

(၃) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို တစ်စုံတစ်ရာ ကန့်သတ်မထားသည့် ကုမ္ပဏီ။

(ခ) ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင် အရာရှိထံသို့ လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် တင်ပြရမည်ဖြစ်ပြီး အောက်ပါအချက်များကို ထည့်သွင်းဖော်ပြ ရမည်-

(၁) အဆိုပြုတင်ပြသော ကုမ္ပဏီ၏အမည်၊

(၂) အဆိုပြုတင်ပြသော ကုမ္ပဏီအမျိုးအစား၊

(၃) လျှောက်ထားသူတစ်ဦးစီ၏ အမည်အပြည့်အစုံနှင့် လိပ်စာ၊

(၄) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အတွင်း ရေးမှူးများ၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့်လိပ်စာ၊

(၅) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့မှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၆) အခြားအကြောင်းကြားစာဖြင့် တင်ပြခြင်းမရှိလျှင် အဆိုပြု တင်ပြသော ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊ အဆိုပါ လိပ်စာကို အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ပို့ဆောင် ဆက်သွယ်နိုင်သည့် လိပ်စာဖြစ်ရန် သတ်မှတ်ရမည်။

(၇) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ကုမ္ပဏီ ၏ စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်သည့် နေရာ လိပ်စာ၊

(၈) အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတို့ နှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများ အားလုံး၏အမည် အပြည့်အစုံနှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီ က ၎င်းတို့သည် ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ် လည်းကောင်း၊ ၎င်းတို့အတွက် အချိုးကျသတ်မှတ် ပေးထားသည့် အစုရှယ်ယာများအတွက် ငွေကြေး ထည့်ဝင်ကြမည်ကို လည်းကောင်း စာဖြင့်ရေးသား ထားသည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်မည့်သူ တစ်ဦးစီသို့ ထုတ်ဝေမည့် အစုရှယ်ယာ အရေအတွက်နှင့် အမျိုးအစား၊

(ဃဃ) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြ မည့်ငွေကြေး၊

(ငင) အစုရှယ်ယာတစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးစီကပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ၊

(စစ) မှတ်ပုံတင်သည့်အချိန်တွင် အဆိုပါ အစုရှယ်ယာ များအတွက် အပြည့်အဝ ငွေပေးချေပြီးခြင်း ရှိ၊ မရှိ ဖော်ပြချက်၊

(ဆဆ) အဆိုပြုတင်ပြသော ကုမ္ပဏီသည် မူရင်းအစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခု ရှိ၊ မရှိ ဖော်ပြချက်၊

(ဇဇ) အဆိုပြုတင်ပြသောကုမ္ပဏီသည် ဖွဲ့စည်းတည် ထောင်သည့် အချိန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခု ဟုတ်၊ မဟုတ် ဖော်ပြချက်။

(၉) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး ၏ အမည် အပြည့်အစုံနှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည် ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ်စာဖြင့် ရေးသားထားသည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက သဘောတူ၍ ထည့်ဝင်မည့် အဆိုပြုတင်ပြသော အာမခံပမာဏ၊

(ဃဃ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် -

(၁) ထုတ်ဝေမည့်အစုရှယ်ယာအရေအတွက်နှင့် အမျိုးအစား၊

(၂) ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းကို ဖော်ပြမည့် ငွေကြေး၊

(၃) အစုရှယ်ယာ တစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြ သည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ၊

(၄) မှတ်ပုံတင်သည့် အချိန်တွင် အဆိုပါ အစုရှယ်ယာ များအတွက် အပြည့်အဝငွေပေးချေပြီးခြင်းရှိ၊ မရှိ။

(ဂ) မှတ်ပုံတင်ဆောင်ရွက်ခြင်းအတွက် တင်ပြသည့်လျှောက်လွှာသည်-

(၁) လျှောက်ထားသူတစ်ဦးစီက လက်မှတ်ရေးထိုးပြီးဖြစ်ရမည်၊

(၂) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအားလုံး သည် မှန်ကန်ကြောင်း လျှောက်ထားသူတစ်ဦးစီက တာဝန်ယူ ထုတ်ဖော်ကြေညာချက်တစ်ရပ်ပါရှိရမည်၊ ၎င်းပြင်

(၃) ဤဥပဒေပါ နောက်ဆက်တွဲများတွင်ဖော်ပြထားသည့် ဖွဲ့စည်း ပုံအခြေခံစည်းမျဉ်းပုံစံနှင့်များစွာခြားနားမှုရှိသော ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း တစ်ရပ်ကို အသုံးပြုရန် ကုမ္ပဏီက တင်ပြလာသည့်အခါ အနည်းဆုံး လျှောက်ထားတင်ပြသူ တစ်ဦးက မှန်ကန်ကြောင်း အတည်ပြုထားသည့် အဆိုပြု ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူတစ်စောင်အား ပူးတွဲတင်ပြပါရှိရမည် သို့မဟုတ် ဤဥပဒေပါ နောက်ဆက်တွဲ ဇယားတွင်ဖော်ပြပါရှိသောပုံစံကို ကုမ္ပဏီက အသုံးပြုရန်ရည် ရွယ်ကြောင်းဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်တစ်စောင် ကို တင်ပြရမည်။

(ဃ) လျှောက်လွှာတင်သွင်းသည့်အခါတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(င) လျှောက်ထားသူသည် လျှောက်လွှာမူရင်းကွဲများနှင့် လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများအားလုံးကို ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၅)၊ (၈) နှင့် (၉)တို့တွင်ရည်ညွှန်းဖော်ပြထား သည့်သဘောတူညီချက်မူရင်းများနှင့်အတူ သိမ်းဆည်းထားရမည်။ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်အခါ ထိုစာရွက်စာတမ်းများ အား ကုမ္ပဏီထံသို့ပေးအပ်၍ကုမ္ပဏီ၏မှတ်တမ်းများအဖြစ်ဆက် လက်ထိန်းသိမ်းထားရှိရမည်။

၇။ ပုဒ်မ ၆ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် လျှောက်ထားသူကလျှောက်လွှာ တွင် အချက်အလက်များအား မှားယွင်းတင်ပြခဲ့ပါက ယင်းအတွက် ပြစ်ဒဏ်ပမာဏ (၅၀)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၈။ မှတ်ပုံတင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက် တင်ပြလာသည့် လျှောက်လွှာတစ်စောင်အား လက်ခံရရှိသည့်အခါ လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်လျက်-

(၁) လျှောက်လွှာအား မှတ်ပုံတင်ရမည်၊ ၎င်းပြင်

(၂) အောက်ပါအချက်များကို ဖော်ပြလျက် ကုမ္ပဏီဖွဲ့စည်း တည်ထောင်မှု သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည် -

(ကက) ကုမ္ပဏီ၏အမည်၊

(ခခ) ကုမ္ပဏီ အမျိုးအစား၊

(ဂဂ) ကုမ္ပဏီသည် ဤဥပဒေအရ ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်း တည်ထောင်၍ မှတ်ပုံတင်ထားကြောင်း၊

(ဃဃ) မှတ်ပုံတင်သည့်နေ့၊

(ငင) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာ များ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်အား ထိန်းသိမ်းထားရှိ ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အတိုင်း လိုအပ်သော စာရွက်စာတမ်းများမှအပ အခြားစာရွက် စာတမ်းများကို တောင်းဆိုခြင်း မပြုရ။

**၉။ မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ မှတ်ပုံတင်သည့်နေ့ရက်မှ စတင်၍ လျှောက်လွှာတွင် အမည် စာရင်းတင်ပြခဲ့သည့် ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီဖွဲ့စည်း တည်ထောင်မှု သက်သေခံလက်မှတ်တွင် ပါရှိသည့် အမည်ဖြင့် သီးခြား ဥပဒေဆိုင်ရာအရည်အချင်းရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်ရ မည်။ ဤဥပဒေ၏ ပုဒ်မ ၅ သို့မဟုတ် အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်က ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီသည် ယင်း၏ လုပ်ငန်းတာဝန်များ အားလုံးကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်အပြင် အစဉ်အဆက် ဆက်ခံ ဆောင်ရွက်ခွင့် ရှိရမည်။

**၁၀။ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်၏ ပြည့်စုံ ခိုင်လုံမှု ရှိခြင်း**

ပုဒ်မ ၈ အရ မှတ်ပုံတင်အရာရှိမှ ထုတ်ပေးသည့် ကုမ္ပဏီဖွဲ့စည်း တည်ထောင်မှု သက်သေခံ လက်မှတ်သည် ဤဥပဒေအရ မှတ်ပုံတင် ခြင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ အားလုံးကို ပြည့်စုံစွာ လိုက်နာ ဆောင်ရွက်ပြီးဖြစ်၍ ထိုသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့် နေ့မှစ၍ ကုမ္ပဏီသည် ဤဥပဒေအရ တရားဝင်မှတ်ပုံတင် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း ပြည့်စုံခိုင်လုံ သည့် သက်သေခံအထောက်အထား ဖြစ်သည်။

**အခန်း (၅)ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း**

**၁၁။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတွက် လိုအပ်ချက်များနှင့် ယင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီတစ်ခုစီတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု ရှိရမည် ဖြစ်ပြီး ယင်း၏ စည်းကမ်းချက်များအရ ကုမ္ပဏီနှင့် ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့ တစ်ဦးစီက အသီးသီးပါဝင် လက်မှတ် ရေးထိုးခဲ့ကြသကဲ့သို့ ၎င်းတို့အပေါ်တွင် စည်းနှောင်မှု ရှိသည်။ ထိုဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၌ ပါဝင်သူ တစ်ဦးစီ နှင့် ၎င်းတို့၏ ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီချက်တစ်ရပ် ဖြစ်သည်။

(ခ) ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာတစ်ဦးစီနှင့် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးစီတို့သည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း တွင် ဤဥပဒေနှင့်အညီ ပြင်ဆင်ဖော်ပြထားသည်မှတစ်ပါး ဤ ဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့် အခွင့်အရေးများ၊ အခွင့် အာဏာများ၊ တာဝန်များနှင့် ဝတ္တရားများရှိသည်။

(ဂ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန်အတွက် တင်ပြသည့် လျှောက်လွှာ တွင် အမည်စာရင်းဖော်ပြပါရှိသည့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီ နှင့် နောက်ပိုင်း၌ ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား လိုက်နာဆောင်ရွက်ကြမည် ဖြစ်ကြောင်း မှတ်ယူရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီ သို့ ပေးသွင်းရမည့် ငွေအားလုံးကို၎င်းတို့မှ ကုမ္ပဏီသို့ပေးချေရ မည့်အကြွေးတစ်ရပ်ကဲ့သို့ ဖြစ်စေရမည်။

**၁၂။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

(က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းဖော်ပြရန်အတွက် ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့်ကိစ္စရပ်များနှင့် ကုမ္ပဏီ မှ ထည့်သွင်းဖော်ပြလိုသော အခြားကိစ္စရပ်များ ပါရှိနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့်ဆန့်ကျင် နေပါက ဆန့်ကျင်နေသော အပိုင်းများသည် အကျိုးသက်ရောက် ခြင်းရှိမည် မဟုတ်။

(ခ) ဤဥပဒေ၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ပုံစံကို ယင်း ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအဖြစ် အသုံးပြုနိုင်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် သတ်မှတ်နိုင်သည်။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းကို နိုင်ငံတော်အတွင်း၌ တည်ရှိကြောင်း ဖော်ပြရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(စ)နှင့်အညီ တည်ဆဲကုမ္ပဏီတစ်ခု၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် အခြားသော ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများသည် ဤဥပဒေ စတင်အာဏာသက်ရောက်ပြီးနောက်ပိုင်းတွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကဲ့သို့အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသောအပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည်မဟုတ်။

(စ) တည်ဆဲကုမ္ပဏီတစ်ခု၏ ယခင်သင်းဖွဲ့စည်းမျဉ်းတွင် အတိအလင်း ဖော်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် ကုမ္ပဏီတွင် ပါဝင်သူများက မဲပေးဆုံးဖြတ်၍ ပယ်ဖျက်ခြင်း မပြုခဲ့လျှင် ကူးပြောင်းကာလကုန်ဆုံးသည်အထိ ဆက်လက်အသုံးပြုနိုင်သည်။ ကုမ္ပဏီ၏ အဆိုပါရည်ရွယ်ချက်များအား ဆက်လက်ထားရှိမည် ဖြစ်သည်ဟု ကုမ္ပဏီမှ အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးကြောင်းကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ကုမ္ပဏီ၏ရည်ရွယ်ချက်များကို အဆိုပါ ကူးပြောင်းကာလကုန်ဆုံးပြီးနောက် ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဤပုဒ်မခွဲသည် ပုဒ်မ ၂၉ အား ထိခိုက်စေခြင်း မရှိစေရ။

၁၃။ **တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(က) အများနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီအမည်၏ နောက်ဆုံးတွင် "လီမိတက်" ဟုလည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက "အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်" ဟုလည်းကောင်း ဖော်ပြချက်၊

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ကန့်သတ်ထားကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာ အမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့် ငွေကြေး၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေးထည့်ဝင်သူများသည် အနည်းဆုံး အစုရှယ်ယာတစ်စု ထည့်ဝင်ရမည် ဖြစ်ကြောင်း။

၁၄။ **ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

(က) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီအမည်ကို ယင်းအမည်၏နောက်ဆုံးတွင် "ခံဝန်ချက် အားဖြင့် တာဝန်ကန့်သတ်ထားသော" ဟု ဖော်ပြချက်၊

(၂) ကုမ္ပဏီတွင် ပါဝင်သူများ၏တာဝန်ကို ခံဝန်ချက်ပမာဏ တစ်ရပ်ဖြင့် ကန့်သတ်ထားကြောင်း၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသည် ၎င်းတို့အနေဖြင့်ကုမ္ပဏီတွင် ပါဝင်သူအဖြစ် ရှိနေကြစဉ်ကာလတွင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ငွေပမာဏများ ပေးချေရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်ခြင်း မပြုသည့်နောက်ပိုင်း (၁) နှစ်ကာလအတွင်း၌ ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီက ပဋိညာဉ်ပြုလုပ်ထားသော ကုမ္ပဏီ၏တာဝန်များနှင့် အကြွေးများပေးရန် တာဝန်ယူကြောင်း၊ ၎င်းပြင် စာရင်းရှင်းလင်းဖျက်သိမ်းသည့် အခါတွင် ကုန်ကျစရိတ်များနှင့် အခွန်အခများပေးချေရန်၊ ကုမ္ပဏီတွင် ပါဝင်သူများအကြား စုပေါင်းထည့်ဝင်ကြေးနှင့် သက်ဆိုင်သော အခွင့်အရေးများကို စာရင်းညှိနှိုင်းရန်၊ သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်သည့် အဆိုပါ ငွေပမာဏများ ပေးချေရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း၊

(ခ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် -

(၁) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါအစုရှယ်ယာများအတွက် သတ်မှတ်သည့် ငွေအမျိုးအစားနှင့်

(၂) ကုမ္ပဏီတွင် ငွေကြေးထည့်ဝင်သူက အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

(ဂ) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားပြီး အစုရှယ်ယာ မတည်ငွေရင်း မပါရှိသည့်အပြင် ယခင်ဥပဒေ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နောက်ပိုင်းတွင် မှတ်ပုံတင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီမှ ခွဲဝေပေးရမည့် အကျိုးအမြတ်ကို ရထိုက်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အား ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးအဖြစ် ပေးအပ်ရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်တွင် ပါရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ပျက်ပြယ်သည်။

၁၅။ **တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီများသည် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(က) ကုမ္ပဏီအမည်၊ ယင်းကုမ္ပဏီအမည်၏နောက်ဆုံးတွင် "တာဝန်ကန့်သတ်မှုမရှိသော ကုမ္ပဏီ" ဟု ပါရှိရမည်၊

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏တာဝန်ကို ကန့်သတ်ထားခြင်း မရှိကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေ အမျိုးအစား၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာ တစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

၁၆။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု၏ ဖွဲ့စည်းမှုပုံစံ**

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် -

(က) မြန်မာဘာသာဖြင့် ရေးသားပြုစုရမည်၊

(ခ) မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်း ရေးသားပြုစုနိုင်သည်၊၎င်းပြင်

(ဂ) စာပိုဒ်များဖြင့် ခွဲခြားပြုစုလျက် အမှတ်စဉ်များကို တစ်ဆက်တည်း ရေးသားဖော်ပြရမည်။

၁၇။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း**

ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော သီးခြားစည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ချမှတ်၍ ၎င်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ပြီး ထိုသို့ပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် ဖြည့်စွက်မှုသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် မူလကတည်းက ထည့်သွင်းပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကဲ့သို့ပင် အကျိုးသက်ရောက်စေရမည့်အပြင် ယခုကဲ့သို့ အထူးဆုံးဖြတ်ချက်အရ ပြောင်းလဲပြင်ဆင်နိုင်သည်။

၁၈။ **ပြောင်းလဲပြင်ဆင်မှုအား အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

(က) ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို ပြောင်းလဲပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူ တစ်စောင်နှင့်အတူ ထိုသို့ ပြောင်းလဲပြင်ဆင်ရန် အထူးဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ထိုတင်ပြချက်အား မှတ်ပုံတင်ရမည်။ မှတ်ပုံတင်သက်သေခံအထောက်အထားလက်မှတ်သည် ထိုသို့ ပြောင်းလဲပြင်ဆင်မှုများအတွက် ဤဥပဒေအရ လိုအပ်သည့် ပြဋ္ဌာန်းချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း သက်သေခံအထောက်အထား ဖြစ်စေရမည်ဖြစ်ပြီး ထိုသို့ ပြောင်းလဲပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဖြစ်စေရမည်။

(ခ) တရားရုံးသည် သင့်သည်ထင်မြင်ပါက ဤပုဒ်မအရ မှတ်ပုံတင်အရာရှိထံ စာရွက်စာတမ်းများ တင်ပြရမည့်ကာလကို မည်သည့်အချိန်တွင်မဆို တိုးမြှင့်ပေးရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၁၉။ **ပြောင်းလဲပြင်ဆင်မှုအား (၂၈) ရက်အတွင်း မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း အတွက် အကျိုးသက်ရောက်မှုများ**

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှုသည် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ရခြင်း မရှိသေးလျှင် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်းမရှိစေရ။

၂၀။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှု၏ အကျိုးသက်ရောက်မှုများ**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိသော်လည်း ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆောင်ရွက်သည့် နေ့ရက်နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုကြောင့် ပြောင်းလဲပြင်ဆင်သည့်နေ့ရက်က ၎င်းတို့လက်ဝယ်ရှိသော အစုရှယ်ယာအရေအတွက်ထက် ပိုမိုသည့်အစုရှယ်ယာများကို ရယူရန် သို့မဟုတ် ထည့်ဝင်ရန် လိုအပ်လာလျှင် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်း ထည့်ဝင်ရမည့်တာဝန်များကို ပိုမိုဖြစ်ပေါ်လာစေခဲ့လျှင် သို့မဟုတ် ကုမ္ပဏီသို့ အခြားနည်းအားဖြင့် ငွေပေးချေရန် ရှိလာခဲ့လျှင် ထိုသို့ပြောင်းလဲပြင်ဆင်မှုသည် ၎င်းတို့အပေါ်တွင် သက်ဆိုင်ခြင်း မရှိစေရ။

သို့ရာတွင် ကုမ္ပဏီတွင် ပါဝင်သူများက ပြောင်းလဲပြင်ဆင်မှုမပြုမီသော်လည်းကောင်း၊ ပြုလုပ်ပြီးသည့်အခါတွင်သော်လည်းကောင်း စာဖြင့် ရေးသားလျက် ထိုပြောင်းလဲပြင်ဆင်မှုနှင့် သက်ဆိုင်စေမည်ဖြစ်ကြောင်း သဘောတူညီကြသည်ဆိုလျှင် ဤပုဒ်မနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၁။ **ကုမ္ပဏီတွင် ပါဝင်သူများသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူများကို ပေးအပ်ရခြင်း**

ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင်ပါဝင်သူများအနက် တစ်ဦးဦးမှ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း မိတ္တူတစ်စောင်ကို တောင်းဆိုလာပါက တောင်းဆိုသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကုမ္ပဏီမှ သတ်မှတ်ထားသည့် သင့်လျော်သောငွေပမာဏကို သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏ မကျော်လွန်စေဘဲ ပေးဆောင်စေလျက်ပေးပို့ရမည်။

၂၂။ ကုမ္ပဏီသည် ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ပျက်ကွက်ခဲ့လျှင် ကျူးလွန်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ(၂)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင် ရမည်။

၂၃။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြောင်းလဲပြင်ဆင်မှုများအား မိတ္တူအားလုံး တွင် မှတ်သားဖော်ပြရခြင်း**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုတစ်ရပ် ပြုလုပ်သည့်အခါတွင် ပြောင်းလဲပြင်ဆင်မှု ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ထုတ်ဝေသည့် အဆိုပါ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူအားလုံးသည် ပြောင်းလဲပြင်ဆင်မှုနှင့်အညီ ဖြစ်စေရမည်။

၂၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြီးသည့်အခါတွင် ကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်မှုကို ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ပြောင်းလဲပြင်ဆင်မှုနှင့်အညီမဖြစ်သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူများကို ထုတ်ဝေခဲ့လျှင် ထိုသို့ထုတ်ဝေခဲ့သည့် မိတ္တူတစ်စောင်စီ အတွက် ပြစ်ဒဏ်ပမာဏ (၂)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။ ထို့အပြင် အဆိုပါပျက်ကွက်မှုကို သိလျက်နှင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ အားလုံး သို့မဟုတ် အခြားအရာရှိများသည်လည်း အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိသည်။

**အခန်း (၆) ကုမ္ပဏီအမည်များ**

၂၅။ **ကုမ္ပဏီအမည်နှင့် အမည်ပြောင်းလဲခြင်း**

(က) ကုမ္ပဏီတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် အမည်ကို မှတ်ပုံတင်ထားသည့် တည်ဆဲ အဖွဲ့အစည်းတစ်ခု၏အမည်နှင့် တူညီသောအမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့်ဆင်တူသော အမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံတင်ပြနိုင်သည့်အခါမှတစ်ပါး မှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) ကုမ္ပဏီတစ်ခုသည် တမင်ကြံရွယ်ချက် သို့မဟုတ် အခြားသော အကြောင်းမရှိဘဲ အထက်တွင်ဖော်ပြထားသော သဘောတူညီချက် မပါရှိဘဲ လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် ယခင်ကမှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲ အဖွဲ့အစည်းတစ်ခု၏ အမည်နှင့် တူညီသောအမည်ကိုသော် လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသောအမည်ကိုသော် လည်းကောင်း မှတ်ပုံတင်ခဲ့လျှင် ဖော်ပြပါ အဖွဲ့အစည်းသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်း၏ ကုမ္ပဏီ အမည်အား ပြောင်းလဲနိုင်သည်။

(ဂ) ပြည်ထောင်စုဝန်ကြီး၏ စာဖြင့်ရေးသားထားသော ကြိုတင်သဘောတူညီချက်ပါရှိသည့် ကိစ္စရပ်မှအပ မည်သည့်ကုမ္ပဏီမဆို အောက်ပါစကားရပ်များ ပါဝင်သောအမည်ဖြင့် မှတ်ပုံတင်ခြင်း မပြုရ -

(၁) "နိုင်ငံတော်အစိုးရ"၊ "နိုင်ငံတော်"၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စု အစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီးဌာန" သို့မဟုတ် မြန်မာ နိုင်ငံတော်အစိုးရ သို့မဟုတ် မြန်မာနိုင်ငံတော်၏ ဝန်ကြီး ဌာန၊ ဦးစီးဌာန၊ ရုံးဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ် က အဆိုပြုသော သို့မဟုတ် ယင်းတို့က ထောက်ခံတင်ပြသော စကားရပ်တစ်ခုခု ပါဝင်သည့် အမည် သို့မဟုတ်

(၂) "စည်ပင်သာယာရေး" သို့မဟုတ် နိုင်ငံတော်အမိန့်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် လူမှုအဖွဲ့အစည်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကဲ့သို့ ယူဆနိုင်သည့် စကားရပ် တစ်ခုခု ပါဝင်သည့်အမည်။

(ဃ) ကုမ္ပဏီတစ်ခုခုသည် အထူးဆုံးဖြတ်ချက် ချမှတ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာ တင်ပြ၍ ယင်း၏အမည်အား ပြောင်းလဲနိုင်သည်။ ကုမ္ပဏီသည် အဆိုပါ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း ထိုအကြောင်းကြားစာကို တင်ပြရမည်။

(င) ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲသည့်အခါတွင် မှတ်ပုံတင်အရာရှိအနေဖြင့် အဆိုပါအမည်သစ်သည် လက်ခံဆောင်ရွက်ပေးနိုင်သည့်အမည်ဖြစ်ပြီး ဤဥပဒေကိုသော်လည်းကောင်း၊ အခြားဥပဒေတစ်ရပ်ရပ်ကို သော်လည်းကောင်း ချိုးဖောက်ခြင်းမရှိကြောင်း တွေ့ရှိရလျှင် အဆိုပါအမည်သစ်ကို မှတ်ပုံတင်စာအုပ်ရှိ ယခင်အမည်၏ နေရာတွင် ထည့်သွင်းရေးသားဖော်ပြရမည့်အပြင် ပြင်ဆင်ချက်များနှင့်အညီဖြစ်စေသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်ခုကို ထုတ်ပေးရမည်။ ကုမ္ပဏီအမည်ပြောင်းလဲမှုသည် အဆိုပါသက်သေခံလက်မှတ်ကိုထုတ်ပေးသည့်အခါတွင် စတင်အကျိုးသက်ရောက်စေရမည်။

(စ) အမည်ပြောင်းလဲပြင်ဆင်ခြင်းသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ) နှင့် (င) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်း မရှိသေးလျှင် အဆိုပါ အမည်ပြောင်းလဲပြင်ဆင်ခြင်းအား တရားဝင် အသုံးပြုနိုင်ခြင်းမရှိ။ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင်ခြင်းမရှိလျှင် အဆိုပါအမည်ပြောင်းလဲ ပြင်ဆင်မှုသည် လုံးဝပျက်ပြယ်သည်။

(ဆ) အမည်ပြောင်းလဲမှုသည် ကုမ္ပဏီ၏အခွင့်အရေး သို့မဟုတ် တာဝန် တစ်စုံတစ်ရာကို အကျိုးသက်ရောက်ခြင်း မရှိစေရ။ အမည် ပြောင်းလဲထားသည့် ကုမ္ပဏီသည် ၎င်းကသော်လည်းကောင်း၊ ၎င်းအပေါ်တွင်လည်းကောင်း တရားစွဲဆို ဆောင်ရွက်မှု တစ်စုံတစ်ရာတွင် ထိခိုက်ခြင်းမရှိစေရ။ ယခင်ကုမ္ပဏီအမည်ဖြင့် ၎င်းအပေါ် ဆက်လက်ပြုလုပ်သော သို့မဟုတ် စတင်ဆောင်ရွက်သော တရားစွဲဆိုမှု တစ်စုံတစ်ရာသည် ကုမ္ပဏီ၏ အမည်သစ်ဖြင့်လည်း ဆက်လက်ဆောင်ရွက်နိုင်သည်။ **ဆက်လက်ဖော်ပြပါမည်။**

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၁၄ - ၁ - ၂၀၁၇ မှ ၂၀ - ၁ - ၂၀၁၇ အထိ)

Vol.2 No-3

အပတ်စဉ် စနေနေ့တိုင်း TV Guide မှစီစဉ် ထုတ်ဝေသည်။







LADIES 4 HD

## Grandpa Over The Flower

(Every Wednesday 10:00 pm) 11.1.2017

ဤအစီအစဉ်သည်အသက်၆၀ ကျော် အဘိုးလေးယောက်နှင့်မင်းသား လီဆောဂျင်းတို့ ပြင်သစ်နိုင်ငံပါရီမြို့မှစ၍ ဆွစ်ဇာလန်၊ ဂျာမနီ အစရှိသည့် ဥရောပနိုင်ငံများမှ အထင်ကရ နေရာများကိုသွားရောက်လည်ပတ်ကာ ရိုက်ကူးထားသောအကြောင်းအရာဖြစ်ပါသည်။ ဤအစီအစဉ်တွင်ပါဝင်ကြသော သရုပ်ဆောင်မင်းသားကြီးများသည် အသက်ကြီးသော်လည်း ဖွံ့မလျော့ဘဲ မြင်မြင်သမျှ ဒေသန္တရ ရှုမျှော်ခင်းများကို လိုက်လံမှတ်သားကာ ပျော်ရွှင်စွာလည်ပတ်ပုံများကိုစိတ်ဝင်စားဖွယ် ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပါသည်။

သာယာလှပသောရှုမျှော်ခင်းများ ခေတ်မီဆန်းပြားသောနေရာများ လည်ပတ်အနားယူစရာ နေရာများကိုအပြည့်အဝ ရှုစားကြည့်မြင်နိုင်မည့် ကမ္ဘာတစ်လွှားခရီးသွား အစီအစဉ်ကောင်းတစ်ခု ဖြစ်ပါသည်။





## Star King

21.1.2017 Every satursday 6:00 pm

Star King အစီအစဉ်သည် တခြားသော Entertainment Program များနဲ့မတူဘဲ နိုင်ငံကျော် ပြည်သူ့အချစ်တော်ဟာသ သရုပ်ဆောင် ဂန်းဟိုဒုံ (Kang Ho Dong) မှ အဓိက အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ဆောင်ရွက်ပြီး ယနေ့လက်ရှိနာမည် အကျော်ကြားဆုံးသော အနုပညာရှင်၊ သရုပ်ဆောင်များနှင့်တကွ လာရောက်ယှဉ်ပြိုင်သော ထူးခြားစွမ်းရည်ပိုင်ရှင်များအား အကဲဖြတ်အမှတ်ပေးနိုင်သော နယ်ပယ်ဒေသအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များအားဖိတ်ခေါ်ပြီး ထူးခြား အံ့သြဖွယ်၊ လေ့လာမှတ်သားဖွယ်၊ အားကျအတုယူဖွယ်၊ ရင်သပ်ရှုမောဖွယ် ရိုက်ကူး တင်ဆက်ထားသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။

## ဘဝကြယ်တံခွန်

10.1.17 - 20.2.17 Every Monday and Tuesday 9:00 pm

Riders သည် အချစ်ဇာတ်လမ်း ဒရာမာဖြစ်သော်လည်း ဇာတ်ကား၏အဓိက ကျောရိုးမှာ လူငယ်တို့အတွက် အခွင့်အလမ်း နည်းပါးသော မျက်မှောက်ခေတ်အခြေအနေနှင့် အတူ အောင်မြင်နိုင်ခြေ ၁ ရာခိုင်နှုန်းသာ ရှိသော်ငြား မိုက်ရူးရဲစွာစွန့်စားတတ်သည့် လူငယ်တို့ သဘာဝကို ဟာသလေးများနှင့်အတူ ရွှင်မြူးဖွယ်တင်ဆက်ထားသည့် ဇာတ်လမ်းကောင်း ဖြစ်ပါသည်။



SPORTS

## ပရိသတ်တွေလက်လွတ်မခံသင့်ဘဲစောင့်ကြည့်ရမယ့် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပတဲ့ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲဟာ ၂၀၁၇ ဘောလုံးရာသီကို ကျင်းပတော့မှာဖြစ်ပါတယ်။ ရှိုင်းယူနိုက်တက်အသင်းဟာ ၂၀၁၇ ရာသီအဖွင့်ပွဲစဉ်အဖြစ် ဆောက်သမ်းမြန်မာအသင်းနဲ့ ပွဲစဉ်ကို စစ်တွေမြို့ ဝေသာလီကွင်းမှာယှဉ်ပြိုင်မှာဖြစ်ပြီး ကွင်းဖွင့်ပွဲ အခမ်းအနားတွေနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ ရခိုင်ယူနိုက်တက်အသင်းနဲ့ ဆောက်သမ်းမြန်မာအသင်းတို့ပွဲစဉ်ဟာ ဇန်နဝါရီလ ၁၄ ရက်နေ့ စနေနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး for SPORTS ရုပ်သံလိုင်းကနေ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။

ဇန်နဝါရီလ ၁၅ ရက်၊ တနင်္ဂနွေနေ့မှာလည်း နောက်ထပ်ပွဲစဉ် တစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနဲ့ မကွေးအသင်းတို့ဟာ ရန်ကုန်မြို့ ရန်ကုန်ယူနိုက်တက်အသင်းရဲ့ မြက်ခင်းတုကွင်းမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး for SPORTS ရုပ်သံလိုင်းကနေ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။ ရန်ကုန် ယူနိုက်တက်အသင်းနဲ့ မကွေးအသင်းတို့ဟာ မြန်မာနေရှင်နယ်လိဂ်မှာ အစဉ်လာရှိတဲ့အသင်းတွေဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းဟာ တကျော့ပြန်အောင်မြင်မှုတွေရရှိဖို့ ပြင်ဆင်မှုတွေပြုလုပ်ထားသလို မကွေးအသင်းကလည်း MFF Charity Cup ပြိုင်ပွဲမှာ ဗိုလ်စွဲပြီး သူတို့ရဲ့ခြေစွမ်းထက်နေမှုကိုပြသထားပါတယ်။

### 2017 Myanmar National League

14.1.2017

| | | |
|---|---|---|
| 3:30 PM | Shan United FC Vs. Nay Pyi Taw | Taungyi |
| 3:30 PM | Rakhine United FC Vs. Southern Myanmar FC | Waithari |
| 3:30 PM | Hantharwady United FC Vs. Zwekapin United FC | Taungoo |

15.1.2017

| | | |
|---|---|---|
| 4:00 PM | Yangon United FC Vs. Magwe FC | Aung San |
| 3:30 PM | Ayeyawady United FC Vs. GFA | Pa Thein |
| 4:00 PM | Chin United FC Vs. Yadanarbon FC | Y.T.C |

## for CINEMA2 တွင် ကြည့်ရှုရမည့် မြန်မာဇာတ်ကားကောင်းများ

CINEMA2

7:44 PM,15.1.2017
**ပင်လယ်ရေချိုမြစ်နှမ္မာခန်း**
နေတိုး၊ သက်မွန်မြင့်၊ ညီထွဋ်ခေါင်၊ နေဆန်း၊ စိုးမိုးကြည်၊ ဆုထက်ကုမ္မေ၊ ရွှန်းပြည့်ပိုင်၊ တင်ဇာဝင်းပြည့်ဖော်ဦး

7:04 PM,17.1.2017
**မိုင်လေဒီ**
ဟိန်းဝေယံ၊ ဖွေးဖွေး၊ မိုခမ်း၊ ထွန်းထွန်းဝင်း၊ အေးသီတာ

7:21 PM,19.1.2017
**ငပွေး**
မြင့်မြတ်၊ ချမ်းမီမီကို၊ မေသဥ္ဇာဦး၊ ရော၊ မန်းဝင်း၊ ကေညီ









4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

## 4TV ၏ တစ်ပတ်တာကြည့်ရှုရေးအစီအစဉ်ကောင်းများ

( ၁၄ - ၁ - ၂၀၁၇ မှ ၂၀ - ၁ - ၂၀၁၇ အထိ)

**High Definition ရုပ်သံလိုင်းများ** | **ရုပ်ရှင် ရုပ်သံလိုင်းများ**

### ၁၄ . ၁ . ၂၀၁၇ (စနေနေ့)

4HD 2 | 05:00 PM | Ong Bak 2




Fox Family Movies | 03:30 PM | The Legend Of Sarila




**For CINEMA 2**
- 11:19 AM နွတ်မဆက်တမ်း — အောင်ရဲလင်း၊အိန္ဒြာကျော်ဇင်
- 5:48 PM မာယီရှိန်း — နေတိုး၊ရန်အောင်၊ အိန္ဒြာကျော်ဇင်၊သင်ဇာဝင့်ကျော်

**5 သုခမ**
- 8:04 PM အချစ်လား လာထား — မင်းမော်ကွန်း၊ခန့်စည်သူ၊ မိုးအောင်ရင်၊ကျော်ကျော်ဗိုလ်၊ အိန္ဒြာကျော်ဇင်၊နိုင်သင်းကြည်၊ မယ်လိုဒီ၊စိုးပြည့်သဇင်

### ၁၅ . ၁ . ၂၀၁၇ (တနင်္ဂနွေနေ့)

For Ladies HD | 11:00 AM | Family Outing




5 သုခမ | 06:22 PM | နှင်းခါးပိုင်




**For CINEMA 2**
- 9:43 AM အချစ်ချိုချို ဘဝခါးခါး — မင်းမော်ကွန်း၊သဇင်၊ စန္ဒီမြင့်လွင်၊အေးသင်ချိုဆွေ
- 12:12 PM ပျော်ပျော်ပါးပါးပေါ့ — ကောင်းပြည့်၊ခင်ဝင့်ဝါ၊ ထက်ရှိုင်း


**5 သုခမ**
- 6:22 PM နှင်းခါးပိုင် — နေတိုး၊ဝတ်မှုံရွှေရည်
- 8:28 PM ပုဂံမှာသာတဲ့လ — ရန်အောင်၊မေသန်းနု

### ၁၆ . ၁ . ၂၀၁၇ (တနင်္လာနေ့)

4HD | 07:00 PM | The Jungle Book



For Cinema | 08:10 PM | Phil Spector




**For CINEMA 2**
- 10:03 AM နှလုံးသားပိုင် — မင်းမော်ကွန်း၊သဉ္ဇာနွယ်ဝင်း
- 1:26 PM ကရုပ်ကလေး — နေတိုး၊ချစ်သုဝေ

**5 သုခမ**
- 8:47 PM တားရော့ — မြင့်မြတ်၊ဟန်လင်းသန့်၊ မိုးဟေကို

### ၁၇ . ၁ . ၂၀၁၇ (အင်္ဂါနေ့)

Fox Movies | 07:30 PM | Walking Tall




5 Movies | 08:05 PM | Star Trek Beyond





**For CINEMA 2**
- 7:04 PM မိုင်ဝေဒီ — ဟိန်းဝေယံ၊ဖွေးဖွေး


**5 သုခမ**
- 6:55 PM မကြွေပါနဲ့ ဆာကူရာ — အောင်ရဲလင်း၊ပတ်ထရစ်ရှာ
- 8:51 PM ဂန္ဓာရီနှင်းဆီ — ဟိန်းဝေယံ၊ရဲသီဟကို၊ မေသန်းနု၊သက်မွန်မြင့်

### ၁၈ . ၁ . ၂၀၁၇ (ဗုဒ္ဓဟူးနေ့)

4HD 2 | 08:30 PM | Die Hard-1




Fox Family Movies | 04:55 PM | Annabelle Hooper And The Ghosts Of Nantucket




**For CINEMA 2**
- 12:04 PM ချစ်သူ့ရဲ့ပုခုံးတစ်ဖက် — လွင်မိုး၊ပြေတီဦး၊နဝရတ်၊ ချစ်စနိုးဦး


**5 သုခမ**
- 1:47 PM ရင်တွင်းဆူးနစ် — နေတိုး၊မိုးဟေကို
- 10:04 PM အချစ် (သို့) ကျိုင် — စည်ဖြိုး၊သားညီ၊ပိုင်ဖြိုးသု

### ၁၉ . ၁ . ၂၀၁၇ (ကြာသပတေးနေ့)

4HD | 07:00 PM | I'm in Love with a Church Girl




For Cinema | 09:36 PM | The Book Of Life



**For CINEMA 2**
- 10:11 AM ကုဋေရှစ်ဆယ်သူဌေးသမီးနှင့်အမှိုက်ကောက်ဆရာ — ကောင်းပြည့်၊ထွန်းကိုကို၊ မိုးဟေကို

**5 သုခမ**
- 7:29 PM တခါ တရံ သူ — နေတိုး၊ဝိုင်းစုခိုင်သိန်း

### ၂၀ . ၁ . ၂၀၁၇ (သောကြာနေ့)

Fox Movies | 07:30 PM | Spectre




5 Movies | 05:30 PM | Captain America: Civil War



**For CINEMA 2**
- 2:13 PM တိမ်တွေပေါ်မှာနေချင်တယ် — ဖြိုးငွေစိုး၊မိုးပြည့်ပြည့်မောင်
- 9:39 PM အပိုင်ကွက် — ဖေရဲထက်၊ရဲအောင်၊ အိချောပို၊ယွန်းရွှေရည်

**5 သုခမ**
- 12:21 PM ချစ်ဦးမေ — နေမင်း၊ချစ်သုဝေ

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

## 4TV ၏ တစ်ပတ်တာ ကြည့်ရှုရေး အစီအစဉ်ကောင်းများ

(၁၄ - ၁ - ၂၀၁၇ မှ ၂၀ - ၁ - ၂၀၁၇ အထိ)

### အားကစားရုပ်သံလိုင်းများ

**Fox Sports 2** — 2:30 AM — Latin America Amateur Championship 2017 (LIVE)




**Fox Sports 3** — 5:50 PM — Dutch Eredivisie 2016-17 Roda JC Kerkrade VS Feyenoord Rotterdam (LIVE)



**Fox Sports** — 6:30 AM — Australian Open Tennis 2017 Round 1 (LIVE)





**Fox Sports 3** — 8:30 AM — FOX College Basketball 2016-17 Providence VS Georgetown (LIVE)



**Fight Sports** — 4:30 PM — 1:00:00 FIGHT SPORTS MMA Dricus Du Plessis vs. Bruno Mukulu




**Fox Sports 2** — 6:30 AM — Australian Open Tennis 2017 Round 2 (LIVE)



**Fox Sports 3** — 5:30 PM — 2016 Kabaddi World Cup - Highlights Group Stage, India vs Australia



### သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ

**National Geographic Channel** — 8:30 PM — Going Deep With David Rees





**Nat Geo Wild** — 9:00 PM — Sea of Hope : America's Underwater Treasures



**National Geographic Channel** — 11:00 AM — Killing Lincoln





**History** — 12:30 PM — The Obama Legacy




**Crime & Investigation** — 4:45 PM — 60 Days In (S1) Shakedown




**Discovery Channel** — 5:40 PM — I Genius How Steve Jobs Changed The World




**Animal Planet** — 2:00 PM — Swamp Brothers



### ဖျော်ဖြေရေး ရုပ်သံလိုင်းများ

**4 for KIDS** — 11:10 AM — Teen Titan Go season 1




**5 ကစ္စန်** — 08:55PM — Snow White And The Huntsman




**TLC** — 07:30 PM — Hayden Quinn: South Africa



**AXN** — 07:35 PM — Killjoys (Season 1)



**ANIMAX** — 06:30 PM — Handa-Kun




**4 for KIDS** — 09:42 AM — Zambezia




**5 ကစ္စန်** — 09:00 PM — The Good Dinosaur



